# တရားမှန်တော်ကြီး

အရှင်အာဒိစ္စဝံသ

# ဘုရားမှန်တော်ကြီး

ပဌမ ၈ တွဲ:

...တော်ပုံနှိပ်တိုက် အမှတ် ၁၅၀ - ဗိုလ်ချုပ်လမ်း
ရန်ကုန်မြို့

၇၉၀၀

အရှင် အာဒိစ္စဝံသ မထေရ်

ဦရှန် ရေးသားအပ်သော

ဗုဒ္ဓဘာသာ တို့၏ လက်သုံး

တရားမှန်တော်ကြီး ၁၆-တွဲ အနက်

# တရားမှန်တော်ကြီး

## ပထမ ရှစ်တွဲ

ဤစာအုပ်ကို စေ့စေ့ စပ်စပ် သေသေ ချာချာဖတ်ပါ။

ခဏ ခဏ ထပ်ကာ ထပ်ကာ နားလည်သည်ထိ ဖတ်ပါ။

နားမလည် မခြင်း ဖတ်ပါ။

နားလည်မှ ကိုယ်ကျိုးရ ဖြစ်မည်။

---

၁၃၁၄-ခု၊ တပို့တွဲလ၊

စာကြည့်တိုက်

# တရားမှန်တော်…း

## ပထမ ၈-တွဲ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | ကျိုးအကြောင်းဖေါ်ပြချက် ..... ...... ..... | တ-ည |
| ၁။ | ပထမခဏ်း-ကံတော့ ပူဇော်နည်း။ ...... | ၁-၂၃ |
| (၁) | ညွှန်ကြားချက် ...... ...... | ၁-၄ |
| (၂) | ဩကာသ ဝိစစ်ချက် ...... ...... | ၄-၇ |
| (၃) | ဩကာသ အဒဖြကျဉ်း ...... ...... | ၈-၁၂ |
| (၄) | ကံတော့ ပူဇော်နည်းများ ...... ...... | ၁၃-၁၆ |
| (က) | ရတနာသုံးပါး ရှိခိုးပူဇော်– – | ၁၃ |
| (ခ) | ရတနာသုံးပါး အပြစ် ယုံမှား ကံတော့– | ၁၃ |
| (ဂ) | ဆရာမိဘစသည် အပြစ် ယုံမှား ကံတော့- | ၁၄ |
| (ဃ) | ဆရားသမား အပြစ် ယုံမှား ကံတော့– | ၁၄ |
| (င) | ရတနာသုံးပါး အပြစ် ဝန်ချ ကံတော့– | ၁၅ |
| (စ) | ဆရာသမား ပြစ်မှား ဝန်ချ ကံတော့– | ၁၅ |
| (ဆ) | ဆရာမိဘ အပြစ်ဝန်ချ ကံတော့- | ၁၆ |
| (၅) | ကန်တော့ပူဇော် ဆုပေးနည်းများ။ | ၁၇-၂၀ |
| (က) | ရှိခိုး ပူဇော် ဆုပေး- | ၁၇-၁၈ |
| (ခ) | ပူဇော် ရှိခိုးဝန်ချ ဆုပေး- | ၁၈-၁၉ |
| (ဂ) | အပြစ် ဝန်ချ ကံတော့ဆုပေး– | ၁၉-၂၀ |
| (၆) | ကံတော့ ပူဇော်နည်းညွှန် ...... | ၂၁-၂၃ |

၂။ ဒုတိယခန်း-ဂုဏ်တော်နှင့်သရဏဂုံ ပဋ္ဌာန် ၂၅-၃၉

(၇) ဘုရား ဂုဏ်တော် ..... ၂၇-၂၈

(၈ တရား ဂုဏ်တော် ..... ၂၉-၃၀

(၉) သံဃ ဂုဏ်တော် ..... ၃၀-၃၂

(၁၀) ရတနာ့ပြယ ပဋ္ဌာန -၃၂

(၁၁) ငါးပါး သီလ ဆောက်တည်နည်း ..... ၃၃-၃၇

(က) သရဏဂုံ သီလ ဆောင်ခြင်း- ၃၃

(ခ) ဗုဒ္ဓပူဇာ ၃၃

(၁၂) သရဏဂုံ ကိုးကွယ်ခြင်း ..... ၃၃-၃၅

(၁၃) ငါးပါး ပဋ္ဌာန် ..... ၃၅-၃၇

(၁၄) တရားမှန် တော်ကြီး ..... ၃၇-၃၉

၃။ တတိယခန်း သီလ မှတ်ချက်သုံးနည်း ၄၁-၅၈

(၁၅) ရှစ်ပါး သီလ ဆောက်တည်နည်း ၄၃-၄၆

(က) သရဏဂုံ [illegible] ၄၃

(ခ) ဗုဒ္ဓပူဇာ- ၄၄

(ဂ) သရဏဂုံ [illegible] ၄၃-၄၅

(ဃ) ရှစ်ပါး [illegible] ၄၅-၄၆

(၁၆ ဥပုသ်ကျင့်သုံးနည်း ..... ၄၆-၅၁

(၁၇) နဝင်္ဂ ဥပုသ် သီလ ဆောက်တည်နည်း ၅၁-၅၃

(၁၈) ဒသင်္ဂ သီလ ဆောက်တည်နည်း ၅၄-၅၅

(၁၉) အပါယ်လွတ် သီလ ဖြစ်မြောက်ရေး ၅၆-၅၈

၄။ စတုတ္ထခန်း ဒုစရိုက်-သုစရိုက် နှင့် ကံ ၅၉-၇၃

(၂၀) ဒုစရိုက် ဆယ်ပါး ၆၁-၆၂

(က) ကာယကံ ၃ မျိုး ၆၁

(ခ) ဝစီကံ ၄ မျိုး ၆၁

(ဂ) မနောကံ ၃ မျိုး ၆၂

(၂၀) သုစရိုက် ဆယ်ပါး ၆၂-၆၃
(က) ကာယကံ ၃ မျိုး ၆၂
(ခ) ဝစီကံ ၄ မျိုး ၆၃
(ဂ) မနောကံ ၃ မျိုး ၆၃
(၂၂) ကံ၏ဝေဖန်ချက် ၆၄-၆၇
(၂၃) ကံ၏ ကောင်းကျိုး ဆိုးပြစ် ၆၈-၇၀
(၂၄) သမ္ပတ္တိနှင့် ဝိပတ္တိ ၇၁-၇၄
၅။ ပဉ္စမခန်း-ပုညကြိယာ-ဒါနသီလဘာဝနာ ၇၅-၉၂
(၂၅) ပုညကြိယာ ဆယ်ပါး ၇၇-၇၈
(၂၆) လှူရေး တန်းမှု ၇၈-၈၀
(၂၇) စောင့်ထိန်း ကျင့်ဆောင်မှု ၈၁-၈၃
(၂၈) စိတ် ပွါးများရေးလုပ်ငန်း ၈၄-၈၇
(၂၉) ဗုဒ္ဓဘာသာ ရေစက်ချနည်းများ ၈၈-၉၂
(က) သာမည ရေစက်ချ ၈၈-၈၉
(ခ) သမ္မာသမ္ဗောဓိ ရေစက်ချ ၈၉-၉၀
(ဂ) ပစ္စေကဗောဓိ ရေစက်ချ ၉၀
(ဃ) အဂ္ဂသာဝကရေစက်ချ ၉၁
(င) မဟာသာဝကဗောဓိ-ရေစက်ချ- ၉၁-၉၂
၆။ ဆဋ္ဌမခန်း-ခန္ဓာ အာယတန ဓါတ် သစ္စာ ၉၃-၁၁၀
(၃၀) ကိုယ်အစု ငါးမျိုး ၉၅-၁၀၅
(က) ရုပ်အစု ၉၅-၉၇
(ခ) ဝေဒနာအစု ၉၇
(ဂ) သညာ အမှတ်အစု ၉၈
(ဃ) သင်္ခါရ အစု ၉၈-၁၀၀
(င) ဝိညာဉ်အစု ၁၀၁-၁၀၅
(၃၁) အာယတနနှင့် ဓါတ် ၁၀၅-၁၀၇
(၃၂) အရိယာသစ္စာ အမှန်တရား ၁၀၈-၁၁၀

၇။ သဥ္စာနှင့်ခဏ်း- ပဋိစ္စသမုပ္ပါဒ် ခဝဖန်ချက် ၁၁၀-၁၂၈

(၃၃) ပဋိစ္စ သမုပ္ပါဒ်အကျဉ်း ၁၁၃-၁၁၆

(က) ပါဠိ နှင့် မြန်မာ ၁၁၄

(ခ) သံသရာစက် ၁၁၅-၁၁၆

(၃၄) ပဋိစ္စသမုပ္ပါဒ်အကျယ် ၁၁၆-၁၂၈

၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ၁၁၆-၁၁၇

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ ၁၁၈

၃။ ဝိညာဏ ပစ္စယာ နာမရူပံ ၁၁၈-၁၂၀

၄။ နာမရူပ ပစ္စယာ သဠာယတနံ ၁၂၀

၅။ သဠာယတန ပစ္စယာ ဖဿော ၁၂၁

၆။ ဖဿပစ္စယာ ဝေဒနာ ၁၂၁-၁၂၂

၇။ ဝေဒနာ ပစ္စယာ တဏှာ ၁၂၂

၈။ တဏှာ ပစ္စယာ ဥပါဒါနံ ၁၂၃-၁၂၄

၉။ ဥပါဒါန ပစ္စယာ ဘဝေါ ၁၂၄-၁၂၅

၁၀။ ဘဝပစ္စယာ ဇာတိ ၁၂၅

၁၁။ ဇာတိပစ္စယာ ဇရာ မရဏံ ၁၂၅

(၃၅) သံသရာစက်ဖြတ်ရေး ၁၂၆-၁၂၈

၈။ ... -ဘုံပုဂ္ဂိုလ်နှင့်ချမ်းသာဆင်းရဲ ၁၂၉-၁၄၄

(၃၆) ဘုံ နှင့် ပုဂ္ဂိုလ် ၁၃၁-၁၃၃

(၃၇) ပုဂ္ဂိုလ် နှင့် စိတ် ၁၃၄-၁၃၅

(၃၈) ပဋိသန္ဓေ နှင့်ကမ် ၁၃၅-၁၃၈

(၃၉) ဘုံ ပုဂ္ဂိုလ် နှင့် အသက် ၁၃၈-၁၃၉

(၄၀) ချမ်းသာ နှင့် ဆင်းရဲ ၁၄၀-၁၄၄

၁၀။ နိဂုံး ...

(က) အရှင်အဒိစ္စဝံသ အထုပ္ပတ္တိ ၁၄၅-၁၄၆

(ခ) အရှင်အဒိစ္စဝံသ ဆုတောင်း ၁၄၆-၁၅၀

# ကျမ်းကြောင်းဖေါ်ပြချက်။

ဘုရားရှင်၏ ကိုယ်တော် ကိုယ်တိုင် အလား သတ္တဝါ အများကို တရားမှန် သိစေတော်မူခြင်း သိစေအောင် ဟောညွှန်တော်မူခြင်း ဂုဏ် ကျေးဇူးသည် ဆုံးဆ ပိုင်းခြား မရှိသော ကောင်းကင် ပြင်ကြီး အလား ကြီးမား ကျယ်ပြန့်လှ၏၊ ထိုသည့် ဘုရား ရှင်၏ ဂုဏ်တော် ကျေးဇူးတော်ဖြင့်ပင် ကျွန်ုပ်တို့၏ ဘဝ ပေါင်း အသင်္ချေ မရေမတွက်နိုင်သော ကာလပတ်လုံး အဆုံး အပိုင်းအခြား မရှိသော ဆင်းရဲ အထွေထွေမှ လွတ်ကင်း၍ ချမ်းသာခြင်း အထွေထွေကို မရေမတွက် နိုင်အောင် မြောက်မြားစွာ ကျွန်ုပ်တို့မှာ ရရှိ၏။

တရားမှန် ဟူသည် အဘယ်အရာနည်း?၊ ဤလောက ကြီးသည် ချမ်းသာသည့်ရာ မဟုတ်၊ ဆင်းရဲဘုံကြီး ဆင်းရဲခံရာဌာန ဒေသကြီး တည်း။ လောကသူ များ သည်လည်း ဆင်းရဲကိုသာ ခံစားနေကြသည်၊ ထိုသို့သော ဆင်းရဲဘုံနှင့် ဆင်းရဲသော လူ နတ် အဖြစ်ကိုလည်း မိမိတို့ ကြိုက်နှစ်သက် လိုလားကြ၍ပင် ရရှိကြကုန်၏၊ ၎င်းအလို ကို ပယ်စွန့်ကြမှ ထိုသည့် ဆင်းရဲမှ လွတ်ကင်းသည် ဟူသော တရားမှန်ကို ဖေါ်ပြလေသည်။

ဤသည့် ဘုရားရှင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့ အပေါ်၌ အဆုံး အဆ အပိုင်း အခြား မရှိသော ကောင်း ကင်ပြင်ကြီး ပမာ လွန်စွာကျယ်ပြန့်လှ၏၊ ထိုသို့ များပြား

သော ဘုရား၏ ကျေးဇူးဖြင့်ပင် ကျွန်ုပ်တို့သည် သံသရာ ဆင်းရဲ အစားစားမှ လွတ်နိုင်ကြ၍၊ ချမ်းသာ အမျိုးမျိုး ကို ရနိုင်ကြ၏။

ဆင်းရဲဟူသည် အပါယ်လေးပါးဆင်းရဲ၊ ပဋိသန္ဓေ နေရခြင်း၊ အိုမင်းရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေး ရခြင်း၊ ကိုယ် စိတ် ဆင်းရဲ ရခြင်း၊ ပြင်းစွာပင်ပန်းရခြင်း၊ ဆင်းရဲများတည်း။

ချမ်းသာဟူသည် သေဌေး သူကြွယ် ပဒေသရာဇ် ဧကရာဇ် စကြာမင်း နတ်မင်း၊ ဗြဟ္မာမင်းများ ဆိုင်ရာ လောက ချမ်းသာနှင့် သောတာပတ္တိမဂ် အစရှိသော ချမ်းသာမျိုးတည်း။

ယင်းသည့် ဆင်းရဲလွတ်ရေး ချမ်းသာရရေး တရား များကား ဘုရားဟောညွှန်၍သော လောကနေသူ လူ နတ် ဗြဟ္မာတို့ အသိဉာဏ်သို့ ရောက်ခဲ့လေသည်။

ထို့ကြောင့် ဆင်းရဲကင်းရေး ချမ်းသာရရေး ကျင့်ဝတ် တရားမှန်တော်ကြီးများကို ဘုရား ဟောညွှန်တော် မူတိုင်း ဘုရားအလိုတော်ကျ ရေးသားပေးတော်မူပါဟု ရန်ကုန်မြို့ မဒရကုန်း ကျောင်းဆရာကြီး ဦးဘိုးလှ တို့ တောင်းပန်ချက် အရ အရှင်အာဒိစ္စဝံသမထေရ် ပြုစုသည်၊ တရားမှန်တော် ကြီး ၁၆ - ပါး နှင့် ဝေဘာရီး ကျမ်းပေါင်း- အခန်း ၁၊ နှင့်ပေါင်း ပွတ်နှင့်တကွ ၁၈ ခန်း ရေးသား ထားခဲ့လေ သည်။

၎င်းတို့ကို စစ်မဖြစ်မီ- ၁၃၀၂- ခုနှစ်မှစတင်၍ ရန်ကုန်မြို့ မဇ္ဈိမကုန်း—ဝိဇယ ပုံနှိပ်တိုက်မှ ၁-တွဲမှ—၁-တွဲ.မှ ၆-တွဲ၊ အထိ ရိုက်နှိပ်ပြီးစီးခဲ့လေပြီ။ ၎င်းနောက် အရှင်ပညာဇောတ က ၇-တွဲ-၈-တွဲအထိ ဆက်လက် ရိုက်နှိပ် ခဲ့လေသည်၊

၎င်းနောက် စစ်ပြီးခေတ်တွင် ရွှေမြို့တော် ပုံနှိပ်တိုက်မှ ၁၆- အတွဲထိ ရိုက်နှိပ်ပြီးစီးခဲ့လေပြီ။

သို့သော်လည်း ရှေ့ပိုင်း စာအုပ်သစ်များကို ရိုက်စဉ် နောက်ပိုင်း စာအုပ်များကကုန်ပြန့်၊ နောက်ပိုင်းစာအုပ်များ ပို ထပ်ရိုက်စဉ် ရှေ့ပိုင်းစာအုပ်များကကုန်ပြန် ဖြစ်နေရသော ကြောင့် အစဉ်အလိုက် တရားကိုးဘည်း ကြည့်ရှုရမည့်ကြောင်း အာ ချောင်း ရှိသော စကားတို့ ကြောင်းသိနိုင်ရန် အရ အရှင် အာဒိစ္စဝံသ ကျောင်း တိုက် အုပ်ဘုန်းတော်- အရှင် ပညာ ဇောတက ပထမတွဲ၊ ၂- ဒုတိယတွဲ၊ သိ-၈- တွဲ ကို တပေါင်း တည်း ပြု၍ ရိုက်နှိပ်အပ်ပါသတည်း။

သို့ ရိုက်နှိပ်ရာ၌၊ အရှင်အာဒိစ္စဝံသ အရှင်မြတ် မှလ ရေးသားခဲ့သောစကားချီး ဘျင်းစပျိုး အခန်း (၁) မှာ မူရင်း-တွေ့ ပျောက်ဆုံးနေပါသဖြင့် ထည့်သွင်းပုံနှိပ်ခြင်း မပြု ရသည်ကို ဝမ်းနည်းပါသည်။ မူကျဲးလက်ခံရှိနေသူတို့သည် ထိုပျောက်ဆုံးနေသော တရားမှန်တော်ကြီးကျမ်း ဦးစကား ချီး ဘျင်းစပျိုးကို ကူးနှိပ်တို့ထံပေးပို့ပါက နောက်အကြိမ် ထည့်သွင်းရိုက်နှိပ်နိုင်မည်ဖြစ်၍ များစွာ ကျေးဇူး တင်ပါ မည်။

နိဂုံး ကရွတ် အရှင်အာဒိစ္စဝံသ အဏ္ဏပ္ပတ္တိ နှင့် ဆရာတော်ဦး ကြေးကိုလည်း ဤစာအုပ် နောက်ဆုံးပိုင်းတွင် ဗဟုသုတ လိုသောသူတို့အလို့ငှါ ထည့်သွင်း ပုံနှိပ်ထားအပ်ပါသတည်း။

အထုပ်အမား လုပ်ငန်းများ ပေါ့လျော့ ထပ်ဟင်း၍ ဤစာအုပ်တွင် အမှားအယွင်းများ ပါရှိနေသည်ကို သည်းခံ ခွင့်ပြု ပြင်ဆင်ကြည့်ရှုကြရန် တောင်းပန်အပ်ပါသည်။

ဦးမိုးလှိုင်
အမှတ်—၁၅၁ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။
၁၃၁၇— တပို့တွဲလဆန်း ၅ ရက်။

# ကံဆော့ပူဇော်နည်း။

## ၁။ ညွှန်ကြားချက်

မြန်မာဘာသာ လူရေးလောကတွင် တဦးသော ပုဂ္ဂိုလ် အပေါ်၌ တဦးသော ပုဂ္ဂိုလ်က လွန်ကျူး ဖြစ်ပွား မိသော်ငြား အပြစ်ကို ဝန်ချခြင်း၊ အပြစ်ဟု ဝန်ခံခြင်း၊ မှားမိပါသည်ဟု ကန်တော့ခြင်း အလေ့အထသည် များစွာ ကောင်းမွန်သောနည်းနာ တခု ဖြစ်လေသည်။ ဤလောက၌ တဦးနှင့်တဦး တယုံ ဘာသာ ကိုယ်ဖြင့် ဆက်ဆံ ဆိုနည်းမိရာတွင် ကိုယ် နှုတ် စိတ် လွန်ကျူး ဖြစ်ပွား ချက်များ ဖြစ်တတ်လေသည်။ ထိုသို့သော အပြစ်များမှာ အေးငယ် ရှားသည်ပင် ဖြစ်စေကာ၊ ဖြစ်ပွား လွန်ကျူး၍ မှားတော်သော အလွန်အကြူးခံရသူမှာ ခွင့်လွှတ်နိုင် ဖြစ်စေသည်။ သည်း မခံနိုင်၍ ခုခံ ပြောဆိုသော အချုပ်ချင်း ညှိနှိုင်း ဖြစ်တတ်လေသည်။ ယင်းသို့ အမှားဖြင့် လင်နှင့် မယား၊ သားသမီးနှင့် မိဘ၊ ဆရာနှင့် တပည့်၊ သခင်နှင့် ကျွန်၊ အလုပ်သမားနှင့် အလုပ်ရှင် အချင်းချင်းတို့ တဦးနှင့် တဦး တွေ့ မရှုဖြင်း၍ ရိုက်ရန် ဖြစ်ပွား ကြသည်မှာ အမှန် အားဖြင့် တဦးဦးက လွန်ကျူး ဖြစ်မှားမိ၍ ထိုသည့် အပြစ်ကို လျှော့ရှင်း လင်းပုံ မနေရာ မကျ၍ပင် ဖြစ်ရလေသည်။

ထို့ကြောင့် အဖြစ်ကို လွန်ကြူးတတ်ခြင်း, ထိုအဖြစ်ကို ထုချေမှု နေရာမကျခြင်း, သို့မဟုတ် အဖြစ်ကို အဖြစ်ဟု ဝန်မခံတတ်ခြင်းကို ခိုက်ရန် ဖြစ်ပွါးကြောင်းဟု စစ်စစ် မှတ်သင့်၏၊ ထို့ပြင် လွန်ကြူး သည်ကို ခံရသူ ဖက်မှလည်း သည်းခံရေး ညံ့ဖျင်းခြင်း, အစော အကြော အပြော အဆို နေရာ မကျခြင်း ဤနှစ်မျိုး ကြောင့်လည်း ခိုက်ရန် ငြင်းခုံ ဖြစ်ပွါးနိုင်လေသည်၊ ယင်းသို့ အားဖြင့် နှစ်ဦး နှစ်ဖက် ညီညွတ်ခြင်း မဖြစ်မူ၍ ကွဲပြား ကြရသည်မှာ အမှန် အားဖြင့် အဖြစ်ကို အဖြစ်ဟု ဝန်မခံ တတ်ခြင်းကြောင့် ဖြစ်လေသည်၊ အကြောင်းကား လောကနေသူ လူမှန်သမျှ အဖြစ်ကိုလွန်ကြူး ကြသည်မှာ ဓမ္မတာပင် ဖြစ်လေသတည်း၊ သို့ဖြစ်သောကြောင့် အဖြစ်ကို အဖြစ်ဟု ဝန်ခံရန် မှားမိပါသည်ဟု ဝန်ချရန် ဦးမနှေး သူများသာ ဖြစ်သင့် လေသည်၊ ထိုသို့ အားဖြင့် အဖြစ်ကို ဝန်ခံ ကန်တော့ ခဲ့လျှင် ဖြစ်မှား ခံရသူက ကြေနပ် နိုင်ရ ပေမည်၊ ယင်းသို့ အဖြစ် ကြေနပ် နိုင်တတ်သူ ဖြစ်ရန်လည်း အရေး ကြီးလှသည်၊ သို့ဖြစ်ခဲ့မူ အဖြစ်လွန် ကြူးမိသော ပုဂ္ဂိုလ် ကန်တော့ခြင်း, ကန်တော့ ခံရသော ကြေနပ် တတ်ခြင်း, နှစ်မျိုးကို အထူး ပြု၍ ညီညွတ်ကြောင်းဟု သိမှတ်ရမည်။

ထင်ရှားစေဦးအံ့၊ အဖြစ်ကို လွန်ကြူးမိခဲ့သော် မှားပါပြီဟု ဝန်ချခြင်းသည် ပဋိဃ ဝန်သာ ကြေကုန်၍ ကြီးပွါးကြောင်း ဖြစ်သည်မဟုတ် သံသရာ၌လည်း အဖြစ်ကင်း လွတ်ရေး စင်စစ် ဖြစ်လေသည်၊ ဤလောက၌ အချို့ ကြီးပွါးဖြစ်ထွန်း ထိုက်သည့် ရူပ နိကာယ်, သဒ္ဒ နိကာယ်ရှိ

ပဉ္စင်းသျှင်, ကမ်သျှင်တို့သည် ဘုရား, တရား, သံဃာ, ဆရာ, မိဘ စသည့် မပြစ်မှား ထိုက်သူ တို့အား ပြစ်မှား ထားကြသဖြင့် ပစ္စုပ္ပန် တွင်ပင် မကြီးပွါးပဲ ဖြစ်ကြရကုန်၏။

မရ ထိုက်သော ရောဂါ ရခြင်း, မကျခံသင့်သော မင်းပြစ် မင်းဒါဏ် သင့်ခြင်း, မဆုံးရှုံး သင့်သော ဥစ္စာ စီးပွါး ဆုံးရှုံး ရခြင်းစသည့်ဖြစ်ကြရကုန်၏၊ ပညာရှိသူတော်ကောင်း တို့ကလည်း အပြစ် လွန်ကြူး ကျူးကြ တတ်သူကို ဆိုးခဲ့ သူဟု မှတ်ယူကြခြင်းထက် အပြစ်ကို ဝန်ချသူ အပေါ်၌ ပိုလွန်၍ အပြစ် တင်တတ်ကြကုန်၏၊ ထို့ပြင် အပြစ်ပန်ချ တတ်သူကို အထူး ကြေနပ် နှစ်သိမ့် ကြကုန်၏၊ အရိယာ သူစင် သူမြတ် တို့အား လွန်ကြူးမိသော အပြစ်ကို သာ၍ အခါမှ ဖုံးဖိ၍ မထားတတ်ကြကုန်၊ ထုတ်ဖေါ် ပြောကြား တတ်ကြကုန်၏။

ယင်းသို့သော အကြောင်းများကြောင့် အရိယာ ပုဂ္ဂိုလ် တို့မှာ ကိုယ် နှုတ် စိတ် သုံးမျိုးဖြင့် မကောင်းမှုကို ပြုမိ စေကာမူ, ရင်း လွန်ကြူးမှု အတွက် အပါယ်ကျ ခြင်းမှ ကင်းလွတ် ကြကုန်၏၊ ရတနာ့ဂုဏ်နှင့် ပြည့်စုံသော အဇာတ သတ် မင်းသည် အဖ သတ်မှု ဟူသော ကြီးလေးစွာသည့် အပြစ်ကြီး [illegible] ဘုရားအ[illegible]နှင့် [illegible]ကြောင်း [illegible] တော့ သောကြောင့် တသက်ပါလုံး အဝီစိ၌ ကျခံ [illegible] အပြစ်မှကင်းလွတ်၍ လောကုတ္တရာ [illegible] လောက်သော ခံရဘောကြောင်း ဆရာ့ဆရာတို့ ဆိုကြကုန်၏။

ဘုရားရှင်ကလည်း ဝုဍ္ဎိဟေသာမဟာရာဇ ။ အရိယဿ ဝိနယေ, ယော အစ္စယံ အစ္စယတော ဒိသွာ ပဋိကရောတိ၊ ဒိုး-မင်းမြတ်, အပြစ်ကို အပြစ်အတိုင်း ရှုမြင်၍ ဝန်ချကာတော့ ကုစားခြင်းသည် အရိယ အဆုံးအမ၌ ကြီးပွါးကြောင်း ဖြစ်လေသည်ဟု ဟောတော်မူလေသည်။

ဘုရား ဩဝါဒ မဂ်ရ ဖိုလ်ရောက် ခဏ်း၌ပင် ကြီးပွါး ထိုက်ခဲ့ပါသော် လောကဆိုင်ရာ၌ ကြီးပွါး ထိုက်ကြောင်း မှာ ယုံမှားမဲ့ ဖြစ်သင့်တော့၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်ကို အပြစ်ဟု ဝန်ခံတတ်သူများ ဖြစ်ကြကုန်စို့။

## ၂။ ဩကာသ စီစစ်ချက်။

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ, ဝစီကံ, မနောကံ, သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ဘုရား, တရား, သံဃာ, ရတနာ သုံးပါးတို့ကို အရိုအသေ အလေး အမြတ် လက်အုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုး.... အပါယ်လေးပါး, ကပ်သုံးပါး အရင်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါး တို့ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍, မဂ်တရား ဖိုလ်တရား နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရလိုပါ၏, အရှင်ဘုရား။

ဤကား ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးတို့၏ သဗ္ဗသျှုံး ဩကာသ ဆေးရိုးကြီးတည်း၊ ဤမှုကား ရှေး ပုဉ်းတော်ကြီး တပါးဌာန်မှ နှုတ်ထပ် ကူးယူချက်-နှုတ်သံတွက် မှ အမျိုး မျိုး ကွဲပြား၏၊ အချို့မှုဒ္ဒိ"ကာယကံ, ဝစီကံ, မနောကံ, ဤ သုံးပါးဘို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားမိသည် ရှိ သော်"ဟုရှိ၏၊ အချို့မှုဒ္ဒိ"ကာယကံ, ဝစီကံ, မနောကံ ဤကံသုံးပါး တို့တွင် တပါးပါးသော ကံကို ပြစ်မှားမိသည် ရှိသော်" ဟုရှိ၏၊

ဒွါရ ဂိုဏ်းဝင်တို့က "ကာယဒွါရ, ဝစီဒွါရ,မနောဒွါရ သုံးပါး တို့တွင် တပါးပါးသော ဒွါရဖြင့် ပြစ်မှားမိသည် ရှိ သော်" ဟု ဆိုကြကုန်၏၊ကံဖြင့် ကိုလည်း အများထင်လျက် ဒွါရဖြင့်လည်း မဆိုနိုင် သူတို့က ကာယပယောဂ, ဝစီပယော ဂ, မနောပယောဂဖြင့် အရှိအခသော အပြစ်တနိုး ရှိခိုးပူဇော်" စသည် ဆိုကြကုန်၏။

မည်သို့ပင် မှားသည် မှန်သည်ဟု ဆိုကြစေကာ မူလ က မှားပြီး ဖြစ်ခဲ့သော ဩကာသကား အမှန်သို့ပင်မရောက် နိုင် ဖြစ်လေသည်။ မှန်လှ၏, ဤဩကာသကို ဘုရားရှိခိုး ဟု ခေါ်ကြမည်လော?၊ သို့မဟုတ် ရတနာသုံးပါးကို ရှိခိုး ပူဇော်ချက်ဟု ဆိုကြမည်လော?။ သို့မဟုတ် အပြစ် ဝန်ချ ကံတော့နည်း ဟု ခေါ်ဆိုကြမည်လော?၊ အထက် ညွှန်ပြ ခဲ့ပြီး ဩကာသ အလိုကို ကြည့်ရှုခြင်း အားဖြင့် ရှိခိုးပူဇော် ခြင်း ဟု ဆိုရတော့ မယောင် ထင်ရ၏၊ သို့ ဆိုရတော့ မယောင် ရှိသော်လည်း "မာန်လျှော့ ကံတော့ပါ၏" ပါနေ ပြန် သောကြောင့် မကိုက်သေး ဖြစ်နေပြန်၏၊ " သဗ္ဗဒေါသ

ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ” ဆိုသည်ကို ထောက်က ကံတော့ ဝန်ချ ချက်ဟု ဆိုဖွယ်ရှိ၏။

ယင်းသို့ ဖြစ်ခဲ့မူ “ကံတော့ရသော အကျိုး” ဟူသည်ဆို၍ ဆုတောင်း ဆုယူ ပြုချက် ပါနေပြန်သောကြောင့်မသင့်မတော် ဖြစ်ပြန်၏၊ လောက၌ အပြစ် ရှိသူက ကံတော့ ဝန်ချ၍ ဤသို့ ဆုတောင်းလျှင် သင့်နိုင်ရန် မရှိချေ။

ဥပမာ “အဖေခင်ပျား၊ ကျွန်တော် အဖေ့ကို မလိမ္မာ၍ ဤသို့ ဤသို့ ဖြစ်မှားမိပါသည်၊ ထိုအပြစ်ကို ကျွန်တော် ဝန်ချ ကံတော့ပါသည်၊ ထိုသို့ ကံတော့ ရသည့် အကျိုး ငွေတရာ ပေးပါ ခင်ဗျား” ဟု ဆိုခဲ့လျှင် အလွန် ရယ်စရာ ကောင်းပေလိမ့်မည်။

သို့ရာတွင် ဤ ဩကာသ ဆေးရိုးကြီးကား ဤထက်ပင် ဆိုးဝါးလျက် အရတက် ပျို့အန်သည့်အထိ ရယ်စရာကောင်းသေသည်။ ယင်ရှုးပါလတ္တံ့၊ စင်စစ် ဆိုဘွယ်ကား၊ - ဤသည့် ဩကာသ ဆေးရိုးကြီးသည် ဘုရားရှိခိုး ယောင်ယောင်၊ ပူဇော် ယောင်ယောင်၊ ကံတော့ ယောင်ယောင်၊ သဗ္ဗသျှိုး ဆေးရိုးကြီး ပင် ဖြစ်၏။ ဘယ်ပဟာဏခုမျှ ဆုံးဆုံး ဖြတ်ဖြတ် မမှတ်သားသင့်ချေ။ အမှန် ဆိုလိုက ဆိုနိုင်သည်ကား ဤဩကာသ သည် ဩကာသ အစီမံ ဩကာသ ကြမ်းမျှ ဖြစ်လေသည်၊ ကျက်အောင် နှုးဖွယ် နှပ်ဖွယ် ရှိသေး၏။

ဤပြဿကာသမှာ ရှိခိုး ရိုးရိုးဖြစ်စေ, နှမ်ချ ပူဇော်ဖြစ်စေ, ကန်တော့ ဝန်ချ ဖြစ်စေ ဆုတောင်း ထည့်ခြင်းကား စင်း စင်း မသင့်ဖြစ်၏၊ "ဒို မြတ်စွာဘုရား၊ တပည့်တော် အရှင် မြတ်ကိုရှိခိုးပါသည်၊ ဤအတွက် တပည့်တော်အား သေဆွေး အပြစ်ကို မပေးတော်မူပါ ဟူ၍သို့ ၎င်း,ဒို-မြတ်စွာဘုရား တပည့်တော် နှမ်ချ ရိုကျိုး မြတ်နိုးစွာ ပူဇော် ပါသည်၊ ထိုသို့ ပူဇော်မှု အတွက် ဤအသည့် နှောင်သွင်း အကျဉ်း ကျခံရခြင်း မှ လွတ်ပါလို၏, သို့မဟုတ် လွတ်အောင် မစ ပေးတော်မူပါ ဟူ၍သို့၎င်း, ဒို့ မြတ်စွာဘုရား,တပည့်တော် ဤဆွမ်းခဲဖွယ် ကိုဆက်ကပ် ပူဇော်ပါသည်၊ ၎င်း အတွက် တပည့်တော် အား နတ်တို့ ပြည့်စေအရသာကို ပေးသနားတော်မူပါ ဟူ၍ သို့၎င်း တည်း။

ကန်တော့ ဝန်ချ အတွက် ဆုတောင်း၍ အရှိန် ဆိုးပုံကို ဥဒါဟရုဏ် ပြခဲ့ပြီ၊ ခရစ်ယာန်, မဟာမေဒင်, ဗြာဟ္မဏ ဝါဒ တို့၌ကား ဆုတောင်းရိုးရှိကြကုန်၏၊ ဆုတောင်းတိုင်း ပြည့်စုံ သည် ဟုလည်း ဆိုကြကုန်၏။ ဗုဒ္ဓဘာသာ ဝါဒကား ယင်း သို့သော ဆုတောင်းစား ဝါဒမဟုတ်၊ အလုပ် ကံစွ အလိုက် ထိုက်တန်သော အကျိုးရ ဝါဒသာ စင်စစ်ဖြစ်လေသတည်း။

## ၃-ဩကာသ အခြေကျဉ်း။

အထက် ညွှန်ပြခဲ့သော အမှားများ ထင်ရှား၍ အများသိ ဖြစ်နိုင်ရန် ရင်းအဓိပ္ပါယ်ကို အခြေကျဉ်း နှင့် တကွ သိမှတ်အပ်၏။

ဩကာသ ကား ခွင့်တောင်း စကားတည်း၊ ခွင့်ပြုပါဟု ဆိုလို၏။

ကာယကံ=ကိုယ်မှု,

ဝစီကံ= နှုတ်မှု,

မနောကံ= စိတ်မှု,

သဗ္ဗဒေါသ= ခပ်သိမ်းသော အပြစ်,

ရတနာ= နှစ်သက်ခြင်း ကိုဖြစ်စေတတ်သော ပစ္စည်း, နှစ်သက် အပ်ရာ ရွှေငွေ စသည့် လောကီရတနာ များ ကို ဆို၏၊ ဘုရား, တရား, သံဃာ သုံးမျိုးကို ဤ၌ ဆိုလို၏၊

ရှိခိုး= ဦးညွှတ် နှိမ့်ချခြင်း, လက်အုပ်ချီခြင်း,

ပူဇော် = ချီးကျူးခြင်း, လှူဒါန်းခြင်း, ရိုသေခြင်း,

ဖူးမြော်= ကြည့်ရှုဖူးမြော်ခြင်း, တွေ့ဆုံခြင်း,

မာန်လျှော့= ကိုယ် စိတ် နှိမ့်ချခြင်း,

ကန်တော့= လွန်ကျူး ပြုမှားသော ကံကို တော့ တန့်စေ ခြင်း, ကံကို ရပ်တန့်အောင် လုပ်ခြင်း,

ကန်တော့ရသော အကျိုး= ကန်တော့ခြင်း အကြောင်း ကံ အတွက် ရ ယူလိုသော အကျိုး တရား များကား ဆိုလတ္တံ့ အတိုင်းဖြစ်၏။

အပါယ်လေးပါး*= ၁- ငရဲ,- တိရိစ္ဆာန်, ၃- ပြိတ္တာ ၄- အသုရကာယ်တို့တွင်ဖြစ်ရသည်မှ ကင်းလွတ်လို၍။

ကပ်သုံးပါး£= ၁-အနာရောဂါရခြင်း, ၂- လက်နက် ဘေးသင့်ခြင်း, ၃-ငတ်မွတ် ခေါင်းပါးခြင်း တို့မှ ကင်းလွတ်လို၍။

အရပ်ပြစ်ရှစ်ပါး‡=လောက၌ ဘုရားပွင့်၍ နိဗ္ဗာန် တရား ညွှန်ပြစဉ် ၁- ငရဲ၌ဖြစ်ခြင်း, ၂-တိရစ္ဆာန် ဖြစ်ခြင်း ၃- ပြိတ္တာ ဖြစ်ခြင်း, ၄- အသညသတ်နှင့် အရူပ ဗြဟ္မာ ဖြစ်ခြင်း, ၅-ရဟန်းတော် စသည့် မရောက် လွယ်သော နယ်စွန်နယ်ဖျား လူရိုင်းစား၌ ဖြစ်ခြင်း။ ၆-အယူအစွဲ မှား ယွင်းသူဖြစ်ခြင်း, ၇-ပြောစကားကို နားမလည်တတ်သည့် အဆွံ့ အအ ပညာမဲ့ဖြစ်ခြင်း, ၈-ဘုရားမဖြစ်ပွင့်၍ နိဗ္ဗာန် ရောက်ရေးတရားသည်း နေ့ရိုက် မဇ္ဈိမတွင် ပညာရှိ ဖြစ်ခြင်း, ၎င်းတို့မှလည်း ကင်းလွတ်လို၍။

ရန်သူမျိုးငါးပါး †= ၁-ရေ, ၂-မီး၊ ၃-မင်း၊, ၄-ခိုးသူ၊, ၅-မချစ် မနှစ်လိုအပ်သော အမွေခံတို့မှ လည်း ကင်း လွတ်လို၍။

---

* အပါယ် လေးပါးကား ဒုစရိုက်ကံတို့၏ အကျိုးပြဆင်းရဲတည်း။

£ ကပ်သုံးပါးကား ပဉ္စကမ္မအကြောင်းကြောင့် ခံစားရတတ် သည့်ဆင်းရဲ တည်း။

‡ အရပ်ပြစ် ရှစ်ပါး၏ ဆိုလိုရင်းကားဘုရားတရားတော်ကို ကျင့်ခွင့်အခါ မဟုတ် ခေတ်ရှစ်မျိုး ဟု ဆိုလို၏။

† ရန်သူမျိုးငါးပါးမှာ ဥစ္စာဖျက်ဆီးတတ်ရာ ငါးမျိုး ဟု ဆိုလို၏။

ဝိပ္ပတ္တိ တရားလေးပါး*။ ၁-ဂတိ=သွားရောက်ရာအရပ်ဒေသ ဆိုးဝါးခြင်း၊ ၂ ကာလ=အခါကာလဆိုးဝါးချို့တဲ့ ခြင်း၊ ၃-ဥပဓိ= ရုပ်ဆင်းအင်္ဂါ ချို့တဲ့ ခြင်း။ ၄-ပယောဂ=လုံ့လထုတ်ကိုက် ညံ့ဖျင်းခြင်း တို့မှလည်း ကင်းလွတ်လို၏၊ ကင်းလွတ်လို၏ ဆိုစကား သာမညမဟုတ်, အခါခပ်သိမ်းကင်းလွတ်လို၏, လွတ်ငြိမ်း လို၏၊ ဤသို့ ချည်း ဘေးလွတ် ရန်ငြိမ်း နေထိုင် ပြီးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကို ရပါ လို၏--ဟူသတည်း။

ယခုအခါ အဓိပ္ပါယ် အတိအကျ သိပြီး ဖြစ်ပေ ရကား ထိုဆုတောင်း များကို တောင်းသင့်လေသလား ? မတောင်း သင့်သလား?၊ တောင်း၍ ရနိုင်မည်လား? မရနိုင်ပူးလား?၊ ဆုတောင်းအတွက် တောင်းသူမှာ လူမိုက် ဖြစ်သလား?၊ လူလိမ္မာဖြစ်သလား? စသည် စိစစ် စောကြောကြည့်ပါစို့။

ဤသို့ဆုတောင်းသင့်သလား? တောင်း၍ ရနိုင်မည် လား?၊ ဘုရားဖြေချက်— ဒို-တကာ သူဌေးကြီး, လိုလား နှစ်ခြိုက်ဖွယ်ရာသော အသက်ရှည်ခြင်း အဆင်းလှခြင်း, ချမ်း သာခြင်း, အခြံအရံ, နတ်ရွာ သုဂတိ ဤငါးမျိုးကို လောက၌ လိုလားတိုင်းမရနိုင်၊ ၎င်းများကို တောင်းရန်းခြင်း,တောင့် တခြင်း များကြောင့် ရနိုင်သည်ဟူ၍ ငါဘုရားမဆို။ ဒို သူ ဌေးကြီး, ၎င်းများသည် အကယ်၍ဆုတောင်းခြင်း, တောင့်တ ခြင်းအတွက် ပြည့်စုံမည်ဖြစ်ခဲ့ပါမူ, ဤလောကတွင် မည်သူ

---

*ဝိပ္ပတ္တိတရား လေးပါးကား ကံကိုအကျိုးပေးခွင့် ပျက်တတ် ရာကို ဆိုလို၏။

တစုံတယောက်မှာ မည်သည့်အရာပဋ္ဌဖြင့် မည်သူတတုံ ယောက်အောက် ယုတ်လျော့လေတော့အံ့နည်း။ ဒိုလေဌေးကြီး, ဤငါးမျိုးကို ရယူလိုလျှင် ရရောက်ကြောင်း လုပ်ငန်းကို လုပ်ကိုင်ကျင့်ဆောင်ရမည်။

(ဤပဥ္စင်္ဂုတ္တိုရ် ပထမ ပဏ္ဏာသက -ပဥ္စမ မုဏ္ဍရာဇဝဂ် ဒုတိယသုတ်)
ဤသို့ အနာထပိဏ် သေဌေးကြီးအား ဟောတော်မူ၏။

မကောင်း သင့်ကြောင်း, ကောင်း၍ မရကြောင်းကား ထင်ရှားပြီ၊ ၎င်းဖြင့်ပင် ဆုတောင်းသူမှာ လူမိုက် မဖြစ်လည်း ခပ်ထင်ထင်ရှားရှား ဖြစ်၏။ သို့သော် နီးနီး ကပ်ကပ် တစ်အပ်နှအကျ ယုတ္တိ ရှု မိစ်စ်ကြဒုံးစို့။

လောကကြီး အတွင်း၌ လူနတ် တသည့် လိုအပ်ရာ၌ သာ ဖြစ်နိုင်ရိုးမရှိကြောင်းကား ထင်ရှားပြီးပင်ဖြစ်၏။ သို့ဖြစ်၍ အပါယ်လေးပါးမှ ကင်းမည်ဟုမည်သူ ဆိုနိုင်မည်နည်း။ အရိယာ ဂိုဏ်းဝင်ဖြစ်မှ ကင်းလေမည်။ ကပ်သုံးပါးမှ ကင်းသော လောက ဘယ်မှာနည်း။ ဖြဟ္ဘာ့ပြည်၌ပင် ရောဂနှိပ်စက်ရ မပြီမ်း, အနိစ္စ ဖြစ်၍ ဒုက္ခ ရုပ်နာမ် အဖြစ် ထင်ရှား သောကြောင့်တည်း။ အရပ်ပြစ် ရှစ်ပါးမှ လွတ်ကင်းသော ဒေသနှင့် ကာလကို ရှာ၍ တွေ့ပါမည် လား။ “ဘုရား ပွင့်ခိုက် ပညာရှိ ဖြစ်လို၏, ဘုရား မပွင့်ခိုက် ပညာရှိ မဖြစ်လို” ဟု အရပ်ပြစ်ရှစ်ပါး၏ အချုပ် ဆိုလိုရင်း ဖြစ်၏။ သို့ဖြစ်သော် ဘုရားခေတ်၌ ပညာရှိချည်းကား မချမဖြစ်နိုင်, ဘုရားခေတ် မဟုတ်ရာတွင် လူမိုက်ဖြစ်ရန် ဆုတောင်းနေခြင်း စင်စစ်ဖြစ်နေ၏။ မူလ ရေးရင်း ဩကာသ ဆရာကပဲ မှား သလား? အဓိပ္ပါယ်အယူအဆကပဲ မှားသလား? စဉ်းစားကြပါကုန်။

ဩဂုတ္တသဆရာက ကျွန်ုပ်တို့မြန်မာများ နောက်သား နောက်လာ ဩဂုတ္တသ လက်ကိုင် ရှိသူ ဟူသမျှတို့ လူမိုက် ချည်း ဖြစ်ရမိုကား ဆိုလိုရင်း မဟုတ်ပေရာ၊ သို့ရာတွင် မ တောင်းသင့်ရာကို တောင်းထား ခြင်းဖြင့်ပင် ငါ့လို မစဉ်း မစား လူယောင်ဝါး ဘယ်မျှရှိသနည်း?စုံစမ်းရန် ရေးသားခဲ့ ဟန်တူသည်ဟု ဆိုရမည်လည်း မခက်တောင်း။ ရန်သူမျိုး ငါးပါး ကင်းသောနေရာ အဘယ်မှာ ရှိမည်နည်း? ဖြဟ္မာတို့ မှာပင် မင်းရှိနေ၏၊ မင်းပွဲရာကို ရှာလျှင် ပိုးကောင်, မွှား ကောင်နှင့် တောသား သမင်ရိုင်း ဖြစ်အောင် ဆုတောင်းရ မည်ပိုဖြစ်နေ၏၊ ဝိပဿနာ တရားကား ဘုရားဖြစ်မှပင် အားလုံး လွတ်ကင်းရာ၏။ ဤသို့စသည် နိုးကပ်စွာ စဉ်းစားလျှင် ထိုသို့ ဆုတောင်းသူကို လူမိုက်မဖြစ်ပါပူးဟု ထောက်ခံနိုင် ရန် ခက်ပိတောင်း။ ယင်းသို့ စဉ်းစားကြည့်သော် ဤဩဂုတ္တ သကို နှုတ်ရရှိ၍ လုပ်ငန်းဝင်နေသူ ဟူသမျှ အသက်ရှူ မရ နိုင်မည့်ဘေးနှက္က ကပ်ဆိုးသင့်လေသည်။ ထို့ကြောင့် ကျွန်ုပ် ကား ဤဩဂုတ္တသကို ရဟန်း† ငါးဝါသ်ရမှစ၍ ရွှန်ပစ်ခဲ့ပြီ၊ ဤသို့ညွှန်ပြတိုင်း အသိဉာဏ်ရောက်သူတို့လည်း မိမိကို ဆိုး ဝါးအောင် ဂျောက်ချသော ဩဂုတ္တသကို စွန့်ပစ်ကြ ပါကုန် ဟု တိုက်တွန်းလိုသတည်း။

† အရှင်အာဒိစ္စဝံသကား တိုးခဉ်အခါက သုတပါးကို ပြောစွမ်း နိုင်သော အစွမ်းမရှိသေး, ပြောစကာပါးစပ်ကိုအတင်းပိတ်ကြမည်။ဝါသ် ၃၀-ရမှ ပါးစပ်ဟာရဲ၏။ထိုအခါပင် ပါးစပ်ပိတ်သူ များစွာထွက် ပေါ်၏။ မြန်မာတို့ ကာမ်ကောင်း ထောက်မချင်တော့ ပကာသနီယ ကမ်က အရှင်အာဒိစ္စဝံသ ပါးစပ်ကို အတင်း ဖွင့်ပေးလေ၏။

# ၄—ကန်တော့ ပူဇော်နည်းများ။

—— ၀ ——

## (က) ရတနာသုံးပါး ရှိခိုးပူဇော်။

ဩကာသ, ဩကာသ, ဩကာသ, ဂုဏာဓိ, ဝယဓိ ဂုဏ်အားဖြင့် ရှိခိုးခြင်း ပူဇော်ခြင်း မြတ်နိုးခြင်း လေးစားခြင်း ကျိုးနွံခြင်း နှိမ့်ချခြင်း၏ တည်ရာဖြစ်တော်မူသော ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့ကို အကျွန်ုပ် နှိမ့်ချ ရိုကျိုး ရှိခိုး ပူဇော်ပါ၏, မြတ်နိုးပါ၏, လေးစားပါ၏။

ကျောင်းဦးဘုရား စေတီရုပ်ပွားစသည်သို့ ရောက်တိုင်း အစ ကန္တားဦး လက်အုပ်ချီမိုး ရှိခိုးပူဇော်ရန်ဝတ်၊ သံဃာတော်များ ဌာနဝင်ရောက်ရာ၌လည်း ၎င်းကိုသုံးစွဲလေ။

(သို့ရာတွင် အရုပ်ကို ရှိမခိုးမိရန် သတိပြုပါ။)

—— ၀ ——

## (ခ) ရတနာသုံးပါး အပြစ်ပံ့မှားကန်တော့။

အရှင်ဘုရား အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးပူဇော် ဖူးမျှော်ခြင်းငှါ သင့်တော်မူသော ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့ကို ကိုယ် နှုတ် စိတ် သုံးပါးတို့တွင် တပါးပါးဖြင့် ပြစ်မှား လွန်ကြူးခဲ့သော်- ထိုသို့ အားဖြင့် မသိ မိုက်မှား လွန်ကြူးမိသော အပြစ်များကို အပြစ်အတိုင်း သိမြင်ဝန်ချ တောင်းပန်ပါသည်၊ တပည့်တော် မိုက်မှား လွန်ကြူးမိသော ထိုသည့် အပြစ်များကို သည်းခံ တော်မူပါ အရှင်ဘုရား။

(ရုပ်ပွား ဆင်းတု စေတီပုထိုးများနှင့် မဆိုင် ဟု မှတ်)

## (ဂ) ဆရာ မိဘ စသည့် အပြစ် ယုံမှား ကန်တော့။

ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ဂုဏ်သုံးရှိ၍ အရိုအသေအမြတ်တနိုး ရှိခိုး ပူဇော်ရန်သော ထိုက်တန် သော အနန္တ ဂိုဏ်းဝင် *(ဆရာ မိဘ)တို့ကို ကျွန်တော် မသိမိုက်မှားမိသဖြင့် ကိုယ် နှုတ် စိတ် သုံးမျိုးတွင် တမျိုးမျိုးဖြင့် ပြစ်မှား လွန် ကျူး မိခဲ့ သော်- ထိုသို့သော အပြစ်များကို အပြစ် အတိုင်း အပြစ်ဟု ဝန်ချ ကန်တော့ပါသည်။ ထိုသို့ လွန်ကျူး ပြစ်မှား မိသော အပြစ်များကို ကျွန်တော့် အား သနား ချီးမြှောက်၍ သည်းခံ တော်မူပါ ခင်ဗျား။

အပြစ် ထင်ရှား မသိ မမှတ်မိရာ၌ မှန်းဆရည်ရွယ်၍ သင်္ကြန် သီတင်းကျွတ် အခါကြီးများ၌ ကန်တော့ရန်။

———○———

## (ဃ) ဆရာသမား အပြစ် ယုံမှား ကန်တော့။

အရှင်ဘုရား, တပည့်တော်သည် မသိ တွေဝေ မိုက် မှားမိ၍ အရှင်ဘုရား အပေါ်၌ ကိုယ် နှုတ် စိတ် သုံးမျိုး တို့ တွင် တမျိုးမျိုးဖြင့် ပြစ်မှား လွန်ကျူး မိခဲ့သော်- ထိုသို့သော အပြစ်တို့ကို အပြစ် အတိုင်း အပြစ်ဟု သိ၍ ဝန်ချ တောင်း ပန်ပါသည်၊ ထိုသည့် တပည့်တော် လွန်ကျူး ပြစ်မှားမိသော အပြစ်တို့ကို သည်းခံတော်မူပါ ဘုရား။

အထက်(ဂ) အတိုင်း ရဟန်းတော် ဆရာသမား အပေါ်၌ မှန်းဆ ကန်တော့နည်း ဤနည်းသုံးမျိုးကို မှီသဖြင့် နည်းပေါင်း များစွာကို ချဲ့ဖွင့်ကန်တော့တတ်ပါစေ။

---

*ဤနေရာ၌ ကန်တော့ခံသူ တဦးကိုသာ ထုတ်ဖော်၍ဆိုလေ။

## (၄) ရတနာသုံးပါး အပြစ် ဝန်ချ ကန်တော့။

အရှင်ဘုရား, တပည့်တော်သည် ကိုယ် နှုတ် စိတ် သုံးပါးစုံဖြင့် ရှိခိုးပူဇော် ဖူးမြော်နှိမ့်ချခြင်းငှါသာ ထိုက်သော ဘုရား, တရား, သံဃာ ရတနာ သုံးပါးကို *(ဤသို့ ဤသို့ ကိုယ် နှုတ် စိတ်တို့ဖြင့်) မသိ မမြင် မဆင်ခြင် မဟုတ်မမှန်သော လွန်ကျူး စော်ကားမိပါသည်၊ ထိုသို့ အားဖြင့် တပည့်တော် လွန်ကျူး ပြစ်မှားမိသော အပြစ်များကို သည်းခံတော်မူပါ, အရှင်ဘုရား၊

## (၅) ဆရာသမား ပြစ်မှား ဝန်ချ ကန်တော့။

အရှင်ဘုရား, တပည့်တော် မသိ နားမလည် မိုက်မှား တွေဝေသည့် အတိုင်း ကိုယ် နှုတ် စိတ် သုံးမျိုး တို့ဖြင့် ကျိုးနွံ နှိမ့်ချပူဇော်ရမည့်သာ ထိုက်သော ဆရာသမားကို*(ဤသို့ ဤသို့ ကိုယ် နှုတ် စိတ် ) သုံးမျိုးတို့ဖြင့် လွန်ကျူး ပြစ်မှားမိပါသည်၊ ထိုသို့အားဖြင့် တပည့်တော်လွန်ကျူး ပြစ်မှားမိသော အပြစ်တို့ကို အပြစ်အတိုင်း အပြစ်ဟု သိရှိ၍ ဝန်ချ ကန်တော့ ပါသည်၊ တပည့်တော်၏ ထိုသည့် မိုက်မှား ပြစ်မှားများကို တပည့်တော်အား သနားချီးမြှောက် ကောင်းမှုသဖြင့် သည်းခံ တော်မူပါ, ဘုရား။

လူဆရာဖြစ်ခဲ့သော် ''အရှင်ဘုရား'' နေရာ၌'' ''ဆရာ ခင်ဗျား ဟု ဆို ''တပည့်တော်'' နေရာ၌ ''ကျွန်တော်ဟု၍ ဆိုလေ၊

---

* ဤနေရာ၌ ပြစ်မှားလွန်ကျူးသော အပြစ်ကို ဖော်ပြ၍ဆိုလေ။

## (ဆ) ဆရာမိဖ အပြစ် ဝန်ချ ကန်တော့၊

ဂုဏာဂုဏ်, ယောဂုဏ် ဂုဏ်ထူးရှိ၍ အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ *အမိ အဖ တို့အား နှိမ်ချ ကော်ရော် ပူဇော်ပြစ် နိုးရှိခိုး ကျိုးနွံရန်သာထက်သည်ကို သေမိုက်များဝင်၍ †(ဤသို့ ဤသို့)ကိုယ် နှုတ် စိတ်တို့ဖြင့် အကျွန်ုပ် လွန်ကျူး ပြစ်မှားမိပါသည်၊ ထိုသို့လွန်ကျူး ပြစ်မှားမိသော အပြစ်ကို အပြစ်အတိုင်း အပြစ်ဟု သိ၍ အပြစ်ဟု ဝန်ခံကန်တော့ ပါသည်။ အကျွန်ုပ်၏ ထိုသည့်မသိမိုက်များ လွန်ကျူး မိသော အပြစ်ကို သည်းခံတော်မူပါ ခင်ဗျား။

* ဆရာတဦးတည်း အမိတဦးတည်း အဖ တဦးတည်း ဖြစ်ရာ တို့၌ ဆိုတတ်စေရမည်၊

† ဤသို့ ဤသို့ ဆိုရာ၌ လွန်ကျူးမှု အပြစ်ကို ထင်စွာ ပြရမည်၊

ယင်းသို့ အားဖြင့် ရှိခိုး ပူဇော်နည်း ကန်တော့ ဝန်ချ နည်းများကို သိမှတ်၍ မိမိတို့ လွန်ကျူး ပြစ်မှားချက် များကို ကျိုးကျိုးနွံနွံ ကန်တော့ဝန်ချတတ်သူ, ကန်တော့ဝန်ချနိုင်သူ, ပိုလျှင်နှုတ်တတ်သူ, လိုလျှင်ဖြည့်တတ်သူ, မှားလျှင်ရှုပ်သိမ်း တတ်သူများ ဖြစ်ကြရန် နှလုံးထားကြ, လေ့လာကြ ပါကုန်။

# ၅-ကံတော့ ပူဇော် ဆုပေးနည်း။

## (က) ရှိခိုး ပူဇော် ဆုပေး၊

အဘိဝါဒန- သီလိဿ,
နိစ္စံ ဝုဍ္ဎါ-ပစာယိနော,
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ,
အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူသော ပါဠိတော်အရ, အသက်အာယုအားဖြင့်၎င်း, သီလ အကျင့် စသော ဂုဏ်အားဖြင့်၎င်း, ကြီးမား မြင့်မြတ်သော ဘုရား, တရား, သံဃာ, ဆရာမိဘ အဘိုးအဖွားတို့ကို အရိုအသေ ဒူးလေး အမြတ် နှိမ်ချရိုကျိုး ရှိခိုး ပူဇော် သူတို့အား ထိုသို့ နှိမ်ချ ရိုကျိုး ရှိခိုး ပူဇော်ရသော မဟာကုသိုလ ဉာဏသမ္ပယုတ် ဥက္ကဋ္ဌ စေတနာကြောင့် ဤပစ္စက္ခ ဘဝ အတွက် ဒိဋ္ဌဓမ္မ ကိုယ်ရက်ိုယ်စိုးမြင့်မြတ်သော ကောင်းကျိုး ကို၎င်း, ထိုသို့ဒုတိယ ဘဝလွန် စသည်အတွက် ကိုယ်ရ ကိုယ်စိုး မြင့်မြတ်သော ကောင်းကျိုးကို၎င်း ခံစားရရောက် ထိုက်သက် သင့်တန်ကုန်၏။

ထိုသို့ အားဖြင့် ရသင့်ရထိုက်သော ကောင်းကျိုးများ အနက် မချွတ်မယွင်း ရထိုက်သော အကျိုးများကား-

၁- သူတပါးထက် ပိုလွန်၍ အသက်ရှည်ခြင်း၊
၂- အဆင်း လှခြင်း၊
၃- ကိုယ် စိတ်နှစ်ဖြာ ချမ်းသာခြင်း။
၄- ခွန်အား ကြီးမားခြင်း ဤလေးမျိုး ဖြစ်၏၊

ဤသို့ ဘုရားဗျာဒိတ်တော်ရ ကောင်းကျိုးကို ဤပစ္စက္ခဘဝတွင်၎င်း, ထိုထိုဘဝတို့၌၎င်း အစဉ်မပြတ် အပြည့်အစုံ ရရှိခံစားရကြကုန်၍ ဘုရား အရိယာတို့သာ ခံစားနိုင်ခွင့် ရှိသော မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာ တို့ကို အစဉ် ရရောက် မျက်မှောက် ပြုနိုင်ကြစေကုန်သတည်း၊

## (ခ) ပူဇော် နိမ်ချ ဆုပေး။

ပူဇာ စ ပူဇာ နေယျာနံ,
ဧတံ မင်္ဂလ’ မုတ္တမံ။

ပူဇနေယျာနံ=ပူဇော်ထိုက်သူတို့အား၊ ယာပူဇာစ=အကြင် ပူဇော်ခြင်းသည်လည်း၊ အတ္ထိ=တရုံ တဦးမှာ ထင်စွာရှိ၏။ ဧတံ=ဤသည့် ထင်ရှားသော ပူဇော်ခြင်း သည်၊ ဥတ္တမံ=အမြတ်ဆုံးသော၊ ဝါ=အညစ် အကြေးမှ စင်ကြယ်သော။ မင်္ဂလံ=ကြီးပွါးကြောင်းဖြစ်၏၊

ဤသို့ ဘုရား ဟောညွှန် တော်မူသည့်အတိုင်း ဂုဏ် အသက် နှစ်မျိုး နှစ်စားဖြင့် ကြီးမား မြင့်မြတ် သူတို့အား ကြည်ဖြူ လေးစားစွာ ရှိခိုး ပူဇော် ကော်ရော် နိမ်ချရသော ပဏာမကုသိုလ်စေတနာကြောင့် ဤပစ္စက္ခဘဝ၌ပင်အသက် ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားဗလ ကြီးမားခြင်း ဟူသော အကျိုးလေးပါးကို ရရှိ ခံစားထိုက်လေသည်။ ထိုထိုတမလွန်ဘဝ၌လည်း ထို့အတူ ရရှိ ခံစား ထိုက်လေသည်။

ထိုအရာ၌ အသက်ရှည်ခြင်းဟူသည် ဝုဍ္ဎါပစာယန ဂုဏ်ဖြင့် ရအပ်သော အသက်ရှည်ခြင်းဖြစ်ရကား သာမည အသက်ရှည်ခြင်းမျိုးကို မလိုအပ်, စင်စစ် လူ့ကောင်း နတ်ကောင်း အဖြစ်မျိုး၌ ကောင်းကျိုးရ၍ အသက် ရှည်ရမည်ကိုသာ လိုအပ်လေသည်။

အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားဗလ ကြီးမားခြင်း အကျိုးများမှာသည်း လူ့ကောင်း နတ်ကောင်းအဖြစ်မျိုးတို့၌ ရထိုက်သော ကောင်းကျိုးများကိုသာ လိုအပ်လေသည်။

ယင်းသို့ ရသင့် ရထိုက်သော ကောင်းကျိုး တို့ကို အစဉ်မပြတ် အပြည့်အစုံရရှိ၍, ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဘေးဒုက္ခကြီးလေးပါးမှ၎င်း, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဘေးဒုက္ခကြီး ငါးပါးမှ၎င်း, ဝဋ်မျိုး၏ အကြောင်းရင်းကြီး ဖြစ်သော လောဘ, ဒေါသ, မောဟ တရားကြီးတို့မှ၎င်း, ကင်းရာ လွတ်ရာ ချုပ်ရာ ငြိမ်းရာ အသင်္ခတ ဓာတ် နိဗ္ဗာန်မြတ်ကို မျက်မှောက် ပြုနိုင်ကြပါစေကုန်။

## (ဂ) အပြစ်ဝန်ချ ကံတော့ဆုပေး။

ဝုဍ္ဎိဟေ' သာ မဟာရာဇ, အရိယဿဝိနယေ၊ ယော အစ္စယံ အစ္စယတောဒိသွာ ယထာဓမ္မံ ပဋိကရောတိ, အာယတိံ စ သံဝရံ အာပဇ္ဇတိ။

မဟာရာဇ=အဇာတသတ်မင်းမြတ်၊ ယော=အကြင်သူသည်၊ အစ္စယံ=အပြစ်ကို၊ အစ္စယတော=အပြစ် အားဖြင့်

အပြစ်ဟူ၍၊ ဒိသွာ=ရှုမြင်လျက်၊ ယထာဓမ္မံ= တရားအားတိုင်း တရားနှင့် အညီ၊ ပတိကရောတိ= ကုစား၏၊ အာယတိံ စ=နောင်အခါ၌လည်း၊ သံဝရံ= စောင့်စည်း ခြင်းသို့၊ အာပဇ္ဇတိ=ရောက်၏၊ သော=ဤသို့အပြစ် ဝန်ချ ကန်တော့ ခြင်းသည်၊ အရိယဿ ဝိနယေ= ဘုရားရှင်၏ အဆုံးအမ တော်၌၊ ဝုဍ္ဎိဟိ=ကြီးပွါးသည်သာ ဖြစ်သတည်း။

ဤသို့ဘုရားရှင် ညွှန်ပြသည်နှင့်အညီ ယခုမိမိတို့လွန် ကျူးမိသောအပြစ်ကို အပြစ်ဟု သိမြင်၍ ကန်တော့ ဝန်ချ၏၊ ထိုသို့ဝန်ချသဖြင့် ဘုရား၏ အဆုံးအမ ဩဝါဒဟူသော သာသနာတော်၌ ကြီးထိုက် ပွါးထိုက်လေသည်။ ကြီးထိုက်ပွါးထိုက် ဟူသည် မဂ် ဖိုလ်ရထိုက်သည်ဟု ဆိုလို၏။ ယင်းသို့ အပြစ် ဝန်ချ ကန်တော့၍ မဂ်ဖိုလ်ကိုပင် ရထိုက် ခဲ့သော် လောက ကောင်းကျိုးဖြစ်သော ပဒေသရာဇ်, ကောရာဇ်, စကြာမန္ဓာတ် နတ်မင်း, ဗြဟ္မာမင်းအဖြစ်နှင့် ၎င်းစည်းစိမ်များမှာ ဆိုဖွယ် မရှိ, ပြည့်စုံနိုင်မည့်ကို သိအပ်ပေသည်။

ယင်းသို့ အားဖြင့် အပြစ်ကို ကန်တော့ ဝန်ချသူတို့ ရ ထိုက်သော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို ယခုပစ္စုပ္ပန် ဘဝ၌ဖြစ်စေ, တမလွန်ဘဝများ၌ဖြစ်စေ, အဆုတ် အခ ဆိုင်းမရှိ အပြည့်အစုံ ရရောက်ကြပါစေသတည်း။

လူကြီး လူကောင်း ဆရာ မိဘလုပ်သူတို့သည် ဤဆုပေး နှုတ်မျိုးကို နှုတ်ဆောင် ထားမည့်၊ ၎င်း၏ သဘောသွား အတိုင်း ကလေး သူငယ်များပြည့်စုံစေရန် နည်းနာညွှန်ပြရ မည့် လူကြီးပေါ်လောကဖြစ်ရန် လူငယ်တို့လမ်းကောင်းညွှန် ဖြစ်ရန် ဂရုစိုက်ကြပါကုန်။

# ၆-ကံတော့ပူဇော်နည်းညွှန်

ကန်တော့ဝန်ချခြင်း၊ ပူဇော် နှိမ်ချခြင်း၏ အဓိပ္ပါယ်မှာ မိမိကိုယ်ကို မိမိညွှတ်ဖျင်းအောင်၊ နှိမ့်ချအောင်၊ လုပ်ခြင်း မဟုတ်၊ မြင့်မြတ်အောင်၊ ပညာ ကြီးမားအောင်၊ လူကောင်း ဓာတ်မှန် ဖြစ်အောင် လုပ်ခြင်းဖြစ်၏။ ပစ္စက္ခ တမလွန် နှစ်မျိုး တွင် အထက်တန်းစား ယဉ်ကျေးသူ ဖြစ်သည်ကို ပြခြင်း ယဉ်ကျေးသူဖြစ်အောင် လုပ်ခြင်း ဖြစ်၏။ ဘဝတိုင်း ဘဝ သူတောင်းစား ဖြစ်အောင် လုပ်ခြင်း မဟုတ်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းလိုခဲ့လျှင် မြင့်မြတ်ရေးဆုတောင်း များကို တောင်းကြရမည်။ ဆုတောင်း ဟူသည် ရည်ရွယ်ချက် အဓိဋ္ဌာန်ကိုသာ လို၏။ ပါးစပ်မှ လိုရာ ဆုတောင်းနေ၍ ရသည်ဟု မမှတ်ရ၊ အလုပ်သာ လိုရင်းတည်း၊ အလုပ်ရှိလျှင် အလုပ်၏ အကျိုး ဥဿုံရ၏၊ ရည်ညွှန်းတိုင်း ပြီး၏။ ထို့ကြောင့် မိမိလိုချင်ကြောင်း ယုတ်လျော့ကြောင်း၊ ညှိုးဖျင်း ကြောင်း ဖေါ်ပြသော မြည်တမ်းကာမျှ ဆုတောင်း များကို မပြုလုပ်ကြပါကုန်လင့်။ ၎င်း များကို သူတောင်းစား လမ်း ညွှန်ဟုသာ မှတ်ကြပါကုန်၊ ဤနေရာ၌ အောက်တွင် ဆု တောင်း အမျိုးမျိုးကို ပြထား၏။ အကောင်းဆုံးကို သတ် မှတ်၍ လူကောင်းဖြစ်အောင် ဆုတောင်း ဆုယူ ပြုကြပါကုန်။

၁။ ကျွန်ုပ်၏ ဤကောင်းမှုကြောင့် ကျွန်ုပ်၏ ဥဿုံ များကို မိတ်ဆွေချည်မျှင် မျက်ပင် ဖြစ်စေ၊ ကျွန်ုပ် မရှေးဘဲ မရယူနိုင်စေသတည်း။ ဓာတိက ဆုတောင်းဟူ၏။ အလွန်

အဘိဓမ္မာအားကြီးကြောင်း, တသံကော်လွန်းကြောင်း, လက်မလွှတ်လိုကြောင်း ပေါ်လွင်၏။

၂။ ကျွန်ုပ်သည် ဤကုသိုလ်ဖြင့် ဇမ္ဗူဒိပ် တကျွန်းလုံးကို ချီးမြှင့်ထောက်ပံ့ နိုင်လို၏။ ကျိုကိုလှုပ်၍ မိုးကောင်းကင်သို့ မော်ကြည့်သော-သလေးမိုးစင်ရွာသွန်းစေသည်း။ မေတ္တာက ဆုတောင်းဟူ၏၊ ရှေ့ပိုင်းကောင်း၏၊ နောက်ပိုင်းကား လိုချင်ကြောင်းပေါ်ငြ၏။

၃။ ကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဘဝတိုင်း ဘဝတိုင်း ဤအသျှင်သခင် တို့နှင့်သာ မကွဲမကွာဖြစ်ရလို၏၊ ထွန်သွား တချောင်းတင်၍ ထွန်သော် ခုနစ်ချောင်း တာဝန်ကို ပြီးနိုင်စေသတည်း။ မေတ္တာက သောမွေး ကျွန်ပုဏ္ဏား၏ ဆုတောင်းဟူ၏၊ ရှေ့ပိုင်းက မိမိကိုနှိမ့်ချသော၏၊ နောက်ပိုင်းက ပျင်းကြောင်း ထင်ရှား၏။

၅။ ကျွန်ုပ်သည် ဤကောင်းမှုဖြင့် နောင်အခါ မရှိဟူသောစကား, ပေးပါဟူသော စကားကို မကြားရလို၊ အရှင်အနုရုဒ္ဓါ ဆုတောင်းဟူ၏။ ဤဆုတောင်းမှာ ဆင်ရဲမွဲတေသူ မဖြစ်ရလိုဟု ဆိုလိုသော်လည်း သူတောင်းစားကို မတွေ့ရလိုဟု အဓိပ္ပါယ် ထွက်ပေါ်နေ၏။

၆။ ကျွန်ုပ်သည် အသက် စွန့်၍ ပြုလုပ်သော ဤကောင်းမှုကြောင့် အလုံးစုံ သိနိုင်သော ဉာဏ်ကြီးရှင် တဦးဖြစ်လို၏၊ သတ္တဝါအများကိုသံသရာမှ ကယ်တင် လို၏။ ဤကောင်းမှုသည် သဗ္ဗညုတ ဉာဏ်၏ အထောက် အပံ့ ဖြစ်စေသတည်း။ ဘုရားအလောင်းတော်များ၏ ဆုတောင်းဟူ၏။ အကောင်းဆုံး ဖြစ်၏။

ဤသို့ ညွှန်ပြခဲ့သော ဆုတောင်း ရည်ရွယ်ချက် များဖြင့် သိအပ်သည်ကား- ကျွန်ုပ်သည် ဤကုသိုလ်ဖြင့် အဆင်းလှလို၏, အသံသာလို၏, အမျိုးမြတ် လို၏, သဋ္ဌေး ဖြစ်လို၏, မင်းဖြစ်လို၏, ဤသို့သော နတ်ဖြစ်လို၏- စသည်ကား လောဘသံ ပါ၏· လိုချင်မှုန်း သိသာ၏၊ ကျွန်ုပ်သည် ဤကောင်းမှုကြောင့် ယောက်ျားတိုင်းမြင်သျှင် ယိမ်းယိုင် မူးရူးရလောက်အောင် အဆင်း လှလို၏။ သူတပါးကို နိုင်နင်း လို၏၊ သူတပါးကို ညှဉ်းဆဲလို၏ စသည်ကား အပြစ်ဒေါသပါ၏၊ ယင်းသို့စသည် ဆုတောင်းများအတွက် မိမိကိုယ်တိုင်လူဆိုးအဖြစ် ထင်ရှားအောင်, တဏှာအားကြီးသူ အဖြစ်ထင်ရှားအောင် မပြုလုပ် သင့် ဟု သိမှတ်ကြပါ ကုန်။ အမှန်မှုကား ပြည့်စုံရန် လိုလားခဲ့လျှင် ပြည့်စုံလိုသော အချက်အတွက် ရည်ရွယ်၍ အလုပ်လုပ်ရမည်။ အလုပ်မရှိ ပိုက်ဆံမရှိ အလုပ်ရှိ ပိုက်ဆံရှိကို သတိပြုကြပါကုန်။

ကံတော့ပူဇော်နည်းပြီး၏။

၁၃၀၀–နယုန်လဆုတ် ၁ ရက်နေ့

# အရှင်အာဒိစ္စဝံသ
# မြန်မာပြန်ဆိုရေးသားအပ်သော
# ပုဂ္ဂလဒ-မြန်မာပိဋကတော်

ဘုရားဟော
နိကာယ်ငါးရပ် ပိဋကမှ
မဇ္ဈိမနိကာယ်
မူလပဏ္ဏာသက
သုတ်ပေါင်းငါးဆယ်ကို
စာဘတ်သူတိုင်းနားလည်နိုင်အောင်
တကယ်ကျကျနန-ပြန်ဆို ရေးသား
ထားပါသည်။

အဘိုးတအုပ်-၅၀-

# တရားမှန်တော်ကြီး

## ဒုတိယခဏ်း

## ရက်တော်နှင့် သရကာရုံ ပဋ္ဌသီ

# ဂုဏ်တော်နှင့် သရဏဂုံ ပဍ္ဌသီ


၇- ဘုရား ဂုဏ်တော် ပါဠိနိဿျ ...... ၂၇-၂၈

၈· တရား ဂုဏ်တော် ။ ...... ၂၈-၃၀

၉· သံဃာ ဂုဏ်တော် ။ ...... ၃၀-၃၂

၁၀- ရတနတ္တယ ပဏာမ ...... ၃၂

၁၁- ငါးပါးသီလဆောက်တည်နည်း ...... ၃၃

၁၂- သရဏဂုံ ကိုးကွယ်ရိုး ...... ၃၃-၃၅

၁၃- ငါးပါးပဍ္ဌသီ ...... ...... ၃၅-၃၇

၁၄- တရားမှန်တော်ကြီး ...... ၃၇-၃၉

# ဂုဏ်တော်နှင့်သရဏဂုံပဉ္စသီ

## ၁-ဘုရားဂုဏ်တော်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော, ပုရိသဒမ္မသာရထိ, သတ္ထာဒေဝ- မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ, ဣတိ ဣမေဟိ ဂုဏေဟိ † သမန္နာဂတံ တထာဂတံ သိရ
သာ န'ဟံ ဝန္ဒာမိ။

ဣတိပိ=ဤသို့ ဤသို့သော အကြောင်းကြောင့်လည်း သော ဘဂဝါ=ထိုပုဉ္ဇတော်ကြီးသခင် ဘုရားရှင်သည်- အရဟံ=၁ ပူဇော်ပွယ် အထူးထူးကို ခံတော်မူထိုက်၏။

၂- သံသရာခရီး အဘန့်ကို ဖျက်ဆီးတော်မူ၏။

၃- ကိလေသာရန်ကို သတ်ပုတ်ဖျက်ဆီး တော်မူ၏။

၄- မကောင်းမှု ဒုစ္စရိုက်ကို အလျှင်း ပယ်တော်မူ၏။

သမ္မာ သမ္ဗုဒ္ဓေါ=၄- ကိုယ်တော်တိုင် တရား အားလုံးကို မှန်ကန်စွာ သိမြင်တော်မူ၏။

ဝိဇ္ဇာစရဏ သမ္ပန္နော=၅-မဂ်ဖိုလ် ရရောက်ကြောင်း ဉာဏ် ပညာတော် အကျင့်သီလတော်နှင့်ပြည့်စုံတော်မူ၏။

သုဂတော=၆- ကောင်းမွန် မှန်ကန်သော နိဗ္ဗာန် လမ်းသို့ ဆိုက်ရောက် တော်မူ၏။

---

† သံ အနုအဂတံပုဒ်မှ သမနာဂတံ သမန္နာဂတံ ၂ ပုဒ်သာ ဖြစ်နိုင်၏။

၇-သောင်းမွန် မှန်ကန် သော နိဗ္ဗာန် ထမ်းခရီးညွှန် တရားကိုဟောကြားတော်မူ၏။

လောကဝိဒူ=၈- သတ္တဝါတို့ နေထိုင်ရာ လောကကို၎င်း။

၉-လောကနေသူသတ္တဝါ အလူးထူးကို၎င်း။

၁၀-ထိုထိုလောကသို့ ရရောက်ကြောင်း အကျင့်တရားကို၎င်း။

၁၁-ထိုထိုလောကမှလွတ်ကြောင်းအကျင့်တရား၎င်း

၁၂-ထိုထိုလောကသူတို့၏ အလိုအဇ္ဈာသယကို၎င်း၊ သိတော်မူ၏။

အနုတ္တရော= ၁၃- သီလ သမာဓိ ပညာဂုဏ် အားဖြင့် အတုမဲ့ မြင့်မြတ်တော်မူ၏။

ပုရိသဒမ္မသာရထိ=၁၄- ဆုံးမထိုက်သူကို ရွေးချယ် ဆုံးမ တော်မူ၏။

သတ္ထာဒေဝမနုဿာနံ=၁၅- နတ်နှင့် လူတို့၏ ဆုံးမဩဝါဒ ပေးဆရာ ဟဆု ဖြစ်တော်မူ၏။

ဗုဒ္ဓေါ=၁၆- ကိုယ်တော်အလား သတ္တဝါ အများအားလည်း တရားမှန်ကို သိစေတော်မူ၏။

ဘဂဝါ= ၁၇-အာသရေသျှင် ပုဉ်းတော်ကြီး သခင်ဖြစ်တော် မူ၏။

ဣတိမေဟိ ဂုဏေဟိ=ဤသို့သော ဂုဏ်တော် တို့နှင့်၊ သမန္နာဂတံ=ပြည့်စုံတော်မူသော၊ တထာဂတံ= လမ်းမှန်ရောက် သခင် ဘုရားရှင်ကို၊ သိရသာ= ဦးထိပ် ဖြင့်၊ အဟံ=အကျွန်ုပ်သည်၊ ဝန္ဒာမိ=ဂုဏ်တော်နှစ်ကို စင်စစ် မြတ်နိုး ကြည်ညိုကိုး၍ ရှိခိုးပါ၏ဘုရား။

## ၈-တရားဂုဏ်တော်

သွာက္ခာတော ဘဂဝတာ ဓမ္မော-သန္ဒိဋ္ဌိကော. အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဣတိ ဣမေဟိ ဂုဏေဟိ- သမန္နာဂတံ ဓမ္မံ သိရသာ အဘိဝန္ဒာမိ၊

ဘဂဝတာ= ပုဉ်းတော်ကြီး သခင် ဘုရားရှင်သည်၊ သွာက္ခာတော=ကောင်းစွာ ညွှန်ပြ ဟောကြား တော်မူအပ်သော၊ ဓမ္မော=မဂ်ဖိုလ် နိဗ္ဗာန် ပရိယတ် တရားတော်သည်-

သန္ဒိဋ္ဌိကော=၁-မျက်မှောက် အကျိုးကို ဖြစ်စေ၏။

၂- ကိုယ်တိုင် ကိုယ်တွေ့အကျိုးကို ဖြစ်စေ၏။

၃- ထင်ရှားသောအကျိုးကို ဖြစ်စေ၏။

အကာလိကော=၄- အခါမဲ့ အကျိုးကို ဖြစ်စေ၏၊

၅-ကာလမခြားသော အကျိုးကို ဖြစ်စေ၏၊

ဧဟိပဿိကော=၆- လာ, ကြည့်ရှုလှည့်ဟု ပြောနိုင်သော အကျိုးကို ဖြစ်စေ၏။

ဩပနေယျိကော=၇- အနီးကပ်၍ သိအပ်သော အကျိုးကို ဖြစ်စေ၏။

၈- အနီးကပ်၍ ဆောင်ပို့သောအကျိုးကို ဖြစ်စေ၏။

(အနီးကပ်၍ အမြဲမပြတ် အကျိုးကို ဆောင်နိုင်သည် ဟူလို)

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ = ၉- ပညာရှိတို့ ကိုယ်သိ မျက်မှောက် ခံစားအပ်သော အကျိုးကို ဖြစ်စေ၏။

၁၀- ကိုယ်လုပ် ကိုယ်ရ ခံစားအပ်သော ကောင်းကျိုးကို ဖြစ်စေ၏၊

ဇာတိ ဇရမေဟိ ဂုဏေဟိ=ဤသို့သော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ=ပြည့်စုံတော် မူသော၊ ဝဋ္ဋ=မင်္ဂ မိုလ် နိဗ္ဗာန် ပရိယတ် တရားတော်မြတ်ကို၊ သိရသော=ဦးထိပ်ဖြင့်၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒာမိ=ဂုဏ်ရှိကြည်ညို သဒ္ဓါကိုယ်ဖြင့် ရှိသေစွာ ရှိခိုးပါ၏ဘုရား။

## ၉- သံဃ ဂုဏ်တော်

သုပ္ပဋိပန္နော ဘဂဝတော သာဝက- သံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော သာမီစိပ္ပဋိပန္နော ဘဂဝ တော သာဝက- သံဃော, ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိက ရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ ဇာတိဇရမေ ဟိ ဂုဏေဟိ သမန္နာဂတံ သံဃံ သိရသာ အဟံ ဝန္ဒာမိ။

ဘဂဝတော=ပုဉ်းတော်ကြီး သခင် ဘုရားရှင်၏၊ သာဝကသံဃော=တပည့်သားသံဃာတော်သည်-

သုပ္ပဋိပန္နော= ကောင်းမွန် မှန်ကန်စွာ ကျင့်တော် မူ၏၊ ကောင်းမွန်မှန်ကန်အောင် ကျင့်တော်မူ၏၊ ကောင်း မွန်မှန်ကန်သော တရား၌ ကျင့်တော်မူ၏။

ဥဇုပ္ပဋိပန္နော= ဖြောင့်မတ် တည့်မှန်စွာ ကျင့်တော်မူ၏၊ ဖြောင့်မတ် တည့်မှန်အောင် ကျင့်တော်မူ၏၊ ဖြောင့် မတ် တည့်မှန်သော တရား၌ ကျင့်တော်မူ၏၊

ဉာယပ္ပဋိပန္နော=သင့်တင့် ညီညွတ်စွာ ကျင့်တော် မူ၏၊ သင့်တင့် ညီညွတ်အောင် ကျင့်တော်မူ၏၊ သင့်တင့် ညီညွတ်သော တရား၌ ကျင့်တော်မူ၏၊

သာမီစိပ္ပဋိပန္နော= ရိုသေ လေးစားစွာ ကျင့်တော် မူ၏။ ရိုသေ လေးစားအောင် ကျင့်တော်မူ၏၊ ရိုသေလေး စားသောတရား၌ ကျင့်တော်မူ၏။

(အကြောင်းဂုဏ် ၄-မျိုး ကျင့်ဝတ် ၁၂ မျိုး)

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ=လေးဦးသောပုဂ္ဂိုလ် အစုံ တို့ဖြစ်ကုန်၍၊ အဋ္ဌပုရိသပုဂ္ဂလာ=ပုဂ္ဂိုလ်ဦးရေ ရှစ်ယောက် ဖြစ်ကုန်၏၊( သံဃာသရုပ် )

ဘဂဝတော=ပဉ်းတော်ကြီး သခင် ဘုရားရှင်၏၊ ဧသ, သာဝကသံဃော=ဤ တပည့်သား သံဃာတော်သည်-

အာဟုနေယျော=ဆွေးရှုကောင်ရော- ပူဇော်သည်ကို ခံတော် မူထိုက်၏၊

ပါဟုနေယျော=အထူးသူးပြုလုပ်၍ ဆွေးရှုကောင်ရော ပူဇော် သည်ကို ခံယူတော်မူထိုက်၏၊

ဒက္ခိဏေယျော=ရိုသေစွာပြုလုပ်ပူဇော်သည်ကို ခံယူတော် မူထိုက်၏၊

အဉ္ဇလိကရဏီယော= လက်အုပ်ချီမိုး ရှိခိုး ပူဇော် သည်ကို ခံယူတော်မူထိုက်၏၊

လောကဿ=နတ်,လူ,ဗြဟ္မာဟူသော သလောကသားအပေါင်း ၏၊ အနုတ္တရံ=အတုမဲ့ အမြတ် ထွတ် ဆုံးသော၊ ပုညက္ခေတ္တံ=ကောင်းမှုပြုလုပ်ပူဇော်ရာ လယ်ယာမြေ ကောင်းသဖွယ် ဖြစ်တော်မူ၏။ (အကျိုးဂုဏ်တော် ၅-မျိုး)

အုတ္တရမေယ်ပိ ဂုဏောပေ= ဤသို့သော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ=ပြည့်စုံတော်မူသော၊သံဃံ= မဂ္ဂဋ္ဌာန်-ဖလဋ္ဌာန် ရှစ်တန်သော အရိယာ ပုဂ္ဂိုလ် အမျိုးရှိ သံဃာတော်ကို၊ သိရသာ=ဦးထိပ်ဖြင့်၊ အဟံ=အကျွန်ုပ်သည်၊ ဝန္ဒာမိ= ဂုဏ်တော်မြတ်ကို ယုံမှတ်ရိုးကျိုး ရှိခိုးပါ၏ ဘုရား။

## ၁၀-ရတနတ္တယ ပဏာမ

ဩကာသ, ဩကာသ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ဂုဏ်အားဖြင့် ရှိခိုးခြင်း ပူဇော်ခြင်း မြတ်နိုးခြင်း လေးစားခြင်း ကျိုးနွံခြင်း နှိမ်ချခြင်း၏ တည်ရာဖြစ်တော်မူသော ဘုရား တရားသံဃာ ရတနာ မြတ်သုံးပါးတို့ကို အကျွန်ုပ် နှိမ်ချ ရိုကျိုးရှိခိုး ပူဇော်ပါ၏၊ မြတ်နိုးပါ၏၊ လေးစားပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးရ ပူဇော်ရ မြတ်နိုးရ လေးစားရသော ပဏာမ ကုသိုလ်ကံ စေတနာတို့ကြောင့် ထိုက်ပြုသော သူတို့ ရသင့် ရထိုက်သော ပဉ္စကောင်းကျိုး တမလွန် ကောင်းကျိုး နိဗ္ဗာန်အမြတ် ပရမတ်ကောင်းကျိုးတို့ကို အပြည့်အစုံ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## ၁၁—ငါးပါးသီလ ဆောက်တည်နည်း။

**သရဏဂုံသီလတောင်း-** အဟံ, ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ အရှင်ဘုရား, အကျွန်ုပ်တောင်းပန်ပါ၏၊ သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ပေးသနားတော်မူပါ ဘုရား။

**ပုဗ္ဗကာရ-** နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ အရှင်ဘုရား, အကျွန်ုပ်သည် ပူဇော်ဖွယ် အထူးထူးကို ခံတော်မူထိုက်၍ တရားအပေါင်းကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူသော ထိုပုဉ်းတော်ကြီး သခင် ဘုရားရှင်အား နှိမ်ချရိုကျိုး ရှိခိုးပါ၏ ဘုရား။

မှတ်ချက်။ အထက်ပါ စကားမျိုးသည် လိုရင်းမဟုတ် ရှေးဆရာစဉ် သမားစဉ်ဆိုရိုးမျှဖြစ်၏၊ ရဟန်းများက သရဏဂုံကို ပေးနိုင်သည်သဘောမျိုး ပေး၍ မရကောင်း၊ ဆောက်တည်သူ၏ အလိုဆန္ဒသာ ပြဋ္ဌာန်း၏။

### ၁၂-သရဏဂုံ ကိုးကွယ်ရိုး

**သရဏဂုံ-** ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ အရှင်ဘုရား, အကျွန်ုပ်သည် ကိုယ်တော်တိုင် ဆင်းရဲကင်းကြောင်း ဒုက္ခလွတ်ကြောင်း တရားကို သိမြင်တော်မူ၍ ကိုယ်တော် အလား သတ္တဝါ အများအားလည်း တရားမှန်သိစေတော်မူသော ဘုရားရှင်ကို ကိုး

ကွယ်ပါ၏, ဆည်းကပ်ပါ၏, မှီခိုပါ၏၊ ပစ္စက္ခ ကောင်းကျိုး တမလွန် ကောင်းကျိုးနိဗ္ဗာန်အမြတ်မရမတ် ကောင်းကျိုးကို ပေးစွမ်းနိုင်သည့်ဟူ၍ ယုံကြည်ပါ၏, ကိုးစားပါ၏, မှီခိုပါ၏၊ အသက်ဟူသော အကြောင်းကြောင့် ပင်လည်း မပျက်မကွက် မပစ်မပယ် မဖယ်မလွှဲ အမြဲကိုးစားပါ၏၊ အခြား နတ် သစ်ပင် ဥယျာဉ် တော တောင် နေ လ နက္ခတ်စသည့်တို့ကို ရိုးကိုး ပူဇော် ကော်ရော်ပသခြင်း အလျင်းမပြု အတုမဲ့ ဘုရားရှင်ကိုသာ ကိုးစားပါ၏, မှီခိုပါ၏, ဘုရား။

အရှင်ဘုရား, အကျွန်ုပ်သည် ပုဉ်းတော်ကြီး သခင် ဘုရားရှင် ညွှန်ပြ ဟောကြား ဆုံးမထားတော်မူသော မဂ်ဖိုလ် နိဗ္ဗာန်ပရိယတ်တရားတော်ကို ကိုးကွယ်ပါ၏,ဆည်းကပ်ပါ၏, မှီခိုပါ၏၊ ပစ္စက္ခ ကောင်းကျိုး တမလွန်ကောင်းကျိုး နိဗ္ဗာန်အမြတ် မရမတ်ကောင်းကျိုးကို ပေးစွမ်းနိုင်သည်ဟူ၍ ယုံကြည်ပါ၏, ကိုးစားပါ၏, ဆည်းကပ်ပါ၏,မှီခိုပါ၏၊ အသက် ဟူသောကြောင်း ကြောင့်ပင်လည်း မပျက်မကွက် မပစ်မပယ် မဖယ်မလွှဲ အမြဲ ကိုးစားပါ၏။

အခြား နတ်ပေဒင် နက္ခတ် တရား စသည့် ဗာဟိရ ပညတ်တရားတို့ကို ရိုးကိုးပူဇော် ကော်ရော် လေးနာခြင်း အလျင်း မပြု အတုမဲ့ ဘုရားရှင်၏ တရားတော်ကိုသာ ကိုးစားပါ၏, ဆည်းကပ်ပါ၏, မှီခိုပါ၏ ဘုရား။

အရှင်ဘုရား အကျွန်ုပ်သည် ပုဉ်းတော်ကြီးသခင် ဘုရားရှင်၏ တပည့်သားတော် ဖြစ်၍ ကောင်းကျင့် ကောင်းကြံနှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော အရိယာ သံဃာတော် မဂ် ရောက် ဖိုလ် ရ ဖြစ်ထိုက်သော

အကျင့်ရှိ သံဃာတော်ကို ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏၊ မှီခိုပါ၏၊ ပစ္စက္ခကောင်းကျိုး တမလွန် ကောင်းကျိုး နိဗ္ဗာန် အမြတ် ပရမတ်ကောင်းကျိုးကိုပေးစွမ်းနိုင်သူ ဟူ၍ ယုံကြည် ပါ၏၊ ကိုးစားပါ၏၊ မှီခိုပါ၏၊ အသက်ဟူသော အကြောင်း ကြောင့်ပင်လည်းမပျက်မကွက် မပြစ်မပယ်မဖယ်မလွဲအမြဲ ကိုးစားပါ၏။ အခြားသော နတ်အစေခံ တိတ္ထိယ တပည့် စသည်တို့ကို ရိုးကိုး ပူဇော် ကော်ရော် ခယခြင်း အလျင်း မပြု အတုမဲ့ ဘုရား၏၊ တပည့်သား သံဃာ တော်ကိုသာ ကိုးစားပါ၏၊ ဆည်းကပ်ပါ၏၊ မှီခိုပါ၏ ဘုရား။

မှတ်ချက်။ သမ္ဗန္ဓ ပဟာန် နှစ်ပါးနှင့် ပြည့်စုံသော သရဏဂုံမှသာ မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်မှ လွတ်မြောက်၍ ဝါးခဦးကျ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်နိုင်ကြောင်း သတိပြုပါ။

## ၁၃- ငါးပါး မဏ္ဍသီ

၁- ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂- အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃- (ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ)

(အိမ်ထောင်ရှိသူတို့အဖို့) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄- မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅- သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အမှုင်ဘုရား, အကျွန်ုပ်သည် ဝိဝိ အသက် ဟူသော အကြောင်းကြောင့် ဖြစ်စေ, လာဘ်သက္ကာရကြောင့်ဖြစ်စေ—

၁- သူ့အသက်ကို ကိုယ်တိုင်လည်း မသတ်ပါ, သူတပါးကို လည်း မတိုက်တွန်းပါ။ သူတပါးသတ်ဖြတ် သည် ကိုလည်း အခွင့်မပြုပါ, ဝမ်း မမြောက်ပါ။

၂- သူ့ဥစ္စာကို ကိုယ်တိုင်လည်း မခိုးယူပါ, သူတပါးကို လည်းမတိုက်တွန်းပါ, သူတပါးခိုးယူသည့်ကိုလည်း အခွင့်မပြုပါ, ဝမ်းမမြောက်ပါ၊

၃- (သူ့မယားကို ကိုယ်တိုင် လည်းမဖျက်ဆီးပါ, သူတ ပါးကိုလည်း မတိုက်တွန်းပါ, သူတပါးတို့ ဖျက်ဆီး သည်ကိုလည်း အခွင့်မပြုပါ, ဝမ်း မမြောက် ပါ၊) မေထုန် အကျင့်ကို ကိုယ်တိုင်လည်း မပြုကျင့်ပါ, သူတပါးကိုလည်း မတိုက်တွန်းပါ, သူတပါးတို့ ပြု ကျင့်သည်ကိုလည်း အခွင့်မပြုပါ, ဝမ်းမမြောက်ပါ၊

၄- မမှန်မုသားစကားကို ကိုယ်တိုင်လည်း မပြောပါ, သူတ ပါးကိုလည်း မတိုက်တွန်းပါ, သူတပါးတို့ ပြောဆို သည်ကိုလည်း အခွင့်မပြုပါ, ဝမ်းမမြောက်ပါ၊

၅- သေအရက်, မိန်းကာနေဖော်, ရှော်ဇာ, ဆေးချောက်တို့ကို ကိုယ်တိုင်လည်း မသောက်စား မရှူရှိုက်ပါ, သူတ ပါးကိုလည်း မတိုက်တွန်းပါ, သူတပါး သောက်စား ရှူရှိုက်သည်ကိုလည်းအခွင့်မပြုပါ, ဝမ်းမမြောက်ပါ၊

ဤ ငါးပါး, ရှစ်ပါး, ဆယ်ပါးသော အင်္ဂါရှိ သီလတို့ကို လုံခြုံစွာ ဆောက်တည်ပါ၏။ ဤသီလနှင့် မိမိ ကိုယ်စိတ်ကို ထားပါ၍ မိမိသန္တာန်၌ ဤသီလတို့ကိုတည်စေပါ၏။ ဤအသိသ်ကို

လောကရေး လောကစည်းစိမ်း ချမ်းသာကို တောင့်တ၍ မစောင့်ထိန်းပါ၊ လောကဆင်းရဲ ကုန်ဆုံးရန်သာ ကျင့်ဆောင်ပါ၏၊ ထိုသီလ၌ တစုံတရာ ငါ့ဟာ၊ ငါ၊ ငါ့ဖိုင် မစွဲး လင်းပါ၊ စိတ်စင်ကြယ်ရေးအတွက်သာ ကျင့်ဆောင် ပါ၏ ဘုရား။

မှတ်ချက်။ ဤဗြဟ္မစရိယ ပဉ္စမ သီလကို လူပျို၊ မိန်းမပျို မုဆိုးဖို မုဆိုးမ စသည် အိမ်ထောင်မဲ့သူ အားလုံး ဆောက်တည် နိုင်ခွင့်ရှိ၏။ ကာမေသုမိစ္ဆာစာရ ပဉ္စမသီလကို အိမ်ထောင်ရှိသူအားလုံး ကျင့်သုံး ခွင့်ရှိ၏။

## ၁၄–တရားမှန်တော်ကြီး။

ဒိုး–အာနန္ဒာ၊ ဤ သာသနာတော်ဝင်အရိယာ တပည့်တော်သည် ဘုရား၌ မတုန်မလှုပ်ကြည်ညို၏၊ ဘုရား တရားတော်၌ မတုန်မလှုပ်ကြည်ညို၏၊ သံဃာတော်၌ မတုန်မလှုပ် ကြည်ညို၏ အရိယာတို့ နှစ်သက်အပ်လျက် မကျိုး မပေါက် မပြောက်မကျားစေမူ၍ လောဘကို တော်လှန်သဖြင့် ဉာဏ်ပညာရှိတို့ ချီးကျူးထိုက်လျက် အစွဲအလမ်း ကင်းစင်သဖြင့် တည်ကြည်ရေးကို ဖြစ်စေလောက်သည့် သီလအကျင့် ရှိ၏၊ ဤ အင်္ဂါလေးပါးနှင့် ပြည့်စုံခဲ့သော်၊ မိမိကိုယ်တိုင်ပင် ငါသည် ငရဲမီးကုန်ပြီ၊ တိရစ္ဆာန်မီးကုန်ပြီ၊ ဒုဂ္ဂတိသို့ မလားရ သုဂတိ၌သာမြဲ၏၊ သောတာပန် ဖြစ်ပြီ၊ မြဲမြဲ တည်ဘဲ အထက် မဂ်ဖိုလ် ရရောက်ဖွယ် ရှိပြီ၊ ဟု ဗျာဒိတ် ကြားနိုင်ပေ ရာ၏။ (ဒီဃနိကာယ်၊ မဟာဝဂ် မဟာပရိနိဗ္ဗာနသုတ်)

ဘုရား၌မတုန်မလှုပ် ကြည်ညိုခြင်းဆိုသည်ကား-အရဟံ အစရှိသောဂုဏ်တော်အတိုင်း သိမှတ် ယုံကြည်ခြင်းတည်း၊

တရား၌ မတုန်မလှုပ်ယုံကြည်ခြင်းဆိုသည်ကား-သန္ဒိဋ္ဌိက စသော ဂုဏ်တော် အတိုင်း သိမှတ် ယုံကြည်ခြင်း, တရား ကျင့်သူမှာ သန္ဒိဋ္ဌိက စသောအကျိုးများ ဖြစ်ပေါ် သည်ဟု ကိုယ်သိဖြစ်ခြင်းတည်း။

သံဃာတော်၌ မတုန်မလှုပ် ယုံကြည်ခြင်းဆိုသည်ကား- သုပ္ပဋိပန္နအစရှိသော ဂုဏ်တော်အတိုင်း သိမှတ်ယုံကြည် ခြင်း၊သုပ္ပဋိပန္န စသော ကျင့်ဝတ်များနှင့် ပြည့်စုံသော သံဃာကို သိမြင်ခြင်း တည်း။

အရိယာတို့ နှစ်သက်အပ် ဆိုသည့်ကား- ပြည့်စုံခြင်း, ဘဝယဉ်ကျေးကောင်းခြင်း, ကမ်စွဲးကောင်းခြင်း အင်္ဂါ ၃-ပါး ရှိ မဂ်ထိုက် ဖိုလ်ထိုက် သီလကို ဆိုသတည်း၊

မကျိုးမပေါက် မပြောက်မကျားဟူသည်ကား-ပဥ္စသီလ ၏ ပြည့်စုံခြင်းကို ဆို၏။

လောကကို တော်လှန် ဆိုသည့်ကား-လူ နတ် အဖြစ်နှင့် ၎င်းတို့စည်းစိမ်ကို အတည်အမြဲ ကောင်းခြင်းတည်း၊ ငါးပါး သီလအတွက် လူ နတ်မဖြစ်လိုခြင်း, ၎င်းတို့ စည်းစိမ်ကို မတောင့်တခြင်း တည်း။

ဉာဏ် ပညာရှိ ဟူသည်-မဂ်ဖိုလ်ရရောက်သူ, မဂ်ဖိုလ် ဉာဏ်မျိုးရှိသူ တည်း၊ ချီးကျူးထိုက် ဟူသည်- ဤသို့သော မဂ်ဖိုလ်ဉာဏ် ရှိသူတို့ ချီးကျူးသင့်သော သီလကို ဆိုသည်။

အမှား အလမ်းကင်းစင်ပုံသည်ကား-ဤကုသိုလ်ဖြင့် ဤသို့ သော နတ်ဖြစ်အံ့, လူဖြစ်အံ့, နတ်မင်းဖြစ်အံ့, လူမင်းဖြစ်အံ့ဟု

အစွဲးကင်းသည်ကို ဆိုအပ်၏၊ ဤစကားဖြင့် မိဋ္ဌိရိုင် ပြုလုပ်ပြီး အတိတ်ကပ် အပေါ်၌ အစွဲး အလမ်း ကင်းရမည်ကို ညွှန် ပြ၏။

တည့်တန့်ရေး ဟူသည်– စိတ်တည်တန့်ရေး သမာဓိကို ကို ဆိုအပ်၏၊

ထိုသို့သော သမာဓိကို ဖြစ်နိုင်သောသီလ ဟူသည်ကား ဤနေရာ၌ ငါးပါးသီလကိုဆို၏၊ အင်္ဂါ ၄-ပါး ဟူသည်– (၁) ဘုရား၌ (၂) တရား၌ (၃) သံဃာ၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် (၄) ဆိုခဲ့သောပဉ္စသီလကိုဆို၏၊ သုဂတိ၌သာမြဲး၏ ဆိုသော စကားဖြင့် ထိုသို့သောသူမှာ သောတာပန် နှင့် အခြားအနားမရှိသည်ကိုဆို၏၊ မဂ်ဖိုလ်ကိုရပြီဟုကား မဆိုရ၊ သို့ရာတွင် ထိုမှုအခြေ၌ တည်ရှိပြီးသူသည် သဒ္ဓါနုသာရီ ဓမ္မာနုသာရီ ဟူသောအောက်တန်းသောတာပန် ၂-မျိုးသို့ တက်ရောက်ပြီဖြစ်၍ စင်စစ် မဂ်ဖိုလ် ရောက်ထိုက်သူ ဖြစ်လေပြီ၊ ထိုတွင် သဒ္ဓါနုသာရီ ဆိုသည်ကား မဂ်ဖိုလ်ကို ယုံကြည်ရေးသဒ္ဓါသို့ အစဉ်လိုက်သူဖြစ်လေသည်၊ ၎င်းသဒ္ဓါကို မှီ၍, ဝီရိယ သတိ သမာဓိ ပညာအစဉ်သို့ ရောက်နိုင်သူဟု ဆိုလို၏၊ ဓမ္မာနုသာရီ ဟူသည်ကား–ဤသည့် ဣန္ဒြေတရား ငါးပါးတို့ကို များစွာပွါးစီးပြီး ရှိသူကို ဆို၏၊ ယင်းသို့သော သူများမှာ အကယ်၍ကား သောတာပန် အစစ် မဟုတ်သေး, သို့ရာတွင် ဓမ္မသောတ တရားအယာဉ်အားဖြင့် မဂ်ဝင် ဖိုလ်ဆိုက် ဖြစ်လေပြီ၊ တရားကား ၎င်းကို သောတာပန် ဂုဏ်အဆင့်အတန်းသို့ မြှင့်တင်လိုက်ပြီဟု ဆိုလိုသတည်း။

# နိကာယ် ငါးရပ် ပိဋကတွင်

# မဇ္ဈိမ နိကာယ်၌

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော

## မဟာသတိပဋ္ဌာနသုတ္တန် ပါဠိတော်ကို

ဘုရားအလိုတော်ကျ

အလုပ်သမားများ နားလည်နိုင်အောင်

ထွက်ပေါ်ရေးသားရိုက်နှိပ်ထုတ်ဝေပြီးစာအုပ်များနှင့်လုံးဝမတူ

တမူခြား၍ မြန်မာစကား အသုံး အနှုံးဖြင့်

အရှင် အာဒိစ္စဝံသ ထေရ်သည်

သူမတူအောင် ရေးသားထားသော

## လုပ်ငန်း အကျယ်ပြ

# မဟာ သတိပဋ္ဌာန် အဖွင့် ကျမ်း

ရိုက်နှိပ် နေပါပြီ။

# တရားမှုန်တော်ကြီး

## တတိယခဏ်း

## သီလ နှင့် ကျင့်သုံးနည်း။

# သီလ နှင့် ကျင့်သုံးနည်း။


၁၅- ရှစ်ပါးသီလဆောက်တည်နည်း။ ၄၃-၄၆

၁၆- ဥပုသ်ကျင့်သုံးနည်း။ ၄၆-၅၁

၁၇- နဝင်္ဂုပေါသထသီလဆောက်တည်နည်း၊ ၅၁-၅၃

၁၈- ဒသင်္ဂသီလ ဆောက်တည်နည်း။ ၅၄-၅၅

၁၉- အပါယ်လွတ်သီလ ဖြစ်မြောက်ရေး။ ၅၆-၅၈

# သီလ နှင့် ကျင့်သုံးနည်း

## ၁ ၅-ရှစ်ပါးသီလ ဆောက်တည်နည်း။

သရဏဂုံသီလတောင်း။—အဟံ, ဘန္တေ, တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ, အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ, ဘန္တေ။— အရှင်ဘုရား အကျွန်ုပ်တောင်းပန်ပါ၏၊, သရဏဂုံနှင့်တကွ ရှစ်ပါးသီလ တော်မြတ်ကို ပေးသနားတော်မူပါ ဘုရား။

ဗုဒ္ဓပူဇာ။—နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။—အရှင်ဘုရား, အကျွန်ုပ်သည် ပူဇော်ဖွယ် အထူးထူးကို ခံတော်မူထိုက်၍ တရား အားပေါင်းကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူသော ထိုပဉ်းတော်ကြီးသခင် ဘုရားရှင်အား နှိမ်ချရိုကျိုး ရှိခိုးပါ၏ဘုရား။

သရဏဂုံ။—ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။—အရှင်ဘုရား အကျွန်ုပ်သည် ကိုယ်တော်တိုင် ဆင်းရဲ ကင်းကြောင်း ဝဋ်လွတ်ကြောင်း တရားကို သိမြင်တော်မူ၍ ကိုယ်တော် အလား သတ္တဝါအများ အားလည်း တရားမှန် သိစေတော် မူသော ဘုရားရှင်ကို ကိုးကွယ်ပါ၏, ဆည်းကပ်ပါ၏, ရှိခိုးပါ၏၊ ပစ္စက္ခ ကောင်း ကျိုး တမလွန်ကောင်းကျိုး နိဗ္ဗာန်အမြတ် ပရမတ်ကောင်း ကျိုးကိုပေးစွမ်းနိုင်သည်ဟူ၍ ယုံကြည်ပါ၏, ကိုးစားပါ၏, ရှိခိုးပါ၏၊ အသက်ဟူသော အကြောင်းကြောင့် ပင်လည်း

မပျက်မကွက် မပစ်မပယ် မဖယ်မလွဲ အမြဲ ကိုးစားပါ၏၊ အခြား နတ် သစ်ပင် ဥယျာဉ် တောတောင် နေ လ နက္ခတ် စသည်တို့ကို ရိုးကိုးပူဇော် ကော်ရော်ပသခြင်းအလျှင်းမပြု အတုမဲ့ဘုရားရှင်ကိုသာ ကိုး စား ပါ၏၊ ဆည်းကပ်ပါ၏၊ မှီခိုပါ၏ဘုရား။

အရှင်ဘုရား၊ အကျွန်ုပ်သည် ပုဦး တော်ကြီး သခင် ဘုရားရှင် ညွှန့်ပြ ဟောကြား ဆုံးမ ထားတော် မူသော မဂ် ဖိုလ် နိဗ္ဗာန် ပရိယတ် တရားတော်ကို ကိုးကွယ် ပါ၏၊ ဆည်းကပ်ပါ၏၊ မှီခိုပါ၏၊ ဝဋ္ဋ ကောင်း ကျိုး တမလွန် ကောင်းကျိုး နိဗ္ဗာန်အမြတ် ပရမတ် ကောင်းကျိုးကို ပေး စွမ်းနိုင်သည်ဟူ၍ ယုံကြည်ပါ၏၊ ကိုးစားပါ၏၊ ဆည်းကပ် ပါ၏၊ မှီခိုပါ၏၊ အသက်ဟူသော အကြောင်းကြောင့် ပင် လည်း မပျက်မကွက် မပစ်မပယ် မဖယ်မလွဲ အမြဲကိုးစား ပါ၏။ အခြား နတ် ဗေဒင် နက္ခတ် တာရာ စသည် ဗာဟိရ ပညတ်တရားတို့ကို ရိုးကိုးပူဇော် ကော်ရော် လေးနာခြင်း အလျှင်းမပြု အတုမဲ့ဘုရားရှင်၏ တရားတော်ကိုသာ ကိုးစား ပါ၏၊ ဆည်းကပ်ပါ၏၊ မှီခိုပါ၏၊ ဘုရား။

အရှင်ဘုရား၊ အကျွန်ုပ်သည် ပုဦးတော်ကြီးသခင်ဘုရား ရှင်၏ တပည့်သားတော်ဖြစ်၍ ကောင်းကျင့် ကောင်းကြံနှင့် ပြည့်စုံ တော်မူသော မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန် သော အရိယာ သံဃာတော် မဂ်ရောက် ဖိုလ်ရ ဖြစ်ထိုက် သော အကျင့်ရှိ သံဃာတော်ကို ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ မှီခိုပါ၏၊ ဝဋ္ဋကောင်းကျိုး တမလွန်ကောင်းကျိုး နိဗ္ဗာန် အမြတ် ပရမတ် ကောင်းကျိုးကို ပေးစွမ်း နိုင်သူဟူ၍

ယုံကြည်ပါ၏, ကိုးစားပါ၏, မှီခိုပါ၏၊ အသက်ဟူသော အကြောင်းကြောင့် ပင်လည်း မပျက်မကွက် မပစ်မပယ် မဖယ်မလွဲ အမြဲကိုးစားပါ၏၊ အခြားသော နတ် အစစ် တိတ္ထိယဘုရားပညာ ကိုး သီလကို ရိုး ကိုးကွယ်ဖွယ် မြင်းအလျှင်းမပြု အတုမဲ့ဘုရား၏ တပည့်သားသံဃာတော် ကိုသာ ကိုးစားပါ၏, ဆည်းကပ်ပါ၏, မှီခိုပါ၏ဘုရား။

## ရှစ်ပါး အဓိဋ္ဌာန်

၁-ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၂-အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၃-အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၄-မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၅-သုရာမေရယ- မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆-ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၇-နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿန- မာလာဂန္ဓ- ဝိလေပန- ဓာရဏ- မဏ္ဍန- ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
၈-ဥစ္စာသယန- မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

အရှင်ဘုရား, တပည့်တော်သည် မိမိ အသက်ဟူသော အကြောင်းကြောင့် ဖြစ်စေ လာဘ် ပူဇော်သက္ကာရ အကြောင်းကြောင့်ဖြစ်စေ- ၁-သူ့ အသက်ကိုမသတ်ပါ။
၂-သူ့ဥစ္စာကို မခိုးပါ။
၃-မမြတ်သော ရွံ့သူတို့၏ မေထုန်အကျင့်ကို မကျင့်ပါ။

၄-မမှန်မှသား မပြောဆိုပါ။
၅-ကုသိုလ်တရား၌ မေ့လျော့ ယစ်မူးကြောင်း သေ အရက် မိန်း ကာဖော် ဖျော်ဖွာ ဆေးချောက်တို့ကိုမသောက် မစား မရှူ မရှိုက်ပါ။
၆-နေမွန်းလွဲအခါ အစားအစာကို မစားသောက်ပါ။
၇-က သီ တီး မှုတ်ခြင်း ၎င်းတို့ကို ကြည့်ရှုခြင်း, ပန်း နံ့သာ လိမ်းခြင်း တန်းဆာ ဆင်ခြင်း, အတင့် အတယ် ပြုလုပ်ခြင်းအမှ ကြဉ်ရှောင်ပါ၏။
၈-မြင့်မြတ် ကောင်းမွန်သော နေရာ ထိုင်ခင်းတို့၌ မနေထိုင် မအိပ်စက်ပါ။

ဤရှစ်ပါးသီလကို မကျိုးမပေါက် မပြောက်မကျားအောင် လုံချုံစွာ ဆောက်တည်ပါ၏, ဤရှစ်ပါးသီလ၌ မိမိကိုယ် စိတ်ကို ထားပါ၏, မိမိကိုယ်စိတ်၌ ဤရှစ်ပါး သီလကို တည်စေပါ၏။

# ၁၆ ဥပုသ်ကျင့်သုံးနည်း

အို-ကျောင်းအမ ဝိသာခါ, ဥပုသ် ကျင့်သုံးနည်းသည် နွားကျောင်းသား ဥပုသ်သုံးနည်း, နိဂဏ်း ရဟန်းတို့ ဥပုသ် သုံးနည်း, အရိယာတို့ ဥပုသ် သုံးနည်းဟု ၃-မျိုး ရှိ၏၊

နွားကျောင်းသားတို့သည် ညနေချမ်းအခါ နွားသျှင်တို့ အား နွားတို့ကို အပ်နှင်းပြီးသော်, ယနေ့ကား နွားတို့ကို ဤ မည်သော စားကျက်၌ ထိန်းကျောင်းခဲ့၍, ဤမည်သော ဆိပ် ၌ ရေတိုက်ခဲ့ပြီ၊ နက်ဖြန် မည်သည့် စားကျက်၌ ထိန်း ကျောင်း၍ မည်သည့်ဆိပ်၌ ရေတိုက်ရပါအံ့နည်း?ဟု စိတ်

ကျေးကုန်၏၊ ဤနည်းတူပင် ဥပုသ် သုံးသူသည်လည်း ယနေ့ ဤမည် ဤမည်သော နေရာ၌ ဤမည် ဤမည်သော အစာကို စားရပြီ, နက်ဖြန် မည်သည့်မည်သည့် အစားကို စားသုံးရပါအံ့နည်း? ဟု ကြံစည်စိတ်ကူး၏ ထိုသို့အားဖြင့် ထိုဥပုသ်သည် ထိုသို့ တသ်မက် စွဲလမ်းသော အဘိဇ္ဈာ စိတ်ဖြင့် နေ့ကို ကုန်လွန်စေလေသည်၊ ဤသို့သော နွားကျောင်းသားဥပုသ်မျိုးသည် အကျိုးမခါနိသံသ မကြီးကျယ် အစွမ်းတန်ခိုးမရှိ, မပွါးစီး မတိုးတက်ချေ။

နိဂဏ်းရဟန်းတို့သည် မိမိ တကာ တို့အား, သင်သည် အရှေ့ အနောက် တောင် မြောက် အချပ်လေးဖက် ယူဇနာ တရာ အတွင်းရှိ သတ္တဝါတို့ အသက်ကို မသတ်ပုတ် မညှဉ်းဆဲးလင့်-ဟု ဆောက်တည်စေကုန်၏၊ ဤသို့အားဖြင့် သတ္တဝါအချို့ကို မသနား မစောင့်စည်းရန် ဆောက်တည်စေလေသည်။

ထိုနိဂဏ်း ရဟန်းတို့သည် ဥပုသ်နေ့၌ မိမိ တကာများအား သင်သည် ရန်အားလုံးကိုပယ်စွန့်လော့, ငါသည်တစုံတရာ၌ တစုံတဦးအား တစုံတရာ ကြွယ်တာခြင်းမရှိ, ငါ့အား တစုံတရာ၌ တစုံတဦးအပေါ်၌ တစုံတခု စွဲလမ်းခြင်းမရှိဟု ဆိုလော့ဟု ဆိုစေကုန်၏၊ ထိုသို့ ဥပုသ်သုံးသူ အားရင်း၏ မိဖ ဆွေမျိုး မိတ်သင်္ဂဟာတို့က ဤသူကား ငါတို့သားတည်း စသည်သိကုန်၏၊ ရင်းကလည်း ထိုသူတို့ကို ဤသူတို့ကား ငါ၏အမိအဖတို့တည်း စသည် သိ၏၊ ဤသို့ အားဖြင့် အမှန်ကို ဆောက်တည် ရမည့်အခါ၌ မမှန်မကန် ဆောက်တည်စေကုန်၏၊ ဤကား မုသားတည်း။

ထိုဥပုသ် သုံးသူသည် ညဉ့်လွန်၍ ဥပုသ် ထွက်သော် ထိုသည့် ဥစ္စာပစ္စည်းတို့ကို သူမပေးကမ်းပဲပင် သုံးဆောင်၏၊ ဤကား အဒိန္နာဒါန်တည်း။

ဤသို့သော နိဂဏ်း ဥပုသ်မျိုးသည် အကျိုး အာနိသံသ မကြီးကျယ် အစွမ်းတန်ခိုးမရှိ, မပွါးစီး မတိုးတက်ချေ။

**အရိယာတို့ ဥပုသ်ဆောက်တည်နည်းကား-** ဤသာသနာတော်က အရိယာတို့တပည့်တကာသည်-

ဤသို့သော အကြောင်းကြောင့် ပဉ်းတော်သခင် ဘုရားရှင်သည်ပူဇော်ဖွယ် အထူးထူးကို ခံယူတော် မူထိုက်၏၊ စသည် ဘုရား ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့၏၊

ထိုဘုရားရှင် ညွှန်ပြဟောကြားအပ်သော တရားတော်သည် မျက်မှောက်၌ အကျိုးရ ဖြစ်စေ၏- စသည် တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့၏။

ဘုရားရှင်၏ တပည့်သား သံဃာတော်သည် ကောင်းမွန်စွာကျင့်တော်မူ၏၊ စသည် သံဃာ့ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့၏။

ငါ၏ သီလသည် မကျိုးမပေါက် မပြောက်မကျား စင်ကြယ်၏, သီလသည် လောက၌ တစုံတရာကို တောင့်တလိုလား မရှိ, ပညာရှိအရိယာတို့ ချီးကျူးထိုက်၏, တဏှာ မာန ဒိဋ္ဌိ- အစွဲကင်း၏, တည်ကြည်ရေးကိုဖြစ်စေ၏, စသည် မိမိ သီလကို အဖန်ဖန် အောက်မေ့၏၊

---

† ဒုတိယခဏ်း မျက်နှာ ၂၇-မှစ၍ ၃၁ ထိ ဆိုထားသော ဘုရား တရား သံဃာဂုဏ်တော်များအတိုင်း အောက်မေ့ ဆင်ခြင်ရမည်ဟု ဆိုလို၏။

စာတုမဟာရာဇိက စသောနတ်, ပထမဈာန်စသောဗြဟ္မာတို့သည် သဒ္ဓါယုံကြည်ရေး အကျင့်သီလ စသည့် ကြောင့်ပင် ထိုထိုနတ်ပြည်သို့ ရောက်ကြကုန်၏။

ငါ့မှာလည်း ၎င်းတို့နှင့် တူမျှသော သဒ္ဓါ သီလ သုတ စာဂ ရှိ၏ဟု အဖန်ဖန် အောက်မေ့၏၊ အရိယာ တို့သည် အသက်ထက်ဆုံး သူ့အသက်ကို မသတ်ဖြတ်ကုန်၊ ငါသည်လည်း ဤနေ့ဤညဉ့်များ၌ ဤသို့သော အကျင့်သိက္ခာ ရှိ၏၊ စသည် အဖန်ဖန် အောက်မေ့၏။

ဤသို့ကျင့်သုံးဆောက်တည်သော သီလသည်သာ အကျိုး အာနိသံသ ကြီးကျယ်၏, အစွမ်း တန်ခိုးရှိ၏, ပွါးစီး တိုး တက်ရာ၏။

ဗိုဒ်-ကျောင်းအမ ဝိသာခါ, မည်မျှအကျိုး အာနိသံသ ကြီးကျယ်သနည်း?၊ မည်မျှအစွမ်းတန်ခိုးရှိသနည်း? မည်မျှ ပွါးစီး တိုးတက်သနည်း?၊ ဥပမာအားဖြင့် အင်္ဂတိုင်း မဂဓ တိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သူရသေနတိုင်း အဿကတိုင်း အဝန္တီတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း-ဤသည့်ရတနာမြောက်များစွာသော တိုင်း ကြီး ၁၆-တိုင်းတို့၌ စိုးရပိုင်နင်း မင်းအဖြစ်သည် ဤ အင်္ဂါ ရှစ်ပါးရှိ ဥပုသ်၏ အကျိုးကို ၁၆စိတ် တစိတ်ကိုမျှ မမှီပေ။

အကြောင်းကား- လူတို့ဆိုင်ရာ စိုးရပိုင်နင်း မင်းအဖြစ် သည် နတ်တို့ ချမ်းသာကို ထောက်ထားက အထီးကျန် ဆင်းရဲသာ ဖြစ်ပေသည်။

လူတို့၏ အနှစ် ငါးဆယ်သည် စာတုမဟာရာဇ် နတ်ပြည်၌ တနေ့တညဥ့်သာဖြစ်၏၊ ထိုသည့်နေ့ညဥ့် ၃၀-တလ ၁၂-လတနှစ်၊ ထိုသို့သော နှစ်ပေါင်းငါးရာသည် စာတုမဟာရာဇ် နတ်တို့၏ အသက်အပိုင်းအခြားဖြစ်၏၊

လူတို့၏ အနှစ်တရာသည် တာဝတိံသာ နတ်ပြည်၌ တနေ့တညဥ့်မျှဖြစ်၏၊ ထိုနေ့ညဥ့် ၃၀တလ, ၁၂လ တနှစ် ထိုသို့သော နှစ်ပေါင်းတထောင်သည် တာဝတိံသာ နတ်သက် အပိုင်း အခြားတည်း၊

လူတို့၏နှစ်ရေ ၂-ရာသည် ယာမာနတ်ပြည်၌ တနေ့တညဥ့်မျှဖြစ်၏၊ ထိုနေ့ညဥ့် ၃၀ တလ, ၁၂လတနှစ်၊ ထိုသို့သော နှစ်ပေါင်း ၂-ထောင်သည် ယာမာနတ်တို့၏အသက်တန်းဖြစ်၏၊

လူတို့၏အနှစ် ၄-ရာသည် တုသိတာ နတ်ပြည်၌ တနေ့တညဥ့်ဖြစ်၏၊ ထိုနေ့ညဥ့် ၃၀ တလ, ၁၂လတနှစ် ထိုသို့သောနှစ်ပေါင်း ၄ထောင်သည် တုသိတာနတ်သက်ဖြစ်၏။

လူတို့၏နှစ်ရေ ၈ရာသည်နိမ္မာန-ရတိ နတ်ပြည်၌တနေ့တညဥ့်ဖြစ်၏၊ ထိုနေ့ညဥ့် ၃၀ တလ, ၁၂လ, တနှစ် ထိုသို့သော နှစ်ပေါင်း ၈ထောင်သည် နိမ္မာန-ရတိ နတ်သက်ဖြစ်၏။

လူတို့၏နှစ်ရေ တထောင့်ခြောက်ရာသည် ပရနိမ္မိတ ဝသ-ဝတ္တီနတ်ပြည်၌ တနေ့တညဥ့်မျှဖြစ်၏၊ ထိုနေ့ညဥ့် ၃၀ တလ, ၁၂လ, တနှစ်၊ ထိုသို့သော နှစ်ပေါင်း တသောင်း ခြောက်ထောင်သည်ပရနိမ္မိတ-ဝသ-ဝတ္တီနတ်သက်တည်း။

ဤ လူ့ပြည်က ယောက်ျား မိန်းမတို့သည် ဤ သို့သော အင်္ဂါ ရှစ်ပါးရှိ ဥပုသ်ကို ကျင့်သုံးခဲ့သော် ထိုသည့် နတ်ပြည် ၆-ထပ်တွင် လိုအင်ဆန္ဒရှိရာ နတ်ပြည်၌ ဖြစ်နိုင်လေသည်။

အို-ဝိသာခါ, ဤသို့သော အကြောင်းကိုထောက်ထား၍ လူတို့၏ ယင်းသည့် တိုင်းကြီး ပြည်ကြီး ၁၆-တိုင်းက စိုးရ ပိုင်နင်း မင်းစည်းစိမ်ကို နတ်တို့ ချမ်းသာနှင့် နှိုင်းစာခြင်းဖြင့် အလိုးကျန် ဆင်းရဲဟု ဆိုအပ်၏ (အင်္ဂုတ္တိုရ်ပါဠိတော်)

# ၁၇ နဝင်္ဂ ဥပေါသထ သီလ ဆောက်တည်နည်း။

သရဏဂုံသီလတောင်း။- အဟံ, ဘန္တေ, တိသရဏေန သဟ, နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ, အနုဂ္ဂဟံကတွာ သီလံဒေထ မေ,ဘန္တေ ။-

အရှင်ဘုရား, အကျွန်ုပ်- တောင်းပန်ပါ၏, သရဏဂုံနှင့် တကွ ကိုးပါး သီလတော်မြတ်ကို ပေးသနားတော်မူပါ ဘုရား။

ပုဗ္ဗပ္ပဏာမ။- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ အရှင်ဘုရား, အကျွန်ုပ်သည် ပူဇော်ပွယ်အထူးထူးကို ခံတော်မူထိုက်၍ တရားအပေါင်းကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူသော ထိုဥဿုံတော်ကြီးသခင် ဘုရားရှင်အား နှိမ့်ချရိုကျိုး ရှိခိုးပါ၏ ဘုရား။

**သရဏဂုံ**- ဗုဒ္ဓံ, ဓမ္မံ, သံဃံ, သရဏံ ဂစ္ဆာမိ၊ အရှင်ဘုရား,--ဘုရား၊ (စာမျက်နှာ -၃၃-၄၃တို့က အတိုင်း)

**ကိုးပါးသီလ။**

၁- ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၂- အဒိန္နာ, ဒါနာ, ......

၃- အဗြဟ္မစရိယာ ......

၄- မုသာဝါဒါ ......

၅- သုရာမေရယ-မဇ္ဇပမာဒဋ္ဌာနာ ......

၆- ဝိကာလ ဘောဇနာ ......

၇- နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ......

၈- ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၉- မေတ္တာ ဘာဝနာ ဘာဝေမိ၊-

အရှင်ဘုရား, အကျွန်ုပ်သည် မိမိ အသက် ဟူသော အကြောင်းကြောင့် ဖြစ်စေ, လာဘ်ပူဇော် သက္ကာရ အကြောင်းကြောင့်ဖြစ်စေ-

၁-သူ့ အသက်ကို မသတ်ပါ,

(၁-မှ ၈-ထိ အဋ္ဌင်္ဂသီလအတိုင်း စာမျက်နှာ ၄၅-၄၆တွင်ကြည့်)

၈- မြင့်မြတ် ကောင်းမွန်သောနေရာ ထိုင်ခင်းတို့၌ မနေထိုင် မအိပ်စက်ပါ။

၉- ချစ်ခင်ခြင်း မေတ္တာ စိတ်ဖြင့်တာ လောက နေသူအား လုံးကို ပျံ့နှံ့ ပွါးများ နေထိုင်ပါ၏၊-

ဤကိုးပါးသီလတို့ကို မချိုးမပေါက် မပြောက် မကျား ရှိအောင် လုံခြုံစွာ ဆောက်တည်ပါ၏၊ ဤကိုးပါးသီလနှင့်ငါ၏ ကိုယ်စိတ်ကို ထားပါ၏၊ မိမိကိုယ်စိတ်၌ ဤကိုးပါးသီလကို တည်စေပါ၏, ဘုရား။

အရပ်ဆယ်မျက်နှာရှိ သတ္တဝါအားလုံးကို မေတ္တာထား၍ ရန်ကင်း၍ ပြစ်မှားစိတ်ကင်း၍ နေထိုင်ရမည်၊- ဤကား 'နဝဟိ,ဘိက္ခဝေ, အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော စသော နဝင်္ဂုတ္တိုရ်ပါဠိတော်နှင့်အညီ ကိုးပါးသီလ စောင့်သုံးနည်းတည်း။

ဝေနေယျာဇ္ဈာသယ ဝသေန မေတ္တာ-ဘာဝနံပက္ခိပေတွာ နဝင်္ဂသမန္နာဂတောတိဝုတ္တံ၊ -ဟူသောအဋ္ဌကထာကိုထောက်၍ အထင်လွဲးတတ်၏ အဋ္ဌကထာ စကားမှာ နဝမမြောက် အင်္ဂါဖြစ်ပုံကို ပြခြင်းသာ ဖြစ်၏၊ မေတ္တာမှာ ဘာဝနာဘမျိုးဖြစ်၍ သမာဒါန အင်္ဂါမလုံလောက်ဟုလည်း ထင်မှတ်ဖွယ်ရှိ၏၊ ဇူမိနှာ နဝမေန အင်္ဂေနသမန္နာဂတောဟု ဘုရားဟော ရှိသောကြောင့် ဘုရားထက် မကဲ့သင့်,။

သီလနှင့်ဘာဝနာမှာ သီလာနုသာတိကိုထောက်၍ တစပ်တည်းဟု သိရမည်၊ စင်စစ်ကား ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ ခန္တီသံဝရ, ဝီရိယသံဝရ ဟု သံဝရ ငါးမျိုးတွင် ခန္တီသံဝရ သီလ စင်စစ် ဖြစ်သည်။

ထို့ပြင်ဘာဝနာမျိုးဖြစ်စေကာမူလည်း အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့ကဲ့သို့ ဝိရတိ စောင့်စည်းရေး မရကောင်းသော မနောကမ်မျိုး မဟုတ်၊ မေတ္တာကာယကမ္မံ ပစ္စုပဋ္ဌိတံ မေတ္တာဝစီကမ္မံ ပစ္စုပဋ္ဌိတံဟု ဘုရားဟောတော်မူချက်ရှိသဖြင့် မေတ္တာသည် သီလအားလုံးအတွက် ပြဋ္ဌာန်းလေသည်၊ ၎င်းပါဠိတော်ဖြင့် ကရုဏာ မုဒိတာ ဥပေက္ခာတို့ကို ထည့်၍, ၁၀-၁၁-၁၂ပါး သီလဟုဒ်း,ပဉ္စသီဥ ထည့်၍, ဆဋ္ဌင်္ဂ သတ္တင်္ဂ အဋ္ဌင်္ဂ နဝင်္ဂသီလဟုဒ်း, ဒသသီလ၌ထည့်၍ ဧကာဒသင်္ဂ ဒွါဒသင်္ဂ တေရသင်္ဂ စုဒ္ဒသင်္ဂ သီလာဟုဒ်း,ကျင့်သုံးဖွယ် နည်းသွန်ကို သိရမည်။)

# ၁၈ ဒသင်္ဂသီလ ဆောက်တည်နည်း။

**သရဏဂုံသီလတောင်း၊**-အဟံ, ဘန္တေ, တိသရဏေန သဟ ဒသင်္ဂ သမန္နာဂတံသီလံ ဓမ္မံယာစာမိ, အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ၊-

အရှင်ဘုရား,အကျွန်ုပ်တောင်းပန်ပါ၏,သရဏဂုံနှင့်တကွ ဆယ်ပါးသီလတော်မြတ်ကို ပေးသနားတော်မူပါဘုရား။

**ပုဗ္ဗကာရ၊**- နမောတဿ (ဒုတိယခေါက်ကရှိပြီး)

(စာမျက်နှာ ၃၃ တွင်ကြည့်)

**သရဏဂုံ၊**- ဗုဒ္ဓံ, ဓမ္မံ သံဃံ သရဏံ ဂစ္ဆာမိ၊

(ဒုတိယခေါက်က အတိုင်း အပြည့်အစုံဆို)

(စာမျက်နှာ ၃၃ နှင့် ၄၃ တွင်ကြည့်)

**ဆယ်ပါးသီလ။**

၁-ပါဏာ, တိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၂- အဒိန္နာ, ဒါနာ ......

၃- အဗြဟ္မစရိယာ ......

၄- မုသာဝါဒါ .....

၅- သုရာမေရယ-မဇ္ဇပ္ပမာ ဒဋ္ဌာနာ ......

၆- ဝိကာလဘောဇနာ ......

၇- နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ,

၈- မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ......

၉- ဥစ္စာသယန-မဟာသယနာ......

၁၀- ဇာတရူပ- ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ,

အရှင်ဘုရား, အကျွန်ုပ်သည် မိမိအသက် ဟူသော အကြောင်းကြောင့်ဖြစ်စေ, လာဘ်ပူဇော်သက္ကာရ အကြောင်းကြောင့်ဖြစ်စေ,

၁- သူ့အသက်ကို မသတ်ပါ။—

(၁-မှ၆-ထိ ရှစ်ပါးသီလအတိုင်း စာမျက်နှာ ၄၅—၄၆တို့တွင် ကြည့်ပါ)

၇- ကခြင်း သီချင်းဆိုခြင်း, ဂုင်းဆိုကို ကြည့်ရှုခြင်းမှ ကြဉ်ရှောင်ပါ၏။

၈- ပန်း နံ့သာ ပန်ဆင် ထိမ်းကျံခြင်း, တန်းဆာဆင်ယာဉ်ခြင်း, အဘင့်အတယ်ပြုခြင်းမှ ကြဉ်ရှောင်ပါ၏။

၉- မြင့်မြတ်ကောင်းမွန်သောအိပ်ယာနေရာ၌ ထိုင်အိပ်စက်မပြုပါ။

၁၀-ရွှေငွေဒင်္ဂါး ပိုက်ဆံနှင့်သုံးစွဲးသော ငွေစက္ကူ စသည်ကို မကိုင် မခံ မသာယာပါ။

ဤဆယ်ပါးသီလတို့ကို မကျိုးမပေါက် မပြောက်မကျားအောင် လုံခြုံစွာ ဆောက်တည်ပါ၏, ဤဆယ်ပါး သီလ၌ မိမိကိုယ်စိတ်ကိုထားပါ၏, မိမိကိုယ်စိတ်၌ ဤဆယ်ပါး သီလကို တည်စေပါ၏ဘုရား။

မှတ်ချက်။ —မူလပကတိလူတို့၌ရှိနေသော ရွှေ ငွေ ကျောက်သံပတ္တမြား စသည် ပစ္စည်း များကား သီလ ပျက်ကြောင်း သီလ မတည်ကြောင်း မဟုတ်၊ ထိုသည့်ရွှေငွေကိစ္စကို မပြုလုပ်မကိုင်တွယ်မူ၍ အာလယ ဖြတ်တောက် စွန့်ပယ် နိုင်ခြင်းသာ သီလတည်ကြောင်း ဖြစ်၏၊ မိမိထိးနန်းစည်းစိမ် မင်းအဖြစ်စသည်ကို တနေ့တရက်စသည် စွန့်ပယ် လှူခြင်းမျိုးကဲ့သို့တည်း။

# ၁၉။ အပါယ်လွတ် သီလ ဖြစ်မြောက်ရေး

လောက ၃-ပါးတွင် လူနတ်စည်းစိမ်ကို တောင့်တ ရည်ညွှန်ချက် ထား၍သော အပါယ်ဒုက္ခစသည် ငရဲမီး၊ ပြိတ္တာမီး တိရစ္ဆာန်မီး စသည် တောက်လောင်ရ၏၊ လောက ၃-ပါး၌ ခံစားလိုစိတ်၊ လူမင်း လူမိဘုရား နတ်မင်းနတ်မိဘုရား စည်းစိမ်ကို တပ်မက်သည့် စိတ်ထား မရှိလျှင် အပါယ်မီး အားလုံး ငြိမ်း၏၊ သီလ၌ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ၃-မျိုး စင်မှ ဗုဒ္ဓဘာသာစစ်တို့ သီလဖြစ်၏၊ သို့မှသာ သရဏဂုံ အခြေခံနှင့် လိုက်လျော၍ အကျိုး ကြီးမား၏၊ မြင့်မြတ် ထူးကဲသော သရဏဂုံကို အခြေထားသဖြင့် ကြီးမားမြင့်မြတ်သော သီလသို့ ဆောက်တည်ရပါလျက်၊ အသိဉာဏ် ကင်းမဲ့၍ မတပ်မက်သင့် တပ်မက်ခြင်းကြောင့် ရသင့်သော အကျိုး စီးပွါးမှ မဆုတ်ယုတ်ကြပါ စေလင့်။

နတ် ဗေဒင် နက္ခတ် သိုက် ထဘောင် စံနည်း ဘာဝေါ အင်း အိုင် လက်ဖွဲ့ မန္တန် မန္တြား ဒိဋ္ဌ သုတ မုတ ဝိညာတ အမြင် အကြား အနံ့ အထိ သာယာ အသိ မင်္ဂလာ တို့ကို မယုံကြည်မလိုက်နာခြင်း၊ ၂-မိမိပြုသမျှကံသာ မိမိကောင်း ကျိုး ဆိုးဖြစ် ရရာဟု ယုံကြည်ခြင်း၊ ၃-လောကကို မတပ် မက်ခြင်း၊ ၎င်းကိုစောင့်ထ၍ ဒါန သီလ ဘာဝနာမပြုခြင်း- ဤ ၃-မျိုးသည် ဗုဒ္ဓဘာသာဝင်တို့ပြည့်စုံကြောင်း ကျင့်ဝတ် အကျဉ်းတည်း။ ဤအတိုင်းလိုက်နာ ကျင့်ဆောင်သော် သာ ရထိုက်ရာ အကျိုးကို အပြည့်အစုံ ရပိုင်လေသည်။

ထိုစကား မှန် ၏, ဗုဒ္ဓဘာသာဝင် သရဏဂုံ ယူဆိုစေကာ, မူလသရဏဂုံမှစ၍ နေရာမကျခဲ့သော်, တဖန် ဒါန သီလ စသည်လုပ်ငန်းလွဲချော်ခဲ့ပြန်သော်, ဗုဒ္ဓဘာသာဖြစ်ရကျိုး မနပ်လေရာ၊ မှန်၏၊ သီလဆိုင်ရာ၌, 'အရိယာကန္တာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိ သံဝတ္တနိကာနိ,' ဟု ဘုရား ဟောတော်မူလေသည်။

ထိုပါဠိတော်တွင် အရိယာကန္တာနိ ဟူသော ပထမစကားဖြင့် အရိယာကြိုက်သီလကိုဆို၏၊ အရိယာ ဟူသည် ဘုရားနှင့် ဘုရား တပည့် သံဃာကို ဆို၏၊ ၎င်း အရိယာကြိုက်သီလဖြစ်ရမည်, အရိယာတို့က ဘာကြိုက်မည်နည်း? မဂ်ဖိုလ်နှင့်ဝေး ဉာသွေး သီလမျိုးကို မကြိုက်၊

အခဏ္ဍ အစ္ဆိဒ္ဒ အသဗလ အကမ္မာသ ကျိုးပေါက်ပျောက်ကျားလေးချက်ဖြင့်ပြည့်စုံရမည်ကိုဆို၏၊ အပြည့်အစုံ လွန်ကြူး ချောင်နှင်းမရှိ, ဆောက်တည်ရမည်ဟု ဆိုလို၏။

ဘုဇိဿ ဟူသော စကားဖြင့် တော်လှန်သောသီလ ဖြစ်ရမည်ကိုဆို၏၊ လောကကို တော်လှန်ရမည်၊ လူ နတ် အဖြစ် လူ နတ်စည်းစိမ်ကို မတောင့်တရဟု ဆိုလိုသတည်း။

ဤစကားဖြင့် ရှေးသီဟိုဠ်မဟာဝိဟာရဝါသီ ဂိုဏ်းသားတို့ ဩဝါဒခံ အရှင်မဟာဗုဒ္ဓဃောသ စသည်များ၏ တစုံတခုသောကုသိုလ်ကိုပြု၍ တစုံတခုသောလူ့နတ် ဗြဟ္မာ ဌာနကို ဆုတောင်းရမည်ဟု ထရေးကို ဟောလာစေကာ နားမယောင်ကြလင့်, မလိုက်ပါကြလင့်, မလုပ်မှားကြလင့် ဟု ဘုရားက သတိပေးတော်မူ၏။

ဝိညူပွသစ္စ ဟူသော စကားဖြင့် ဤသို့ဆောက်တည်သည့်အတွက် ပညာဉာဏ်ရှိသိတတ်သူများက ချီးကျူးအပ်သည့်တိုဆိုရ၏၊ မဂ်ဖိုလ်ဆိုင်ရာ ဉာဏ် ပညာ ရှိသူကိုသာ ဤ၌ ပညာဉာဏ်ရှိသိတတ်သူဝိညူဟုဆိုကြောင်းမှတ်ရမည်။

သို့သော် အပါယ်ဒုဂ္ဂတိ ကျရောက်ဖွယ် မရှိ၍ ချီးမွမ်းအပ်သော်လည်း ထိုသို့သောပညာရှိတို့ ချီးမွမ်း ကာမျှနှင့် ကြေနပ်တင်းတိမ် မရှိလင့်ဦး ဟု ပြခြင်းငှါ အပရာမဋ္ဌ ဟူသော စကားကို ဟောတော် မူလေသည်။ အပရာမဋ္ဌ ဆိုသည်ကား အပရာမဋ္ဌ ပုဒ်ရင်းတည်း၊ ဤ၌ပရာမာသ ဟူသည် သီလဗ္ဗတ ပရာမာသမျိုးကိုယူ၊ ထို့ကြောင့်မိမိပိုင်အတိတ်က ပြုခဲ့ပြီးကာမ်မျ ုးအပေါ်၌လည်း အမှားနှလုံးသွင်းနှင့် မတွယ်လမ်းသင့်၊ ရှေးကမ်တို့၏အ ကျိုးများကုိ ခံစားမှုအစွဲးလည်း မထားလင့် ဟု ဆိုလို၏။

ဤသည့် နောက်ဆုံးသမာဓိ သံဝတ္တနိက ဆိုသည်ကား ယင်းသို့လျှင် ၁-ပြည့်စုံခြင်း၊ ၂-တော်လှန်ခြင်း၊ ၃-ကာမ်စွဲးကင်းခြင်း၊ အင်္ဂါရှိ သီလသည်သာ သမာဓိကို ဖြစ်စေနိုင်သည် ဟု ဆိုလို၏၊ အဘယ် သမာဓိနည်း? သောတ္တာပတ္တိမဂ်၏ရှေးသမာဓိ (ဂေါတြဘူ)ကို မှုချယူ၊ အခြား မဂ်တို့၏ရှေးသမာဓိ ဝေါဒါန် ကို အတ္တာပတ္တိ နည်းအားဖြင့် ယူ။

သီလ နှင့် ကျင့်သုံးနည်း ပြီး၏။

၁၃၀၀, နယုန်လဆုတ် ၁၃ ရက်နေ့ည၊

# တရားမှန်တော်ကြီး

## စတုဿခကား

## ဒုစရိုက် သုစရိုက် နှင့် ကမ်

# ဒုစရိုက် သုစရိုက် နှင့် ကမ်


၂၀- ဒုစ္စရိုက် ဆယ်ပါး ...... ၆၁-၆၂

၂၁- သုစရိုက် ဆယ်ပါး ...... ၆၂-၆၃

၂၂- ကမ် ဝေဖန်ချက် ...... ၆၄-၆၇

၂၃- ကမ်၏ ကောင်းကျိုး ဆိုးပြစ် ...... ၆၈-၇၀

၂၄- သမ္မဒိဋ္ဌိ နှင့် မိစ္ဆာဒိဋ္ဌိ ...... ၇၁-၇၃

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

# ဒုစ္စရိုက် သုစရိုက် နှင့် ကမ်

## ၂၀-ဒုစ္စရိုက် ဆယ်ပါး။

ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာ တို့သည် ဆိုးလတ္တံ့ ဒုစ္စရိုက်ဆယ်ပါးတို့မှ ကင်းသူတို့ ဖြစ်ဘုန်ရာ၏။

### (က) ကာယကမ် ၃ မျိုး။

၁-ပါဏာတိပါတ=သူ့အသက်ကိုသတ်ခြင်း, သတ်စေခြင်း, သတ်သည်ကို ဝမ်းမြောက်ခြင်း။

၂-အဒိန္နာဒါန= သူ့ဥစ္စာကို ခိုးယူခြင်း, ခိုးယူစေခြင်း, ခိုးယူသည်ကို ဝမ်းမြောက်ခြင်း။

၃-ကာမေသုမိစ္ဆာစာရ=ကာမဂုဏ် မှားယွင်းကျင့်ခြင်း, ကျင့်စေခြင်း, ကျင့်သည်ကို ဝမ်းမြောက်ခြင်း။

### (ခ) ဝစီကမ် ၄ မျိုး။

၄-မုသာဝါဒ= မဟုတ်မမှန် ပြောဆိုခြင်း, ပြောဆို စေခြင်း, ပြောဆိုသည်ကို ဝမ်းမြောက်ခြင်း။

၅-ပိသုဏဝါစာ= ချောပစ် ကုန်းတိုက်ခြင်း, ကုန်းတိုက် စေခြင်း, ကုန်းတိုက်သည်ကို ဝမ်းမြောက်ခြင်း။

၆- ဖရုသဝါစာ= ကြမ်းကြုတ်စကား ဆိုခြင်း, ဆိုစေခြင်း, ဆိုသည်ကို ဝမ်းမြောက်ခြင်း။

၇- သမ္ဖပ္ပလာပ= အပြိန်း အဖျင်း ပြောခြင်း, ပြောစေခြင်း ပြောသည်ကို ဝမ်းမြောက်ခြင်း။

(ဂ) မနောကမ် ၃ မျိုး။

၈- အဘိဇ္ဈာ= သူ့စည်းစိမ်ကို တပ်မက်ခြင်း, တပ်မက်စေခြင်း, တပ်မက်သည်ကို ဝမ်းမြောက်ခြင်း။

၉- ဗျာပါဒ=သူတပါး ပျက်စီးကြောင်း ကြံခြင်း, ကြံစေခြင်း, ကြံစည်သည်ကို ဝမ်းမြောက်ခြင်း။

၁၀-မိစ္ဆာဒိဋ္ဌိ=ကောင်းမှု ဆိုးမှုအကျိုးမရှိ, ဘဝတပါး မရှိ, အကျင့် ကျင့်ကြံ၍ ထူးခြား သိနိုင်ပွမ်းသူ မရှိဟုအယူမှား ယူခြင်း, ယူစေခြင်း, ယူသည်ကို ဝမ်းမြောက်ခြင်း။

ကိုယ်ဖြင့် ပြုသောအမှုကို ကာယကမ်, နှုတ်ဖြင့်ပြုသောအမှုကို ဝစီကမ်, စိတ်အကြံဖြင့်ပြုသောအမှုကိုမနောကမ်, ခေါ်၏၊ ဤကမ် ၃-ပါးလုံးသည် မကောင်း ညွှန်ပြချက်ကမ်များ ဖြည့်စုံ၏။

## ၂၁-သုစရိုက် ဆယ်ပါး။

ဗုဒ္ဓ ဘာသာ ဝင်တို့သည် ဤသည့် ကောင်းကျင့်ကောင်းကြံများနှင့် ပြည့်စုံကြကုန်ရာ၏။

(က) ကာယကမ် ၃ မျိုး။

၁-ပါဏာတိပါတာ ဝိရမဏီ=သူ့အသက်ကို သတ်ခြင်းမှ ၃-မျိုးအားဖြင့် ကြဉ်ရှောင်ခြင်း။

၂-အဒိန္နာဒါနာ ဝိရမဏီ= သူ့ထံပါး ဥစ္စာကို ခိုးယူခြင်းမှ ၃-မျိုး အားဖြင့် ကြဉ်ရှောင်ခြင်း။

၃-ကာမေသု မိစ္ဆာစာရာ ဝိရမဏီ=ကာမ၌ မှားယွင်း ကျင့်ကြံခြင်းမှ ၃-မျိုးအားဖြင့် ကြဉ်ရှောင်ခြင်း။

(ခ) ဝစီကံ ၄ မျိုး။

၄-မုသာဝါဒါ ဝိရမဏီ= လိမ်သည့် လှည့်ဖြားခြင်းမှ ၃-မျိုး အားဖြင့် ကြဉ်ရှောင်ခြင်း။

၅-ပိသုဏဝါစာယ ဝိရမဏီ=ချောပင်ကုန်းတိုက်ခြင်းမှ ၃-မျိုး အားဖြင့် ကြဉ်ရှောင်ခြင်း။

၆-ဖရုသဝါစာယ ဝိရမဏီ= ကြမ်းကြုတ်သော စကားမှ ၃-မျိုးအားဖြင့် ကြဉ်ရှောင်ခြင်း။

၇-သမ္ဖပ္ပလာပါယ ဝိရမဏီ=ပြိန်ဖျင်းသောစကားမှ ၃-မျိုး အားဖြင့် ကြဉ်ရှောင်ခြင်း။

(ဂ) မနောကံ ၃ မျိုး။

၈-အနဘိဇ္ဈာ=သူ့စည်းစိမ်ကို ငြူယူခြင်းမှ ၃-မျိုးအားဖြင့် ကင်းလွတ်ခြင်း။

၉-အဗျာပါဒ=သူတပါးပျက်စီးရေး ကြံခြင်းမှ ၃-မျိုး အားဖြင့် ကင်းလွတ်ခြင်း။

၁၀-သမ္မာဒိဋ္ဌိ=ကံ ကံ၏အကျိုး, ဘုရား, တရားအကျင့်ဖြင့် ထူးခြားသိမြင်နိုင်စွမ်းသည်ကို ယုံကြည်ခြင်း။

၃-မျိုးအားဖြင့်, ဟူသည် ကိုယ်တိုင်ပြုခြင်း, သူ့ကိုတိုက်တွန်းခြင်း, သူတပါး ပြုကျင့်သည်ကို ဝမ်းမြောက်ခြင်း- ဤ၃-မျိုးမှ ကြဉ်ရှောင်သည်ကို ဆိုလို၏။

# ၂၂ ကမ်ဝေဝဖန်ချက်။

ဒိဋ္ဌိ-အဿာဒနဿ ပုဂ္ဂိုလ်လေးမျိုးရှိကုန်၏၊ ၎င်းတို့ကား ဒုစ္စရိုက်ကျင့်၍ သေလွန်ပြီးနောက် အပါယ်ရောက်သူ, သုဂတိရောက်သူ, သုစရိုက်ကျင့်၍ သေလွန်ပြီးနောက် အပါယ်ရောက်သူ, သုဂတိရောက်သူတို့ ဖြစ်ကုန်၏။

ဤသို့ဖြစ်ရာ၌ အချို့ နတ်မျက်စိ အမြင်ဉာဏ်ရ သူစင် သူမြတ်တို့က ဒုစ္စရိုက်ပြုကျင့် သေလွန်ပြီးနောက် အပါယ် ရောက်သူကိုမြင်၍ ဒုစ္စရိုက်ကျင့်သူအားလုံး အပါယ် လားသာဖြစ်သည်၊ ဤသို့ သိသောသူသာ အမှန်သိ, အခြားနည်းဖြင့် သိသော် အမှားသိဟု မိမိတို့ကိုယ်တိုင်သိ ကိစ္စ၌ အခိုင် အမြဲ စွဲယူ ပြောဆိုကုန်၏။

အချို့တို့ကထိုသို့သော ဒုစ္စရိုက်ပြုသူ သုဂတိရောက်သူ ကို မြင်၍ သုစရိုက်မှုမရှိ, မကောင်းကျိုးမရှိ, ဒုစ္စရိုက် ပြု ကျင့်သူအားလုံး သေလွန်သော် သုဂတိရောက်၏, ဤသို့ သိသောသူသာ အမှန်သိ, အခြားနည်းဖြင့် သိသော် အမှားသိ ဟု မိမိတို့ကိုယ်တိုင်သိ ကိစ္စ၌ အခိုင်အမြဲ စွဲယူ ပြောဆို ကုန်၏၊

အချို့နတ်မျက်စိ အမြင်ဉာဏ်ရ သူစင် သူမြတ်တို့က ထိုသို့သော သုစရိုက်ပြု သုဂတိရောက်သူကို မြင်ကုန်၍ သုစရိုက် ပြုကျင့်သူ အားလုံး သေလွန်သော် သုဂတိရောက် သာ ဖြစ်သည်၊ ဤသို့သိသော်သာ အမှန်သိ, အခြားနည်းဖြင့် သိသော် အမှားသိဟု မိမိတို့ ကိုယ်တိုင်သိ ကိစ္စ၌ အခိုင် အမြဲ စွဲယူ ပြောဆိုကုန်၏။

အချို့တို့က ထိုသို့သော သုစရိုက် ပြုသမား အပါယ်လားသူကို မြင်ကုန်၍ သုစရိုက် အကျင့်မရှိ၊ ကောင်းကျိုးမရှိ၊ သုစရိုက်ပြုကျင့်သမား အပါယ်လားသည် ဟု ငါမြင်သည်၊ ဤသို့ သိသော်သာ အမှန်သိ၊ အခြားနည်းဖြင့် သိသော် အမှားသိ ဟု မိမိတို့ကိုယ်တိုင်သိ ကိစ္စ၌ အခိုင်အမြဲ စွဲယူ ပြောဆိုကုန်၏။

ဒိ-အာနန္ဒာ၊ ထိုစကားများတွင် ဒုစရိုက် ပြုကျင့်သူ မကောင်းကျိုး ရသည်၊ သုစရိုက် ပြုကျင့်သူ ကောင်းကျိုး ရသည် ဟူသော ၎င်းတို့ စကားကို ငါဘုရား အခွင့်ပြု၏၊ ထို့ပြင်လည်း ဒုစ္စရိုက် သုစရိုက် ပြုကျင့်သူ ၂-ဦး စုံပင် သေလွန်ပြီးနောက် အပါယ် ရောက်သည်ကို၎င်း၊ သုဂတိ ရောက်သည်ကို၎င်း မြင်ရသည်ဟု ၎င်းတို့ဆိုချက်ကိုလည်း ငါဘုရား အခွင့်ပြု၏၊ သို့ရာတွင် ဒုစ္စရိုက် ပြုကျင့်သူ အားလုံး အပါယ် ကျသည်၊ သို့မဟုတ် သုစရိုက် ပြုကျင့်သူ အားလုံး သုဂတိ ရောက်သည် ဟု ဆိုချက်ကို၎င်း၊ ဒုစ္စရိုက် သုစရိုက် မရှိ၊ ၎င်းတို့၏ ကောင်းကျိုး ဆိုးကျိုး မရှိ ဟု ဆိုချက်ကို၎င်း ငါဘုရား အခွင့်မပြု။

ထို့ပြင် ဤသို့ သိသော်သာ အမှန်သိ၊ အခြား နည်းဖြင့် သိသော် အမှားသိ ဟု ဆိုချက်ကို၎င်း၊ ထိုမှတပါး မိမိတို့ ကိုယ်တိုင်သိ ကိစ္စ၌ အခိုင် အမြဲ စွဲယူသည်ကို၎င်း ငါဘုရား အခွင့်မပြု။ အကြောင်းကား ဒိ အာနန္ဒာ၊ ၎င်းတို့ အယူများသည် ငါဘုရား အမှန် အတင်း သိရှိ ဝေဖန်သော ကမ်ခွဲဝေဘင် နှင့် ကွဲလွဲ ထူးခြားသောကြောင့်ပင်တည်း။

အို-အာနန္ဒာ ပုဂ္ဂိုလ် တဦးသည် မကောင်းမှု ပြုလုပ်သေလွန်ပြီးနောက် အပါယ်သို့ လား၏၊ ထိုသူ၏ ထိုသို့သော ဆင်းရဲ ခံရဖွယ် မကောင်းမှုမှာ †ရှေးကသော်၎င်း, နောက်အခါများ၌၎င်း ပြုကျင့်ပြီး ဖြစ်လေသည်။ သေခါနီး ကာလ၌သော် အယူ အစွဲမှား အပြည့်အစုံ စွဲယူ ဖြည့်ကျင့်လေသည်၊ ထိုသူ၏ ထိုဘဝ၌ ပြုကျင့်သော မကောင်းမှုကား မျက်မှောက် ဘဝ၌၎င်း, ဒုတိယပဋိသန္ဓေအတွက်၎င်း, ဘဝ အဆက်ဆက်၎င်း, ခံစားဖွယ် ဖြစ်လေသည်။

အို-အာနန္ဒာ ပုဂ္ဂိုလ် တဦးသည် မကောင်းမှု ပြုကျင့်သေလွန် ပြီးနောက် သုဂတိသို့ ရောက်၏၊ ထိုသူ၏ ထိုသို့သော ချမ်းသာ ခံစံရဖွယ် ကောင်းမှုမှာ ရှေးက၎င်း, နောက်အခါများ၌၎င်း, ပြုကျင့်ပြီး ဖြစ်လေသည်၊ သေခါနီး အခါ၌သော် အယူမှန် အစွဲမှန်ကို အပြည့်အစုံ စွဲယူဖြည့်ကျင့်ပြီး ဖြစ်လေသည်၊ ထိုသူ၏ ထိုဘဝ၌ ပြုကျင့်သော မကောင်းမှုကား မျက်မှောက် ဘဝ၌၎င်း, ဒုတိယ ပဋိသန္ဓေ အတွက်၎င်း, ဘဝအဆက်ဆက်သော်၎င်း ခံစားရဖွယ် ဖြစ်လေသည်၊

ပုဂ္ဂိုလ် တဦးသည် ကောင်းမှု ပြုကျင့် သေလွန်ပြီးနောက် သုဂတိသို့ ရောက်၏၊ ထိုသူ၏ ထိုသို့သော ချမ်းသာ ခံစားခွင့် ကောင်းမှုမှာ ရှေးကသော်၎င်း, နောက်အခါများ၌သော်၎င်း, ပြုလုပ်ပြီး ဖြစ်လေသည်၊ သေခါနီး အခါ၌သော် အယူမှန် အစွဲမှန်ကို အပြည့်အစုံ စွဲယူ ဖြည့်ကျင့်ပြီး ဖြစ်လေသည်၊ ထိုသူ၏ ထိုဘဝ ပြုကျင့်သော ကောင်းမှုမှာကား

---

† ဤကာလများ ဆိုရာ အကျယ် ဖော်ပြချက်ကို 'သူတော်တရားစာ' စတုတ္ထခန်းတွင် ကြည့်ရှုနိုင်၏။

ချက်မြောက် ဘဝ၌၎င်း, ဒုတိယ ပတိသန္ဓေ အတွက်၎င်း, ဘဝ အဆက်ဆက် သော်၎င်း ခံစံခွင့် ဖြစ်လေသည်။

ပုဂ္ဂိုလ်တဦးသည် ကောင်းမှု ပြုကျင့် သေလွန်ပြီးနောက် အပါယ်သို့ ရောက်ဆိုက်၏၊ ထိုသူ၏ ထိုသို့သော ဆင်းရဲ ခံစားခွင့် မကောင်းမှုမှာ ဖျေးကသော်၎င်း, နောက်အခါများ ၌၎င်း ပြုကျင့်ပြီး ဖြစ်လေသည်၊ သေခါနီးတွင်သော် အယူ အစွဲ များကို အပြည့်အဝ ဖြည့်ကျင့် စွဲးယူ လေသည်၊ ထိုသူ၏ ထိုဘဝ၌ ပြုကျင့်သော ကောင်းမှုကား မျက် မြောက်ဘဝ၌၎င်း, ဒုတိယ ပတိသန္ဓေတွင် သော်၎င်း, ဘဝ အဆက်ဆက်၌ သော်၎င်း, ခံစံရဖွယ် ဖြစ်လေသည်။

ဒို-အာနန္ဒာ ကမ်သည် ဤသို့အားဖြင့် အကျိုးမထိုက် ပဲ အကျိုးမထိုက်ယောင် ရှိသောကမ်, အကျိုး မထိုက်ပဲ အကျိုး ထိုက်ယောင် ရှိသောကမ်, အကျိုး ထိုက်လျက် အကျိုး ထိုက်ယောင် ရှိသောကမ်, အကျိုး ထိုက်လျက် အကျိုး မထိုက်ယောင် ရှိသောကမ် ဟု လေးမျိုး လေးစား ကွဲပြားလေသည်၊-ဟု [မဇ္ဈိမနိကာယ် မဟာကမ္မ ဝိဘင် သုတ်၌] ဘုရား ဟောတော်မူလေသည်။

မှတ်ချက်။—ဤသည့်ဘုရားရှင် ဟောသွန်ပြဆိုချက်အတိုင်း ယုံကြည်ကြပါ ၏လော? မိမိတို့ကိုယ်တွေ ဖြစ်အောင် စဉ်းစားကြပါ၊ အကယ်၍ယုံကြည် သည် မှန်ခဲ့လျှင် ဗေဒင် ဝါဒ,နတ်ဝါဒ သိုက် တဘောင် စံနည်း ဝါဒ, အင်း အိုင် ဝါဒ,မန္တန် မန္တြား ဝါဒ,ဇာတာ စန်းလက် ကောင်းဆိုး ကြိုဟ် စီး ကြိုဟ်နင်း ဝါဒ,ကြိုဟ်စာကျွေး ခေါပစ် တဆေ မှင်စာပစ် ဆံကောစာပစ် ဝါဒ စသည်များကို ယုံစရာရှိပါအုံးမည်လော ဟုကုကျနနစဉ်းစားကြပါ, ယုံသင့်မှ ယုံပါ၊ အကြောင်းမဲ့ ပိုက်ဆံကုန် ရောဂါရ အလုပ်မှားတို့ကို အယူမှား မိစ္ဆာဒိဋ္ဌိဖြစ်အောင် မပြုလုပ်မိကြပါစေကုန်လင့်။

## ၂၃- ကမ်၏ ကောင်းကျိုး ဆိုးပြစ်။

ဒို-အရှင်ဂေါတမ, လောက၌ လူတို့ အတွင်းတွင် အယုတ် အမြတ် အသက် တို ရှည် အနာရောဂါ အများ အနည်း, အဆင်းလှ အကျည်းတန် ပုဉ်းတန်ခိုး အနည်း အများ ဥစ္စာရှိ မဲ့ အမျိုး ညံ့ အမျိုးကောင်း ပညာမဲ့ ပညာရှိ ဟု အသီး အခြား ကွဲပြား ဖြစ်ကြရသည်မှာ အဘယ် အကြောင်းကြောင့် ပါနည်း? ဟု သုဘ လုလင်က မေးလျှောက်ချက်အရ, ဘုရားရှင်က 'ဒို-လုလင်, သတ္တဝါတို့ သည် ကံသာလျှင် ကိုယ်ပိုင် ဖြစ်ကုန်၏, ကံ အမွေခံ ဖြစ်ကုန်၏, ကံကြောင့် ဖြစ်ကုန်၏, ကံသာလျှင် မိတ်ဆွေ, ကံသာလျှင် ကိုးစားရာ ဖြစ်ကုန်၏, *ကံသည်ပင် သတ္တဝါတို့ အယုတ် အမြတ် ဖြစ်အောင် ဝေဖန် ခွဲခြမ်း၏"-ဟု ဟောတော်မူသော် အကျယ် ဝေဖန် ဟောပြတော်ရန် လျှောက်ထားသဖြင့် ဤသို့ အကျယ် ညွှန်ပြ တော်မူလေသည်။

ဒို-လုလင်, ဤ လောက၌ သူ့အသက်ကို သတ်ဖြတ်သူသည် သေသည့် အခါမှ၌ အပါယ်လေးပါးတွင်ဖြစ်ရ၏၊ အကယ်၍ လူဖြစ်အံ့ အသက် တို၏၊ ထိုသို့သော အသက် သတ်မှုမှ ကြဉ်ရှောင် သူသည် သုဂတိသို့ လားရ၏, အကယ်၍ လူဖြစ်အံ့, အသက် ရှည်၏။

ဒို-လုလင်, သူတပါးကို ခဲ တုတ် စသည်ဖြင့် စော်ကား ညှဉ်းဆဲသူသည် သေသည့်အခါ မှ၌ အပါယ်သို့ လားရ၏။

* ခရဏ္ဍယာဉ် မှတ်မြွေဒင် အယုတ်ပေါ် ခြံ့ဘား ပေါ်၍ ခိုဒါ ကံက ဝေဖန် ကြောင်း ဆိုသည်။ နှင်းယှဉ် ချိုးကော် စဉ်းစားရန် အချက်ပင်။

အကယ်၍ လူဖြစ်အံ့, အနာရောဂါ များ၏၊ ထိုသို့ မညှဉ်းဆဲသူသည် သုဂတိသို့ လားရောက်ရ၏, အကယ်၍ လူဖြစ်အံ့, အနာရောဂါ နည်းပါး၏။

ဒို-လုင်, အမျက် ဒေါသ ကြီး၍ မနှစ်သက် မကြေမနပ် ဖြစ်တတ်သူသည် သေလွန်သည့်နောက် အပါယ်သို့ လားရ၏, အကယ်၍ လူဖြစ်အံ့, အဆင်းမလှ, အကျည်းတန်၏၊ အမျက်ဒေါသ မကြီးမူ၍ နှစ်သက် ကြေနပ်သူကား သုဂတိ လားရ၏, အကယ်၍ လူဖြစ်အံ့, အဆင်း ရုပ်ဝါ လှ၏။

ဒို-လု ငြူစူစောင်းမြောင်းတတ်သူသည် တမလွန်ဘဝ၌ အပါယ်သို့ ရောက်ရ၏၊ အကယ်၍ လူဖြစ်အံ့, ပည်းကမ် နည်းပါး၏၊ မငြူစူသူကား သုဂတိသို့ သွားရ၏၊ လူဖြစ်အံ့, ပည်ကမ် ကြီးမား၏။

ဒို-လုင်, လှူဒါန်း ပေးကမ်းလေ့ မရှိသူသည် သေလွန်သည့် အခြားမဲ့၌ အပါယ်သို့ လားရ၏၊ လူဖြစ်အံ့, ဥစ္စာဓန ဆင်းရဲ နွမ်းပါး၏၊ လှူဒါန်း ပေး ကမ်းသူကား သုဂတိသို့ ရောက်ရ၏၊ လူဖြစ်အံ့, ဥစ္စာ ဓန ပေါများ၏။

ဒို-လုင်, ရိုသေ လေးစား ပူဇော် ချီးမြှောက် မပြုတတ်သူသည် သေလွန်လျှင် အပါယ်သို့သွားရ၏၊ လူဖြစ်အံ့, အမျိုးညံ့၌ ဖြစ်၏၊ ရိုသေကျိုးနွံ၍ ပူဇော် ချီးမြှောက်သူကား တမလွန်တွင် သုဂတိသို့ ရောက်ရ၏၊ လူဖြစ်အံ့, အမျိုး မြတ်၌ ဖြစ်ရ၏။

ဒို-လုင်, ကုသိုလ်အကုသိုလ် အဖြစ်ရှိ- မဲ့ ပြု-မပြု အပ် ကောင်းဆိုး ၂-ပါး တရား အထူးထူးကို ရဟန်းသူစင်

သူမြတ်တို့၌ဘာ န် ဆီးကာပ် မေးမြန်းလေ့ မရှိသူသည် †ဘဝတပါး၌ အပါယ်သို့ လားရ၏၊ အကယ်၍ လူဖြစ်အံ့, အဆင်းအခြင်း ဉာဏ်နည်းပါးသူ ဖြစ်၏၊ ထိုသို့မဟုတ်မူ၍ ကုသိုလ်အကုသိုလ် အဖြစ်ရှိ-မဲ့ ပြုအပ် မပြုအပ် ကောင်းဆိုး ၂-ပါးတရား အထူးထူးကို ရဟန်း သူတော် သူမြတ် တို့၌ဘာ န်ဆီးကာပ် မေးမြန်းလေ့ ရှိသူကား ဘဝတပါးတွင် သုဂတိသို့ လားရ၏၊ လူဖြစ်အံ့, အဆင်း အခြင်း ဉာဏ်ပညာကြီးမား၏။

ဒို-လုင်, ဤသို့ အားဖြင့် အသက် တိုစေ ရှည်စေ တတ်သော ကျင့်ဝတ်က အသက် တိုရှည် ဖြစ်စေ၏၊ အနာရောဂါ များကြောင်း နည်းကြောင်း ကျင့်ဝတ် တရားက အနာ ရောဂါ အများ အနည်းကို ဖြစ်စေ၏၊ အကျည်းတန် အဆင်း လှစေ တတ်သော ကျင့်ဝတ်က အကျည်းတန် အဆင်းလှကို ဖြစ်စေ၏၊ ပဉ်းကမ်နည်းပါး ကြီးမားရေး ကမ်ကပင် ပဉ်းကမ် နည်းပါး ကြီးမားခြင်းကို ဖြစ်စေ၏၊ ဥစ္စာ နည်းပါး ပေါများစေတတ်သော အကျင့်ကပင် ဥစ္စာဓန နည်းပါးပေါများ၏၊ အမျိုး ယုတ်မြတ်ကို ဖြစ်စေတတ်သည့် ကျင့်ဝတ်က အမျိုးယုတ်မြတ်ကို ဖြစ်စေ၏၊ ဉာဏ် ပညာ နည်းပါး ကြီးမားကြောင်း ကျင့်ဝတ်ကပင် ဉာဏ်ပညာ နည်းပါး ကြီးမားစေ၏။

ဒို-လုင် ဤသို့အားဖြင့်သတ္တဝါတို့ကိုယုတ်ရန်မြတ်ရန် မိမိတို့ ကမ်ကပင် ဝေဖန်သည် ဟု (မဇ္ဈိမနိကာယ် ဗုဒ္ဓကမ္မဝိဘင် သုတ္တန်၌) ဘုရား ဟောတော်မူလေသည်။

---

† ကုသိုလ် အကုသိုလ် အဖြစ် ရှိ မဲ့ မမေးမြန်း၍ မသိ, မရှောင်ကြဉ် အကုသိုလ်ပြုကျင့်၍ အပါယ်လားသည် ဟု သိရမည်။

# ၂၄ သမ္ပတ္တိ နှင့် ဝိပတ္တိ။

ဘဝ၌ ကျွန်ုပ်တို့ အကျိုးခံစားခွင့် ရှိသောကမ်တို့သည် ကောင်းမှုကမ်, မကောင်းမှုကမ် ဟု ၂-မျိုးရှိကုန်၏၊ ကျွန်ုပ်တို့မှာ ဘဝ အနန္တက ပြုခဲ့သော ကောင်းမှု မကောင်းမှု ကမ်များသည် အများပင်ရှိ၏၊ ဘယ်ကမ်က ကျွန်ုပ်တို့ကို ဘယ်လို အကျိုးရစေသနည်း?။ မကောင်းမှု ကမ်တို့ကား-

၁- အလား ပြည့်စုံခြင်း,

၂- ရုပ်ဆင်း ပြည့်စုံခြင်း,

၃- အခါကာလ ပြည့်စုံခြင်း,

၄- လုံ့လဝီရိယ ပြည့်စုံခြင်းကို အစွဲပြု၍ အကျိုးမပေးကုန်။

၁- အလား ချို့တဲ့ခြင်း,

၂- ရုပ်ဆင်း ချို့တဲ့ခြင်း,

၃- အခါကာလ ချို့တဲ့ခြင်း,

၄-လုံ့လချို့တဲ့ခြင်းများကိုအစွဲပြု၍သာ အကျိုးပေး ကုန်၏

ကျွန်ုပ်တို့၏ မကောင်းမှု ကမ်များသည် ကျွန်ုပ်တို့၏ ပြည့်စုံခြင်း လေးမျိုး၌ တည်နေရိုက်တွင် မကောင်းကျိုး မပေးနိုင်ကုန်၊ စင်စစ်ကား ကျွန်ုပ်တို့၏ ချို့တဲ့ခြင်းလေးမျိုး ၌ တည်နေ ရိုက်တွင်သာ မကောင်းကျိုး ပေးနိုင်ကုန်၏၊ ဤအတူပင် ကျွန်ုပ်တို့၏ကောင်းမှု ကမ်များသည်လည်း ပြည့်စုံခြင်း လေးမျိုး၌ တည်နေသော ကျွန်ုပ်တို့အားသာကောင်းကျိုးပေးနိုင်ခွင့် ဖြစ်ကြ၏၊ ထိုသို့မဟုတ် ချို့တဲ့ခြင်းလေးမျိုး ၌ တည်နေခဲ့သော် ကောင်းကျိုး ပေးခွင့်မဖြစ်နိုင်ကြချေ။

ထိုတွင် ၁- အလားပြည့်စုံခြင်းဆိုသည်ကား သွားရောက်ရာ ဌာန ဒေသ ကောင်းမွန်ခြင်းကိုဆို၏၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့သည် အလားကောင်းများ ဖြစ်ကုန်၏၊ ထိုသို့ အလား ကောင်းရိုက် အခါ ကောင်းကျိုး ခံစားခွင့်ဖြစ်၏၊ မကောင်းမှုကမ်ကား ထိုအခိုက်၌ အကျိုးပေးခွင့်မဟုတ်ချေ၊ ဥပမာ လူ့ပြည်တွင် သေဋ္ဌေး သူကြွယ် ပုဏ္ဏားသျှင် မင်းမျိုး စိုးမျိုးဖြစ်အံ့, ထိုအခါကောင်းမှု၏ ကောင်းကျိုးပေးခွင့်သာ ဖြစ်၏၊ မကောင်းမှု၏ မကောင်းကျိုး ပေးခွင့် မဟုတ်ချေ၊ အကြောင်းကား လားရောက်ရာ ဂတိကောင်းနှင့် ပြည့်စုံလေသတည်း။

၂- ရုပ်ဆင်း ပြည့်စုံခြင်း ဆိုသည်ကား- လောက၌ ရုပ်ဆင်း လှပသည် ဟု သမုတ်အပ်သော အဆင်းနှင့် ပြည့်စုံခြင်း ယောကျ်ားမြတ် မိန်းမမြတ်တို့၏ ရုပ် အင်္ဂါ လက္ခဏာနှင့် ပြည့်စုံခြင်းကို ဆို၏၊ ယင်းသို့ အဆင်း ရုပ်ဝါ ရှိသူမှာ ကောင်းမှု၏ ကောင်းကျိုးပေးခွင့်, ကောင်းကျိုး ခံစားခွင့် အခါသာ ဖြစ်၏၊ ထိုအခိုက်တွင် မကောင်းမှု ကမ်၏ မကောင်းကျိုး ပေးခွင့် မဟုတ်ချေ၊ ရုပ်ဆင်း ပြည့်စုံမှုမှာ ကောင်းကျိုး ရခွင့် အခါသာဖြစ်သည်, မကောင်းကျိုး ရခွင့် အခါ မဟုတ် ဟု ဆိုလို၏။

၃-အခါကာလ ပြည့်စုံခြင်း ဆိုသည်ကား လောက၌ တရား ကျင့်သော မင်းများ အုပ်စိုးသောအခါ လူအများ တရားကျင့်ဆောင်သောအခါ, အထူးအားဖြင့် စကြာမင်းများ အုပ်စိုးသောအခါ, ဘုရားရှင်တို့ ပွင့်ထွန်းသော အခါ, ပညာရှိတို့ တရားဩဝါဒ ပေါ်ထွန်းသော အခါမျိုးတည်း။

ထိုသို့သော သမ္ပတ္တိခေတ် အခါမျိုး၌လည်း ကောင်းကျိုးကို ဖြစ်စေနိုင်၏၊ ကောင်းမှုသျှင်တို့ ကောင်းစားရေး ခေတ်မည်၏၊ မကောင်းမှု၏ မကောင်းကျိုးကား ထိုအခါ၌ အကျိုးပေးခွင့် မရှိသေး။

၄-လုံ့လနှင့် ပြည့်စုံခြင်း ဆိုသည်ကား ခေတ်အခါ ကာလအလိုက် အားထုတ်ရေး လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း တည်း၊ လုံ့လနှင့် ပြည့်စုံသူသည် ကောင်းမှုတို့၏ ကောင်းကျိုး ကို ခံစားရခွင့်ဖြစ်၏၊ ထိုသို့ လုံ့လကောင်းနှင့် ပြည့်စုံ ချိန် တွင်မကောင်းမှု၏ မကောင်းကျိုးကား ပေးနိုင်ခွင့်မပေါ်တော့ချေ။

ချို့တဲ့ခြင်း လေးမျိုးကား မကောင်းမှု၏ မကောင်းကျိုး ပေးခွင့် ခေတ်ဖြစ်၏၊ ထိုသို့ချို့တဲ့ခြင်း လေးမျိုး ရှိနေချိန်မှာ ကောင်းမှု၏ ကောင်းကျိုးကို မြော်လင့်ဖွယ် မရှိ၊ ၎င်းတို့ကို လည်း ပြည့်စုံခြင်းမှအပြန်အားဖြင့် သိနိုင်ခွင့် ရှိလေသည်၊

ဒုစ္စရိုက် သုစရိုက်နှင့် ကမ် ပြီး၏။

၁၃၀၁ ခု တပို့တွဲ လဆန်း ၁၂ ရက်နေ့။

ပဒ
၂၈

## ဘာသာဝင်တို့၏ လုပ်ငန်း

# ဂုဏ်တော် နှင့် သုံးစွဲထုံး

ဆရာချင်အာဘဇ်ရှဝိသ ရေးသည်

ရတနတ္တယ ဂုဏ နယ္ယူပဒေသဖြစ်၍.

ဤစာအုပ်က ရေးသားချက်တို့မှာ မည်သည့် ဂုဏ်တော်ဖွင့် စာအုပ်ကမျှ မရေးသားဘူးသေးသော အချက်သစ် အဓိပ္ပါယ်သစ် စကားသစ်များသာဖြစ်၍ ဖတ်ချင်တိုင်း ဖတ်တိုင်း သိမြင် အဓိပ္ပါယ်ပေါ်လွင်သော ကျင့်ကြံနည်းသွန်းများ ဖြစ်ပါသည်။

တအုပ်အဘိုး ၂ဝ။

# တရားမှန်တော်ကြီး

## ပဋ္ဌမခဏ်း

## ပုညကြိယာ နှင့် ဒါန သီလ ဘာဝနာ

# ပုညကြိယာ နှင့် ဒါန သီလ ဘာဝနာ


၂၅- ပုညကြိယာ ဆယ်ပါး ...... ၇၇-၇၈

၂၆- ရှူရေး တာန်းရေး ...... ၇၉ ၈၀

၂၇- စောင့်ထိန်း ကျင့်ဆောင်မှု ...... ၈၁-၈၃

၂၈ စိတ် ပွါးစီးရေး လုပ်ငန်း ...... ၈၄-၈၃

၂၉- ဗုဒ္ဓဘာသာ ရေစက်ချနည်း ...... ၈၈-၉၂

အိမ့်ဟိဂ္ဂတု သဒ္ဒ ဖမ္မာ။

# ဒါန သီလ ဘာဝနာ

## ၂၅။ ပုည ကြိယာ ဆယ်ပါး။

၁။ ဒါန— ပေးကမ်း စွန့်ကြဲခြင်း၊

၂။ ပတ္တိဒါန— ပုည အဖို့ ပေးဝေခြင်း၊

၃။ ပတ္တာ နုမောဒနာ— ပုည အဖို့ကို ဝမ်းမြောက်ခြင်း၊

(ဒါန ၃ မျိုး)

၄။ သီလ— စောင့်ထိန်း ကျင့်ဆောင်ခြင်း၊

၅။ အပစာယန— နှိမ့်ချ ကျိုးနွံခြင်း၊

၆။ ဝေယျာဝစ္စ— အမှု ဆောင်ရွက်ခြင်း၊

(သီလ ၃ မျိုး)

၇။ ဓမ္မ သာဝဏ— တရား နာယူခြင်း၊

၈။ ဓမ္မ ဒေသနာ— တရား ဟောညွှန်ခြင်း၊

၉။ ဘာဝနာ— စိတ်ကို ကုသိုလ်၌ ပွါးစီးစေခြင်း၊

(ဘာဝနာ ၃ မျိုး)

၁၀။ သမ္မာ ဒိဋ္ဌိ—အယူ အစွဲး ဖြောင့်မှန်ခြင်း (အားလုံးဆိုင်)

အဓိပ္ပါယ်ချုပ်။— သမ္မာ ဒိဋ္ဌိကား ဒါန သီလ ဘာဝနာ ၃ မျိုးလုံး ဆိုင်သသည်၊ အယူ အစွဲး မဖြောင့်မှန် ခဲ့သော် ထို ၃ ပါးစုံပင် ဖြစ်ပွါးနိုင်ခွင့် မရှိချေ၊ ပုညကြိယာ ဟူသည်

ကုသိုလ်မှုကုသိုလ်ကိစ္စ ကောင်းမှုပြုလုပ်ရေး, စင်ကြယ်ရေး လုပ်ငန်း ဟုဆိုလို၏၊ ဤသယ်မျိုး တို့သည် ကမ္မဝါဒီ ကြိယာဝါဒီ များအတွက် အရေးကြီးသော လုပ်ငန်းတို့ ဖြစ်ကုန်၏၊ ၎င်းကို မချွတ် မယွင်း ပြုကျင့်ရမည့် 'ဝတ်တရားတည်း' ဟု စိတ်ထား စွဲမြဲ ပြုလုပ်ရမည်၊ ဆိုင်ရာ ဆိုင်ရာ ကိစ္စတွင် ထိုထို ပုညကြိယာများ ပျက်ကွက်သော် အပြစ်ဖြစ်၏၊ ဤပုည ကြိယာ ဆယ်ပါး၌ အထိုက် အလိုက် ဝတ်ကြေ ကုန်အောင် ပြုကျင့်သော ကမ္မဝါဒီ ဂိုဏ်းသားသည် သေလွန်သော် လူ့ ရပ် နတ်ရွာ ပြဟ္မာအဖြစ် စင်စစ် အထက်တန်းကာ ရရောက် ခွင့်သာ ဖြစ်လေသည်။ ဤကား အကျဉ်းချုပ်တည်း ဤဆို လတ်အံ့ကား အကျယ် သိမှတ်ဖွယ် တည်း။

# ၂၆။ လှူရေး တာန်းမှု။

ထိုသည့် ပုညကြိယာ ဆယ်မျိုးအနက် လှူဒါန်း ပေးကမ်း ခြင်းကို ဒါနဆို၏၊ မိမိ ဥစ္စာ၌ ကပ်ငြိ တွယ်တာသော လောဘကို ခွါစွန့်ခြင်းသည် မှူး ဒါန မည်၏။ ၎င်းဖြင့် လှူဒါန်းလိုစိတ် ဖြစ်ခါမှ စ၍ ဒါနဖြစ်ကြောင်း သိမှတ်ရမည်၊ ထို့ကြောင့်, ပတ္တိဒါန = မိမိအလှူအဖို့ကို သူတပါးအား ပေးဝေခြင်း, သူတပါး၏အလှူကို, အလှူအဖို့ကို ဝမ်းမြောက် ခြင်း, သာဓုခေါ်ခြင်း တို့သည်လည်း ဒါနပင် ဖြစ်ကုန်၏။ ထိုဒါနမှာ ဒါနဒါသ = အကျုံးကျွန်ဒါန, ဒါနသဟာယ = အပေါင်း အဖော် ဒါန, ဒါနပတိ = အသျှင်သခင် ဒါန ဟု ၃ မျိုး ရှိ၏၊ ၎င်းတို့အနက် ကျွန် ဒါန ကား ကိုယ် သုံး ပေးကမ်းသကဲ့သို့ မရှိမသော ပေးကမ်းခြင်း, မမွန် မမြတ် ယုတ်ညံ့သည်ကို ပေးကမ်းခြင်း

ပစ်ပစ်, စွန့်စွန့် မထေမဲ့ ပေးကမ်းခြင်းသည် ဒါန ဒါသ မည်၏၊ ၎င်းအတွက် ယုတ်ညံ့သော အကျိုးသာ ဖြစ်စေ၏။ မိတ်သဂ်ဟ အပေါ် အပေါင်းတို့အား ပေးကမ်းသကဲ့သို့ မိမိနှင့် တန်းတူ ပြုလုပ်၍ မိမိ စားသောက် ဝတ်ရုံတိုင်း ပေးကမ်းသော ဒါနသည် ဒါန သဟာယ မည်၏၊ ၎င်းအတွက် တူတန်ညီမျှသော အကျိုးကိုသာ ဖြစ်စေ၏၊ အသျှင် သခင်တို့အား လှူဒါန်းသကဲ့သို့ မှန်မှန်မြတ်မြတ် အရိုအသေ ပြုလုပ်လျက် မိမိ သုံးဆောင်သည်ထက် မြင့်မြတ် ကောင်းမွန်သော လှူဖွယ်ကို ပေးကမ်းခြင်းသည် ဒါနပတိ မည်၏။ ၎င်းအတွက် ထူးကဲမြင့်မြတ်သော အကျိုးကို ဖြစ်စေ၏။

တနည်း, ဒါနသည် ပုဗ္ဗဒါန, မုဥ္စဒါန, အပရဒါန ဟု ၃ မျိုး ရှိ၏၊ မလှူမီ, ရှေးအမှုန်၌ ဖြစ်ပွားသော လှူအံ့, ပေးအံ့ ဟူသော အလောဘ စေတနာသည် ပုဗ္ဗဒါန မည်၏၊ လှူဆဲ ပေးဆဲ အခိုက်အတန့် ဖြစ်သော လှူသည် ပေးသည် ဟု ဖြစ်သော စေတနာသည် မုဥ္စဒါနမည်၏၊ လှူပြီး ပေးပြီးနောက် ငါသည် ဤသို့သော အလှူကို လှူဒါန်းရပြီ, ပေးကမ်းရပြီ၊ ဟု အောက်မေ့ စိတ်ကူးခြင်း ပွါးများခြင်းသည် အပရ-ဒါန မည်၏။ ထိုတွင် ပုဗ္ဗဒါန ကောင်းသလောက် မုဥ္စဒါနကောင်း၏၊ မုဥ္စ ကောင်းစေကာ, အပရ ကောင်းမှ အကျိုးအရ သန်၏၊ ထို့ကြောင့် အပရ ကောင်းသလောက် ဒါန အကျိုး သန်စွမ်းကြောင်း သိရမည်။

တဖန် မိစ္ဆာဒိဋ္ဌိ-ဒါန, ကမ္မဝါဒီ-ဒါန, ဗုဒ္ဓဘာသာဒါန ဟု ၃ မျိုးရှိ၏၊ ကမ္မ ကံ၏ အကျိုးကို မယုံကြည်မှု၍ မယားက လင်၌ လင်က မယား၌ တဏှာ အားဖြင့် ပေး

ကမ်းခြင်း၊ သားသမီးတို့၌ ဂေဟာသိတ ပေမအားဖြင့် ပေးကမ်းခြင်း မိတ်သင်္ဂဟ အိမ်နီးချင်း စသည့် တို့အား မိတ္တသန္ထဝ ပေမဖြင့် ပေးကမ်းခြင်း၊ ဒိုနာကျိုးကန်း တွေ့အခါ၌ သနား ကြင်နာသော ကရုဏာ အားဖြင့် ပေးကမ်းခြင်း ဤ ၄ မျိုး အားဖြင့် မိတ္တာ အယူရှိသူတို့ ပေးကမ်းခြင်းသည် မိတ္တာဒိဋ္ဌဒါန မည်၏။

ထိုသို့သော မိတ္တာဒိဋ္ဌ ဒါနမျိုး အတွက် နေရာဇ ဒုမ နှုသာ အခါဆိုး ခေတ်ဆိုးတွင် အကျိုးရတတ်၏၊ ကမ်း ဂမ်း၏ အကျိုးကို ယုံကြည် မြော်ကိုးလျက် ကမ်းအကျိုးကို တောင့်တ၍ လူမင်း နတ်မင်း သေဌေး သူကြွယ် အဖြစ် စသည့် ဘဝ ကောင်းစားရေးကို ရည်ရွယ်သော ဒါနသည် ကာမဝါဒိ-ဒါန မည်၏၊ ၎င်းသည် ကာမ ချမ်းသာ မှန်သမျှ မနေနှုံ ဟုမရှိ လိုရာ ရနိုင်၏။

ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓ ဩဝါဒတော်အတိုင်း တည်၍ လောဘ ဒေါသ မောဟ ကုန်ခန်းရေး အတွက် သံသရာ ဒုက္ခငြိမ်းရေး အတွက် လောကမီး ငြိမ်းရေး အတွက် ရည်ရွယ် လှူဒါန်းသော ဒါနသည် ဗုဒ္ဓဘာသာ-ဒါန ဗုဒ္ဓဝါဒီ ဒါနမည်၏၊ ဤသည့် ဒါနအတွက် လောကတွင် မရနိုင် သော အကျိုး မရှိ၊ ရနိုင်သည်ချည်း ဖြစ်၏၊ မဂ် ဖိုလ် နိဗ္ဗာန် အထိ ထိုက်တန်၏၊ အဘယ့်ကြောင့် ထိုမျှ အကျိုး ကြီးမား သနည်း?၊ တမုံတခုသော အားမ်သ လောက ကောင်းကျိုး မှ မှန်ယူဘာ ကာဉ်ငြိ မရှိသောကြောင့် ထိုမျှ ထက်သန် ကြီးမားသော အကျိုးကို ဖြစ်စေသတည်း။

## ၂၇ စောင့်ထိန်း ကျင့်ဆောင်မှု။

ကာယကံ ဝစီကံနှင့် လွန်ကြူးမှု စောင့်ထိန်း ကျင့်ဆောင်ရေး အားလုံးကို သီလ ဆို၏၊ ၎င်းသီလသည် လူတို့ စောင့်ထိန်းရေး ငါးပါး, ရှစ်ပါး, ၉ပါး, ဆယ်ပါး, သာမဏေရဂ်တို့ စောင့်ထိန်းရေး သီလ, ရဟန်းတော်တို့ ကျင့်သုံး စောင့်စည်းရေး သီလ ဟု အမျိုးမျိုး ရှိ၏၊ မည်သည့် သီလမဆို, အရိယကန္တ, အခဏ္ဍ အဆိဒ္ဒ အသဗလ အကမ္မာသ, ဘုဇိဿ, ဝိညုပ္ပသတ္ထ, အပရာမဋ္ဌ, သမာဓိ သံဝတ္တနိက .အင်္ဂါ ၉ပါးနှင့် ပြည့်စုံစေရမည်။

အဓိပ္ပါယ်ကား- ပထမဆုံး အရိယာတို့ နှစ်ခြိုက်အပ်သော သီလ ဖြစ်ရမည်၊ ၎င်းဖြင့် အရိယာ မဂ်ဖိုလ်အတွက် ရည်ညွှန်းချက် လုံးလုံး ဖြစ်ရမည်ကို ဆို၏၊ ဤကား သီလ စောင့်ထိန်းသူတို့၏ ပထမ ဝတ္တရားတည်း။

ဒုတိယ မကျိုး မပေါက် မပြောက် မကျား စေရ၊ ဤကား ဒုတိယ ဝတ္တရားတည်း။

တတိယ တဏှာ၏ ကျေးကျွန်အဖြစ်မှ တော်လွန်သော သီလ ဖြစ်ရမည်၊ ၎င်းဖြင့် ဤသီလအတွက် လူမင်း နတ်မင်း စသည် ရည်ညွှန်းချက် မရှိရသည်ကို ဆို၏။

စတုတ္ထ အရိယ ပညာရှိတို့ အထူးချီးကျူး တိုက်သော သီလ ဖြစ်ရမည်၊ လောက အညစ်အကြေး ကင်းကြောင်း ဖြစ်သောကြောင့် တည်း၊ ၎င်းဖြင့် မဂ်ဖိုလ် ရထိုက်သော သီလ ဖြစ်ရမည်ကို ဆို၏။

ပဌမ တသင်္ကေတ် စွဲလမ်းခြင်း ယုံလုံးကင်းသော သီလ ဖြစ်ရမည်၊ ၎င်းဖြင့် ဒိဋ္ဌိ သီလဗ္ဗ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ၃မျိုး မှ စင်ရမည်ကို ဆို၏၊

ဆဋ္ဌမြောက် မဂ်ဖိုလ် အခြေဖြစ်သော သမာဓိကို ဖြစ် စေနိုင်သော သီလ ဖြစ်ရမည်၊ ၎င်းဖြင့် သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင် အကျင့် ၇-ပါး လုံလောက်စွာ ဖြစ်စေ နိုင်ရမည်ကို ဆိုအပ်လေသည်။

ထို့ကြောင့် ဒုက္ခကို သိခြင်း, ဒုက္ခ ဖြစ်ကြောင်းကို သိခြင်း, ဒုက္ခ ချုပ်ငြိမ်းရေးကို သိခြင်း' ဒုက္ခ ချုပ်ငြိမ်းရေး ကျင့်ဝတ်ကို သိခြင်း, ဤအင်္ဂါ ၄ပါးရှိ သမ္မာဒိဋ္ဌိ,

ကိလေသာမှ ထွက်မြောက်ခြင်း, ပြစ်မှား ကင်းခြင်း, ညှဉ်းပန်း,စိတ် ကင်းခြင်း အင်္ဂါ၃ပါးရှိ သမ္မာသင်္ကပ္ပ,

မုသား ကင်းခြင်း, ချောပစ် ကင်းခြင်း, ကြမ်းကြုတ် ကင်းခြင်း, အပြိန်အဖျင်းကင်းခြင်း အင်္ဂါ၄ပါးရှိ သမ္မာဝါစာ,

ကာယကမ် ၃ပါးမှ စင်ကြယ်ခြင်း သမ္မာကမ္မန္တ,

အသက်မွေးမှု စင်ကြယ်ခြင်း သမ္မာအာဇီဝ,

ကာယ ဝေဒနာ စိတ် ဓမ္မ လေးမျိုး၌သာ တည်နေ သောသမ္မာသတိ,

ဤမဂ္ဂင် ၇-ပါးတို့ဖြင့် ဝန်းရံ ကာကွယ်ပြီးသော သမ္မာ သမာဓိ ဖြစ်ရမည် ဆို၏၊

ဤသည့် သီလနှင့်ပင် အပစာယန = နှိမ့်ချ ကျိုးနွံခြင်း, ဝေယျာဝစ္စ = ကြီးကဲသူနှင့် သီတင်းသုံးဖေါ်တို့၏ အပေါ်၌ ဝတ်ကြီး ဝတ်ငယ်များကို ဖြည့်ရုံစွာ ပြုလုပ်ရေး ကိစ္စများ လည်း ပါဝင်လေသည်၊ သီလကို အဘယ်အကျိုးငှာ ဖြည့်

ကျင့်ရသနည်း?၊ ဝမ်းမြောက်ရန်, ဝမ်းမြောက် ခြင်းသည် နှစ်သက်ရန်, နှစ်သက်ခြင်းသည် ကိုယ်စိတ် အေးမြရန် ကိုယ်စိတ် အေးမြခြင်းသည် ချမ်းသာရန်, ၎င်းသည် မဂ်ဖိုလ် အခြေသမာဓိ ခိုင်မြဲရန်, ၎င်းသည် ဟုတ်မှန်တိုင်း ထိုးထွင်း သိရန် ဖြစ်လေသည်၊

၎င်းဖြင့် ဗုဒ္ဓဘာသာဝင်တို့ အတွက် ၁၀ သုခ လောကာမိသ အတွက် စောင့်တ ကျင့်သုံးဖွယ်သီလမရှိကြောင်း သိအပ်လေသည်။

တနည်း- သီလ စင်ကြယ်စေရန် လိုအပ်သည့်မှာ စိတ် စင်ကြယ်ရေးအတွက်ဖြစ်၍၊ ၎င်းသည်အယူ စင်ကြယ်ရေး အတွက်, ၎င်းသည် ယုံမှား လွန်မြောက်ရေး အတွက်, ၎င်းသည် မဂ်ဟုတ် မဟုတ် စင်ကြယ်ရေး အတွက်, ၎င်းသည် အကျင့် စင်ကြယ်ရေး အသိဉာဏ် အတွက်, ၎င်းသည် မဂ်ဖိုလ် အသိဉာဏ် စင်ကြယ်ရေးအတွက် ဖြစ်လေသည်။

---

# နိဗ္ဗာန်

တကယ့်ချမ်းသာလား ?

## နိဗ္ဗာနသုတ္တသင်္ဂဟ

ဖွင့်ကြည့်ပါ။

# ၂၈ စိတ် ပွါးစီးရေး လုပ်ငန်း။

စိတ်ပွါးစီးရေး ဘာဝနာလုပ်ငန်းအတွက် မွေ့သသပဌာ ဘဝ ဆင်းရဲ ငြိမ်းရေး တရားကို ကြားနာရန်အရေးကြီး၏၊ ၎င်းမှာ ဟောပြောရေး လုံလောက်မှ ဖြစ်သောကြောင့်၊ ဟောပြောမည့် ဆရာလည်း မှချ အရေး ကြီးလေသည်။ ထို့ကြောင့် ဘဝ ဆင်းရဲ ငြိမ်းရေး တရား ဟောမှုသည် ဤလုပ်ငန်း၌ အရေးကြီးလေသည်

**ဘာဝနာ** - မိမိ စိတ်ကို ပွါးစီးရေးဟူသည် ကုသိုလ်တရား၌ စိတ် တည်မြဲ ခိုင်ခန့်ရေး လုပ်ငန်းကိုဆို၏၊ ၎င်းမှာ ကာမဂုဏ်တရား အကုသိုလ်တရားများမှ စိတ်ကိုစင်ကြယ်စေရန် ဖြစ်လေသည်၊ ထို့ကြောင့် ဤဘာဝနာ လုပ်ငန်း၌ ဆောင်ရွက် လိုသူသည် လောက၌ လိုလား တေသိစွဲခြင်း တဏှာ၏ ကျေးကျွန် အဖြစ်မှ လွတ်မြောက် ပထမဆုံး တော်လှန်နိုင်သူ ဖြစ်ရမည်။

ဒုတိယ လုပ်ငန်းကား မိမိ ကျင့်ဝတ် သီလ၌ တဏှာ မာန အတ္တစွဲ ၃-မျိုးမှ ကင်းလွတ် နိုင်သူ ဖြစ်ရမည်၊ တဏှာစွဲဟူသည် ဤကျင့်ဝတ် သီလသည် ငါပိုင်သီလ, ငါခံစံရမည့် လုပ်ငန်းတည်း ဟု ဘာ၁ ၃ပါးနှင့် ဆက်ဆံချက်ထားသည်ကို ဆို၏၊ ဤသို့ မစွဲးရ၊

မာနစွဲ ဟူသည် ငါကား ဤသို့ အကျင့် သီလရှိသူတည်းဟု စိတ်ထားမြင့်မောက်ခြင်းကို ဆို၏၊ ထိုသို့မဖြစ်ရ၊

အကြွစွဲ ဟူသည် ဤသိလဖြင့်ပင် လူဖြစ်အံ့၊ နတ်ဖြစ်အံ့၊ ဗြဟ္မာ ဖြစ်အံ့၊ ချမ်းသာရအံ့၊ ကောင်းကျိုး ရအံ့ ဟု စွဲလန်းခြင်းတည်း၊ ထိုသို့လည်း မစွဲရ၊ ဤသို့သော အစွဲ ၃ မျိုးမှ ကင်းလွတ်ရမည်။

ထို့နောက် စိတ်ကို ကုသိုလ်ထရေး၌ ပွါးစီးစေရေး၌ ဆောင်ရွက်လိုသည့် ယောဂီ ပုဂ္ဂိုလ်သည် ရုပ်အရ၊ ဝေဒနာအရ၊ သညာအရ၊ သင်္ခါရအရ၊ ဝိညာဉ်အရ ဟူသော အရငါးမျိုးဖြင့် ပြီးသော ဤ ကိုယ်ကောင်ကို အနိစ္စ= ပျက်စီးကုန်ဆုံးခြင်း သဘောရှိ၍ မမြဲစွဲပုံ၊ မမြဲခြင်း ဖြစ်၍ ဆင်းရဲပုံ၊ ထိုသို့သော အကြောင်းများကြောင့် ဤ ကိုယ်အရ၏ ငါပိုင် မဟုတ်ပုံကို ဆင်ခြင်ရမည်၊ စင်စစ်ကား- ဤ ကိုယ်ကောင်၏ မြဲမြံ ခိုင်ခံ့ မရှိသည်ကို ရောဂါအမျိုးမျိုးဖြင့် နှိပ်စက်ခြင်း၊ မိမိ လိုသားတိုင်း မဖြစ်နိုင်ခြင်း ဤ အကြောင်းများဖြင့် သိရမည်။

ထိုသို့ အားဖြင့် မမြဲခြင်း သဘော၊ ဆင်းရဲ ခြင်း သဘော၊ ပျက်စီးခြင်း သဘောများ ထင်ရှား ရှိနေသည့် ဤ ကိုယ်ကောင်ကို သို့မဟုတ်၊ ဤအရငါးမျိုး ပေါင်းစုရာကို ငါဟာ ငါ့ဥစ္စာ ဟု တသ်မက် စရာ လုံးလုံး မရှိကြောင်း၊ ငါ ဟူ၍ ထင်မှတ် မြင့်မောက် တက်ကြွစရာ လုံးလုံး မရှိကြောင်း။ ထို့ပြင် မြဲမြံသည်၊ ခိုင်ခံ့သည်၊ မပျက် မပြား တသားတည်း တည့်တန့်နေသည် ဟု လည်း စွဲလမ်း စရာ လုံးလုံးမရှိကြောင်း။ ခဏိက ပ္ပါယ်ကား-ဘဝဘပါးသို့ ပြောင်း သွားခြင်း အားဖြင့် မြဲမြံစရာ ဤ ကိုယ်ကောင်မှာ အစွမ်း သတ္တိ မရှိကြောင်း သိမြင်ရမည်။

ထို့ကြောင့် ထိုသည့် ယောဂီ ပုဂ္ဂိုလ်သည်, အတိတ် အနာဂါတ် ပစ္စုပ္ပန်, အတွင်း အပြင်, အကြမ်း အနု, အယုတ် အမြတ်, အဝေး အနီးဖြစ်သော ရုပ်အားလုံးပင် ငါ့ဟာ မဟုတ်, ငါမဟုတ်, မြဲမြံ ခိုင်ခံ့သော ငါ့ကိုယ် မဟုတ် ဟု ဟုတ်မှန်တိုင်း ဉာဏ်မှန်ဖြင့် ရှုမြင်၍ အစွဲအလမ်းကင်း ဖြစ်ရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်, အတွင်း အပြင်, အကြမ်း အနု, အယုတ်အမြတ်, အဝေးအနီးဖြစ်သော ဝေဒနာသညာ သင်္ခါရ ဝိညာဉ် အားလုံးပင် ငါ့ဟာမဟုတ်, ငါ မဟုတ်, မြဲမြံ ခိုင်ခံ့သော ငါ့ကိုယ်မဟုတ် ဟု ဟုတ်မှန်တိုင်း ဉာဏ် မှန်ဖြင့် ရှုမြင်၍ အစွဲ အလမ်း ကင်းဖြစ်ရမည်။

ဤသို့ ရှုမြင်လျက် အစွဲ အလမ်း ကင်းနေခြင်း ဖြင့်ပင် မဂ်ရောက် ဖိုလ်ရ ဖြစ်နိုင်၏၊ အကြောင်းကား- ထိုသို့ ရှုဆင်ခြင်ခြင်းဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဟူသော ကိုယ်အစု ငါးမျိုး၌ ငြီးငွေ့၏, ငြီးငွေ့သော် တပ် မက်ခြင်း ကင်း၏, မတပ်မက်သော် ကိလေသာမှ လွတ် ကင်းလေသည်၊ ဤသို့သော ပုဂ္ဂိုလ်ကား အတုမဲ့ ဉာဏ် အမြင်, အတုမဲ့ ကျင့်ဝတ် ကျင့်ခြင်း, အတုမဲ့ လွတ်လပ် ခြင်း, ဤ ၃မျိုးနှင့် ပြည့်စုံလေ၏။

ဤသည့် အနုတ္တရိယ ၃မျိုးနှင့် ပြည့်စုံရာတွင် သော တာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဟု ၄မျိုးကွဲပြား ၏၊ သောတာပန် ဖြစ်ခဲ့သော် ဤကာယမဘုံ၌ ၇ ဘဝသာ နေ၍ ပရိနိဗ္ဗာန် စံနိုင်လေသည်။

သကဒါဂါမိ ဖြစ်ခဲ့သော် ဤကာမဘုံသို့ တကြိမ်သာ လာ၍ ပရိနိဗ္ဗာန် စံနိုင်ခွင့် ရှိလေသည်။

အနာဂါမိ ဖြစ်ခဲ့သော် ကာမဘုံမှ ထွက်၍ သုဒ္ဓါဝါသ ဘုံတွင်ဖြစ်လျက် ပရိနိဗ္ဗာန်စံနိုင်ခွင့်ဖြစ်လေသည်။

ရဟန္တာကား ဤပစ္စုပ္ပန် ဘဝတွင်ပင် ပရိနိဗ္ဗာန် ယူနိုင်ခွင့် ဖြစ်လေသည်။

ဤသည့် လုပ်ငန်း ဟူသော ထွက်မြောက်ရေးအတွက်သာ ဗုဒ္ဓဘာသာ တရားကို ယုံကြည်ခြင်း သရဏဂုံ တည်ရခြင်း အကျင့် ပတိပတ် ဖြည့်ကျင့်ရခြင်း ဖြစ်လေသည်၊ ယင်းသို့ အားဖြင့် ဤညွှန်ပြခဲ့ပြီးအတိုင်း ပညာကြိယာ ဆယ်ပါးတို့အတွက် ဗုဒ္ဓဘာသာဝင်တို့ လုပ်ငန်းအမှန်ကို သိကြရမည်။

မှတ်ချက်။— ဤပညာကြိယာ ဆယ်ပါးကား ထင်ရှားစွာ ဘုရား ဟောညွှန်ချက် မရှိ၊ တီကာ ပညာကြိယာဝတ္တုနှိ၊ ဒါနမယ ပညာကြိယာဝတ္ထု။ သီလမယ ပညာကြိယာဝတ္ထု၊ ဘာဝနာမယ ပညာကြိဝတ္ထုဟု လာသော ဒီဃနိကာယ် ပါထေယျဝဂ် သံဂီတိသုတ်ကို မှီ၍ သီဟိုဠ် အဋ္ဌကထာ ဋီကာ သင်္ဂဟကျမ်းတို့ ဝေဖန်ချက်အတိုင်း ကျွန်ုပ်တို့က ဗုဒ္ဓါဝါဒနှင့် ညီညွတ် လျော်ကန်သောကြောင့် ထောက်ခံ ဖွင့်ဆိုကုန်သည်၊

## ၂၉ ဗုဒ္ဓဘာသာ ရေစက်ချနည်း။

တရံရောအခါ ခရမ်းမြို့နယ် ပိန်းကန်ရွာ ဥပါသကာ တဦးအား မိစ္ဆာဒိဋ္ဌိဒါန, ကမ္မဝါဒီဒါန, ဗုဒ္ဓ ဘာသာဒါန ဟု ၃မျိုး ၃စား ခွဲခြား၍ ၎င်းတို့ အဓိပ္ပာယ် ဒါန ပြုလုပ်နည်းကို ကျွန်ုပ်တို့ ဟောကြားရှိစဉ် ကျောင်းတကာ ဦးဘစိန်က သည့်လိုဆိုလျှင်ယခုပုဉ်းတော်ကြီးများ ရေစက် ချနေသာဟာ ကမ္မဝါဒီဒါန ရေစက်ချမျိုး ဖြစ်နေပါသည်၊ ဗုဒ္ဓဘာသာ ရေစက်ချ တမျိုး ပြင်ဆင် ရေးသားမှု လိုပါ သေးသည်, ဘုရား၊ ရေစက်ချ သီးသန့်မှတတ်တော့ ပုဉ်း ကြီးတွေက ကမ္မဝါဒီရေစက်ချ လုပ်သွားလျှင် တပည့်တော် တို့ ဗုဒ္ဓဘာသာ အစစ် လုပ်နေတဲ့ သူတွေမှာ အခက်ကျနေ ပါလိမ့်မည်, ရေစက်ချနည်း သီးသန့်ရေးသား ပေးသနား ပါ, ဘုရားဟု လျှောက်ထားလေသည်၊ ၎င်းကို အကြောင်း ပြု၍ ဤ နေရာ၌ ဤသည့် ဗုဒ္ဓဘာသာ ရေစက်ချနည်း ဖြစ်ပေါ်လာသတည်း။

### (က) သာဓာရဏ ရေစက်ချ။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊
ဣမိနာဟံ ပုညေန နိဗ္ဗာနံ သစ္ဆိကရောမိ၊
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမိ။

မေ=အကျွန်ုပ်၏၊ ဣဒံပုညံ=ဤသည့် ယခုပြုလုပ်သော ဒါန (သီလ ဘာဝနာ)မှ အရပ ပုည ကုသလ ကမ်သည်

နိဗ္ဗာနဿ=ရာဂအစရှိသော မီးတဆယ့်တပါး၏ ငြိမ်းရာ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်၏၊ ပစ္စယော= ရရောက်ရေး အထောက် အပံ့သည်၊ ဟောတု= ဖြစ်ပါစေ သောဝ်၊ အဟံ=အကျွန်ုပ်သည်၊ ဣမိနာပုညေန= ဤသည့် ဒါန (သီလ ဘာဝနာ မှုဖြင့်၊ နိဗ္ဗာနံ=ရာဂ အစရှိသော မီးတဆယ့်တပါး ငြိမ်းရာ နိဗ္ဗာန်ကို၊ သမ္ပတ္တိကာမော=မျက်မှောက်ပြုရပါလို၏၊ မေ=အကျွန်ုပ်၏၊ ဣဒံပုညံ=ဤကောင်းမှုအဖို့ကို သဗ္ဗသတ္တာနံ=အဝီစိအဘဝဂ်ရောသမား သတ္တဝါးမျိုးရမှအစပြု၍ ယခုချို့မှောက် ရောက်ရှိနေသော ပရိသတ်နှင့်တကွရှိသမျှ သတ္တဝါအားလုံးတို့အား၊ ဘာဇေမိ=အမျှပေးဝေပါ၏။

(သီလပြုလုပ်မှုအတွက် သီလမှု ဟုသာဆို၊ ဘာဝနာ ပြုလုပ် မှုအတွက် ဘာဝနာမှု ဟု သာဆို၊ ဒါနမှု တခုသာဖြစ်လျက် ၃မျိုးစုံ မဆိုလင့်)

## (ခ) သဗ္ဗာ သမ္ဘာဝိ ရေစက်ချ။

ဣဒံမေပုညံ သဗ္ဗညုတဉာဏဿပစ္စယောဟောတု၊
ဣမိနာဟံ ပုညေန သဗ္ဗညုတံ ပပ္ပေါမိ၊
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမိ။

မေ=အကျွန်ုပ်၏၊ ဣဒံပုညံ= ဤသည့် ဒါန (သီလ ဘာဝနာ)မှု အစရှိ ပုည ကုသိုလ ကံသည်၊ သဗ္ဗညုတဉာဏဿ=ကြွင်းမဲ့ဥဿုံ ကုန်စင်အောင်ရုံ သိသော သဗ္ဗညုတဉာဏ်၏၊ ပစ္စယော=ရရောက်ရေး အထောက် အပံ့သည်၊ ဟောတု=ဖြစ်ပါစေသောဝ်၊ အဟံ=အကျွန်ုပ်သည်၊ ဣမိနာ ပုညေန=ဤသည့်ဒါန(သီလ ဘာဝနာ)မှု အစရှိ ပုညကုသိုလ ကံဖြင့်၊ သဗ္ဗညုတံ= တရား ဥဿုံ ကြွင်းမဲ့ စုံကို အကုံ

အစင်သိသော သဗ္ဗညုတ ဉာဏ်ရှင်တဦးအဖြစ်ကို၊ ပပ္ပေါမိ-ရောက်ရလို၏၊ မေ-အကျွန်ုပ်၏၊ ဣဒံ ပုညံ- ဤသည့် ကောင်းမှုအမှုကို၊ သဗ္ဗသတ္တာနံ- အမိ အဖ ဆရာသမား ဆွေသား မျိုးရပ်မှ အစပြု၍ ယခု မျက်မှောက် ရောက်ရှိသော ပရိသတ်နှင့် တကွ အနန္တ သတ္တဝါ အားလုံး တို့အား၊ ဘာဇေမိ-အမျှပေးဝေပါ၏။

## (ဂ) ပစ္စေကဗောဓိ ရေစက်ချ။

ဣဒံမေပုညံ ပစ္စေကဗောဓိဉာဏဿ ပစ္စယော ဟောတု။
ဣမိနာဟံ ပုညေန ပစ္စေကဗုဒ္ဓဘာဝံ ပပ္ပေါမိ၊
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမိ။

မေ=အကျွန်ုပ်၏၊ ဣဒံ ပုညံ=ဤသည့် ဒါန (သီလ ဘာဝနာ) မှ အစရှိပုည ကုသလ ကမ်သည်၊ ပစ္စေကဗောဓိ ဉာဏဿ=သယမ္ဘူဉာဏ် ရသော ပစ္စေကဗောဓိဉာဏ်၏၊ ပစ္စယော ရောက်ရေး အထောက် အပံ့သည်၊ ဟောတု=ဖြစ်ပါစေသောဝ်၊ အဟံ=အကျွန်ုပ်သည်၊ ဣမိနာ ပုညေန=ဤသည့် ဒါန (သီလ ဘာဝနာ) မှ အစရှိပုည ကုသလ ကမ်ဖြင့်၊ ပစ္စေကဗုဒ္ဓဘာဝံ=သယမ္ဘူဉာဏ်ရှင် ပစ္စေကဗုဒ္ဓ အဖြစ်သို့၊ ပပ္ပေါမိ=ရောက်ရ ပါလို၏၊ မေ=အကျွန်ုပ်၏၊ ဣဒံ ပုညံ=ဤသည့် ကောင်းမှု အမှုကို၊ သဗ္ဗသတ္တာနံ=အမိ အဖ ဆရာသမား ဆွေသား မျိုးရပ်မှ အစပြု၍ ယခု မျက်မှောက် ရောက်ရှိသော ပရိသတ်နှင့်တကွ အနန္တ သတ္တဝါ အားလုံးတို့အား၊ ဘာဇေမိ=အမျှပေးဝေပါ၏၊

## (ဃ) အဂ္ဂသာဝက ရေစက်ချ။

ဣဒံ မေ ပုညံ အဂ္ဂသာဝကဗောဓိဿ ပစ္စယော ဟောတု၊
ဣမိနာဟံ ပုညေန အဂ္ဂသာဝကတ္တံ ပပ္ပေါမိ၊
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမိ။

မေ=အကျွန်ုပ်၏၊ ဣဒံ ပုညံ= ဤသည့် ဒါန (သီလ ဘာဝနာ) မှုအစရှိ ပုည ကုသလကမ်သည်၊ အဂ္ဂ သာဝက ဗောဓိဿ=လက်ဝဲတော်ရံ လက်ျာတော်ရံ အဂ္ဂသာဝက ဉာဏ်၏၊ ပစ္စယော=ရရောက်ရေး အထောက်အပံ့သည်၊ ဟောတု=ဖြစ်ပါစေသောဝ်၊ ဣဟံ=အကျွန်ုပ်သည်၊ အဂ္ဂ သာဝကတ္တံ=လက်ဝဲတော်ရံလက်ျာတော်ရံအဂ္ဂသာဝက အဖြစ်သို့၊ ပပ္ပေါမိ=ရောက်ရလို၏၊ မေ=အကျွန်ုပ်၏၊ ဣဒံ ပုညံ=ဤသည့် ကောင်းမှုအဖို့ကို သဗ္ဗသတ္တာနံ=အမိ အဖ ဆရာသမား ဆွေသားမျိုးရှမှ အစပြု၍ ယခု ရှေ့မှောက် ရောက်ရှိသော ပရိသတ်နှင့်တကွ အနန္တသတ္တဝါ အားလုံး တို့အား၊ ဘာဇေမိ=အမျှပေးဝေပါ၏။

(ရည်ရွယ်ရာ တဦးဦးကို သီးသန့်ဆို)

## (င) မဟာသာဝက ဗောဓိရေစက်ချ။

ဣဒံ မေ ပုညံ မဟာသာဝက ဗောဓိဿ ပစ္စယော ဟောတု၊
ဣမိနာဟံ ပုညေန မဟာဝကတ္တံ ပပ္ပေါမိ၊
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမိ။

မေ=အကျွန်ုပ်၏၊ ဣဒံ ပုညံ=ဤသည့် ဒါန (သီလ ဘာဝနာ) မှုအစရှိပုည ကုသလ ကမ်သည်၊ မဟာသာဝက

ဗောဓိယာ=အသီတိ မဟာသာဝကဉာဏ်၏၊ ပတ္တိယာ=ရရောက်ရေး အလို့ငှါ အပ္ပံသည်၊ ဟောတု=ဖြစ်ပါစေသောဝ်၊ အဟံ=အကျွန်ုပ်သည်၊ ဣမိနာပုညေန ဤသည့် ဒါန (သီလ ဘာဝနာ) မှ ဖြစ်ရပုည ကုသိုလ ကံဖြင့် မဟာသာဝကတ္တံ=မဟာသာဝကတဦးအဖြစ်သို့၊ ပပ္ပေါမိ=ရောက်ရ လို၏၊ မေ=အကျွန်ုပ်၏၊ ဣဒံပုညံ=ဤသည့် ကောင်းမှုအမှိုကို၊ သဗ္ဗသတ္တာနံ=အမိ အဖ ဆရာသမား ဆွေသားမျိုးစုမှ အစပြု၍ ယခု မှ မျှော်ရောက်ရှိ သော ပရိသတ်နှင့်တကွ အနန္တသတ္တဝါတို့အား၊ ဘာဇေမိ=အမျှ ပေးဝေပါ၏

(အသီတိ သာဝကမျိုး အမျိုးမျိုးရှိရာ မိမိရည်ရွယ်ရာ တခုခုကို သီးသန့် ဆိုရမည်)

မှတ်ချက်။— ဤသည့် ဆုတောင်း ရေစက်ချကို ပြုလျက် ထိုသို့ပြုလုပ် ဆုတောင်းနေကာမျှဖြင့် နိဗ္ဗာန်ရရောက်လိမ့်မည်; ဘုရား ဖြစ်လိမ့်မည် ပစ္စေကဗုဒ္ဓ အဂ္ဂမဟာ သာဝက ဖြစ်သွား လိမ့်မည်ဟု- အချည်းနှီး ထင်မှတ်မနေကြပါလင့်။ အလုပ်မရှိ အကျိုးမရ ဆိုသည်ကို မြဲမြံစွာ မှတ်ကြပါကုန်။

ဒါန သီလ ဘာဝနာ ပြီး၏။

၁၃၀၁-ခု တပို့တွဲလဆန်း ၁၅ရက်နေ့။

# တရားမှန်တော်ကြီး

## ဆဋ္ဌမခဏ်း

## ခန္ဓာ ယတနဲ့ ဓာတ် သစ္စာ

# ခန္ဓာ ယတန ဓါတ် သစ္စာ။


၃၀- ကိုယ်အစု ငါးမျိုး ...... ၉၅-၁၀၄

၃၁- အာယတန နှင့်ဓါတ် ...... ၁၀၅-၁၀၇

၃၂- အရိယာတို့ အမှန်တရား ...... ၁၀၈-၁၁၀

# ၂၇ ကိုယ်အစု ငါးမျိုး။

လူနှင့် ဗြဟ္မာ စသော အသက်ရှိ သဝိညာဏက သတ္တဝါတို့ သဏ္ဍာန်၌ ကိုယ်အစု ငါးမျိုးရှိ၏၊ ၎င်းတို့ကား-

၁- ရူပက္ခန္ဓ=ရုပ် အစု၊
၂- ဝေဒနာက္ခန္ဓ=ဝေဒနာ အစု၊
၃- သညာက္ခန္ဓ=သညာ အစု၊
၄- သင်္ခါရက္ခန္ဓ=သင်္ခါရ အစု၊
၅- ဝိညာဏက္ခန္ဓ=ဝိညာဉ် အစု ဟု ငါးမျိုးတည်း။

## ၁၊ ရုပ်အစု။

၎င်းများအနက် ရုပ်အစု အတွင်း၌ အချုပ် အားဖြင့် ရုပ်ပေါင်း ၂၇–၂၈-ခု ပါဝင်၏၊ ၎င်းတို့ကား-

### (က) ရုပ်အစု။

၁- ပထဝီ=မြေဓာတ်၊
၂- တေဇော=မီးဓာတ်၊
၃- အာပေါ=ရေဓာတ်၊
၄- ဝါယော=လေဓာတ်၊
၅- စက္ခု=မျက်စိ၊

၆- သောတ = နား၊
၇- ဃာန = နှာခေါင်း၊
၈- ဇိဝှါ = လျှာ၊
၉- ကာယ = ကိုယ်၊
၁၀- ရူပ = အဆင်း၊
၁၁- သဒ္ဒ = အသံ၊
၁၂- ဂန္ဓ = အနံ့၊
၁၃- ရသ = အရသာ၊
၁၄- ဖောဋ္ဌဗ္ဗ = အတွေ့၊
၁၅- ဣတ္ထတ္တ = မိန်းမအသွင်၊
၁၆- ပုရိသတ္တ = ယောကျ်ားအသွင်၊
၁၇- ဟဒယ = နှလုံးသား၊
၁၈- ဇီဝိတ = ရုပ်သက်၊
၁၉- ဩဇာ = အဆီ၊

ဤ ရုပ်တို့ကား သဘောလက္ခဏာ အားဖြင့် ပြီးသောကြော နိပ္ဖန္နရုပ် မည်ကုန်၏။

၂၀- အာကာသ = ပိုင်းခြားခြင်း၊
၂၁- ကာယဝိညတ္တိ = ကိုယ်ဖြင့် သိစေခြင်း၊
၂၂- ဝစီဝိညတ္တိ = နှုတ်ဖြင့် သိစေခြင်း၊
၂၃- ရူပ လဟုတာ = ရုပ် ပေါ့ပါးခြင်း၊
၂၄- ရူပ မုဒုတာ = ရုပ်နူးညံ့ခြင်း၊
၂၅- ရူပ ကမ္မညတာ = ရုပ် ခန့်ကျန်းခြင်း၊
၂၆- ရူပ ဥပစယ = ရုပ်တို့ ဖြစ်ပေါ်ခြင်း၊
၂၇- ရူပ သန္တတိ = ရုပ် ဖြစ်စဉ်၊

၂၈- ရူပ ဇရတာ=ရုပ် ဆွေးမြေ့ခြင်း၊
၂၉- ရူပ အနိစ္စတာ=ရုပ် ပျက်စီးခြင်း၊

ဤရုပ်တို့ကား သဘောလက္ခဏာအားဖြင့် မထင်ရှား သောကြောင့် အနိပ္ဖန္နရုပ် မည်၏။

ဤသည့် ရုပ် ၂၉-ခု အနက် အမသက်သက်အတွက်-၂၈, အထီးသက်သက်အတွက် ၂၈ အသီးသီးဖြစ်ကုန်၏၊ ဤ ရုပ်တို့တွင် ပထဝီ စသော ဓာတ် ၄- ပါးတို့ကား အခံဓာတ်မကြီးတို့ ဖြစ်ကုန်၍, ရုပ် အားလုံး၌ ပါဝင် ကုန်၏။ ကြွင်း ရုပ်ရကား အမှီ ဓာတ်တို့သာ ဖြစ်ကုန်၏၊ ထိုသည့် ရုပ်အစုကား ပေါ်လွင် ထင်ရှားခြင်း ဖောက်ပြန်ခြင်းလက္ခဏာ ရှိ၏။ (ဤကား ရုပ်ကိုယ် အစုတည်း။)

၂- ဝေဒနာ အစု။

၁- သုခ=ချမ်းသာ၊
၂- ဒုက္ခ=ဆင်းရဲ၊
၃- ဥပေက္ခာ=လျစ်လျူ၊
၄- သောမနဿ=ရွှင်ပျခြင်း၊
၅- ဒေါမနဿ=မကြည်သာခြင်း၊

ဤဝေဒနာတို့ကား မျက်စိနှင့် အဆင်း, နားနှင့် အသံ, နှာခေါင်းနှင့် အနံ့, လျှာနှင့် အရသာ, ကိုယ်နှင့် အတွေ့, စပ်ဖက်ရာတို့၌ငြိ, စိတ်နှင့် ဓိဘ်ကျူး တွေ့ဆုံသောအခါ၌ ငြိး, ဤ ၆- မျိုးသော အကြောင်း တို့ကြောင့် ချမ်းသာ ခြင်း, ဆင်းရဲခြင်း, ရွှင်ပျခြင်း, မကြည်သာခြင်းနှင့် လျစ်လျူ ဟူသော ငါးမျိုးသော ဝေဒနာ ခံစားခြင်းများ အခွင့် အလိုက် ဖြစ်ပွါးလာကြ၏၊

## ၃- သညာ အမှတ် အရာ။

၁- ရူပ သညာ=ရုပ် အမှတ်၊
၂- သဒ္ဒ သညာ=အသံ အမှတ်၊
၃- ဂန္ဓ သညာ=အနံ့ အမှတ်၊
၄- ရသ သညာ=အရသာ အမှတ်၊
၅- ဖေါဋ္ဌဗ္ဗ သညာ=အတွေ့ အမှတ်၊
၆- ဓမ္မသညာ=ထင်မြင်ရာ စိတ်ကူးရာ အမှတ်၊

ဤသည့် အမှတ် သညာ များကို အချုပ်အားဖြင့် သိအပ်၏၊ ဝင်စစ်သား လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် စသည့် ဘုံ အမှတ်, လူ နတ် ဗြဟ္မာစသည် သတ္တဝါ အမှတ်, အကောင်း အဆိုး အမှတ်, မိန်းမ ယောကျ်ား အမှတ် စသည် ထောင်ပေါင်းများစွာ ရေတွက်သာသော အမှတ်သညာတို့ကို သညာအရာ ဟုခေါ်သည်။

## ၄- သင်္ခါရအရာ။

၁- ဖဿ=တွေ့ထိခြင်း၊
၂- စေတနာ=စေ့ဆော်ခြင်း၊
၃- ဧကဂ္ဂတာ=တည်တန့်ခြင်း၊
၄- ဇီဝိတိန္ဒြိယ=ပိုးချုပ်ခြင်း နာမ်သက်၊
၅- မနသိကာရ=နှလုံးသွင်းခြင်း၊
(၁-မှ ၅-သို့ သာဓာရဏ)
၆- ဝိတက္က=ကြံစည်ခြင်း၊
၇- ဝိစာရ=သုံး၍ စားခြင်း၊
၈- အဓိမောက္ခ=ဆုံးဖြတ်ခြင်း၊
၉- ဝီရိယ=အားထုတ်ခြင်း၊

၁၀- ဝိတိ=နှစ်သက်ခြင်း။
၁၁- ဆန္ဒ=လိုလားခြင်း၊

(၆-မှ ၁၁-ထိ ပကိဏ္ဏက)

၁၂- မောဟ=တွေဝေခြင်း၊
၁၃- အဟိရိက=မရှက်ခြင်း၊
၁၄- အနောတ္တပ္ပ=မလန့်ခြင်း၊
၁၅- ဥဒ္ဓစ္စ=ပြန့်လွင့်ခြင်း၊
၁၆- လောဘ=တပ်မက်ခြင်း၊
၁၇- ဣဿာ =ငြူစူခြင်း၊
၁၈- မစ္ဆရိယ=ဝန်တိုခြင်း၊
၁၉- မိစ္ဆာဒိဋ္ဌိ = အယူ အမြင် မှားခြင်း၊
၂၀- မာန=မာန်တက်ကြွခြင်း၊
၂၁- ဒေါသ=ပြစ်မှားခြင်း၊
၂၂- ကုက္ကုစ္စ= လို့လို့ဖြစ်ခြင်း၊
၂၃- ထိန=တွန့်တိုခြင်း၊
၂၄- မိဒ္ဓ= ခန့်ကျန်းခြင်း၊
၂၅- ဝိစိကိစ္ဆာ=ယုံမှားခြင်း၊

(၁၂-မှ ၂၅-ထိ အကုသိုလ်)

၂၆-*သဒ္ဓါ=ယုံကြည်ခြင်း၊
၂၇-*သတိ=အောက်မေ့ခြင်း၊
၂၈- ဟိရီ=ရှက်ခြင်း၊
၂၉- ဩတ္တပ္ပ=လန့်ခြင်း၊

---

*သဒ္ဓါမှာ မိစ္ဆာ၊ သမ္မာ ၂မျိုး ရကောင်း၏၊ သတိမှာလည်းထို့အတူ ရကောင်း၏၊

၃၀- အလောဘ=မတပ်မက်ခြင်း။
၃၁- အဒေါသ=မပြစ်မှားခြင်း။
၃၂- မဇ္ဈတ္တတာ=လျစ်လျူရှုခြင်း။
၃၃-† ပဿဒ္ဓိ=ငြိမ်းအေးခြင်း၊
၃၄- လဟုတာ=ပေါ့ပါးခြင်း။
၃၅- မုဒုတာ=နူးညံ့ခြင်း။
၃၆- ကမ္မညတာ=ခန့်ကျန်းခြင်း။
၃၇- ပါဂုညတာ=လေ့လာခြင်း။
၃၈- ဥဇုတာ=ဖြောင့်မတ်ခြင်း။
၃၉- မိစ္ဆာဝါစာဝိရတိ=စကားမှားမှကြဉ်ခြင်း။
၄၀- မိစ္ဆာကမ္မဝိရတိ=ကာယကံမှားမှ ကြဉ်ရှောင်ခြင်း။
၄၁- မိစ္ဆာဇီဝ ဝိရတိ=အသက်မွေးမှားမှ ကြဉ်ရှောင်ခြင်း။
၄၂- ကရုဏာ=သနားခြင်း။
၄၃- မုဒိတာ=ဝမ်းမြောက်ခြင်း။
၄၄- ပညာ=ခွဲခြားသိခြင်း။

(၂၆-မှ ၄၄-ထိ ကုသိုလ်)

ဤသည့် ၄၄-မျိုးတို့တွင် စေတနာသည် ရှေ့ပြင်ရေးခွ ခေါင်းဆောင်တည်း၊ စေတနာခေါင်းဆောင်ခြင်း အားဖြင့် ဤသည့် သဘော အားလုံးတို့မှာ အထိုက် အလျောက် ဖြစ် ပေါ်ကြကုန်၏။

---

† ပဿဒ္ဓိစသော စေတသိက် ၆ မျိုးကို စိတ်၏ ငြိမ်းခြင်း စေတသိက်၏ ငြိမ်းခြင်းဟု ၂ မျိုးစီ ဆရာတို့ ဖော်ပြကုန်၏။ စိတ်၏ အကျိုးဆက်ကို သာ စေတသိက်ဟု ဆိုရသောကြောင့် မသင့်၊

## ၅- ဝိညာဉ်အစု။

၁- ဝမ်းမြောက် ဉာဏ်ယှဉ် မပြုပြင်စိတ်။
၂- " " ပြုပြင်စိတ်။
၃- " ဉာဏ်ကြဉ် မပြုပြင်စိတ်။
၄- " " ပြုပြင်စိတ်။
၅- လျစ်လျူ ဉာဏ်ယှဉ် မပြုပြင်စိတ်။
၆- " " ပြုပြင်စိတ်၊
၇- လျစ်လျူ ဉာဏ်ကြဉ် မပြုပြင်စိတ်။
၈- " " ပြုပြင်စိတ်။ (မဟာကုသိုလ်စိတ် ၈ခု)
၁၆- ထို့အတူ - မဟာဝိပါက်စိတ် ၈ခု။
၂၄- ထို့အတူ မဟာကြိယာစိတ် ၈ခု(ကာမာဝစရစိတ် ၂၄)
၂၅- ကြံစည် ဆင်ခြင် နှစ်သက် ချမ်းမြေ့ တည်ကြည် အင်္ဂါ ၅-ပါးရှိ ပထမဈာန်စိတ်။
၂၆- နှစ်သက် ချမ်းမြေ့ တည်ကြည် အင်္ဂါ ၃-ပါးရှိ ဒုတိယဈာန်စိတ်။
၂၇- ချမ်းမြေ့ တည်ကြည် အင်္ဂါ ၂-ပါးရှိတတိယဈာန်စိတ်၊
၂၈- လျစ်လျူ တည်ကြည် အင်္ဂါ ၂ ပါးရှိ စတုတ္ထဈာန်စိတ်။
(ရူပ ကုသိုလ်စိတ် ၄ ခု)
၃၆- ထို့အတူ - ဝိပါက်စိတ် ၄, ကြိယာစိတ် ၄ခု
(ပေါင်း ရူပစိတ် ၁၂)
၃၇- အပိုင်းအခြားမဲ့ ကောင်းကင် အာရုံရှိ စိတ်၊
၃၈- အပိုင်းအခြားမဲ့ စိတ်ဝိညာဉ် အာရုံရှိ စိတ်။
၃၉- ကြောင့်ကြမဲ့ ပညတ်အာရုံရှိ စိတ်။
၄၀- အမှတ်သညာ ရှိ-မဲ့ အာရုံကင်းစိတ်။ {အရူပဈာန် ကုသိုလ် ၄ခု}

၄၈- ထို့အတူ ဝိပါက်စိတ် ၄, ကြိယာစိတ် ၄ခု၊

(ပေါင်း၊ အရူပစိတ် ၁၂)

၄၉- နိဗ္ဗာဏ်အာယဉ်သို့ပထမရော် ,သောတာပတ္တိမဂ်စိတ်။
၅၀- နိဗ္ဗာဏ်အာယဉ်သို့ဒုတိယရော် သကဒါဂါမိမဂ်စိတ်။
၅၁- ၎င်း တတိယ ရောက် အနာဂါမိ မဂ်စိတ်၊
၅၂- ၎င်း စတုတ္ထရောက် အရဟတ္တ မဂ်စိတ်။

(မဂ်စိတ် ၄ ခု)

၅၆- ထို့အတူ ဖိုလ်စိတ် ၄ခု

(ပေါင်း၊ လောကုတ္တရာစိတ် ၈)

၅၇- ဝမ်းမြောက်၍ အစွဲမှားယှဉ် မပြုပြင်စိတ်။
၅၈- ၎င်း ၎င်း ပြုပြင်စိတ်။
၅၉- ၎င်း အစွဲမှားကြဉ် မပြုပြင်စိတ်။
၆၀- ၎င်း ၎င်း ပြုပြင်စိတ်။
၆၁- လျစ်လျူရှု၍ အစွဲမှားယှဉ် မပြုပြင်စိတ်။
၆၂- ၎င်း ၎င်း ပြုပြင်စိတ်။
၆၃- ၎င်း အစွဲမှားကြဉ် မပြုပြင်စိတ်။
၆၄- ၎င်း ၎င်း ပြုပြင်စိတ်။

(လောဘမူစိတ် ၈-ခု)

၆၅- နှစ်သက်ကင်း မဲ့ ရန်ဖွဲ့ခြင်းယှဉ် မပြုပြင်စိတ်။
၆၆- ။ ။ ပြုပြင်စိတ်။

ဒေါသမူစိတ် ၂)

၆၇- လျစ်လျူရှု၍ ယုံမှားစိတ်။
၆၈- ။ ပြန့်လွင့်စိတ်။ (မောဟမူစိတ် ၂)

(ပေါင်း-အကုသိုလ်စိတ် ၁၂)

၆၉- လျှစ်လျူရှု မျက်စိ အသိစိတ်။
၇၀- " နား "
၇၁- " နှာခေါင်း "
၇၂- " လျှာ "
၇၃- ချမ်းသာရှိ ကိုယ် "
၇၄- လျှစ်လျူရှု လက်ခံစိတ်။
၇၅- ဝမ်းမြောက်၍ စုံစမ်းစိတ်၊
၇၆- လျှစ်လျူရှု " (အဟိတ်ကုသလဝိပါက်စိတ် ၈)
၇၇- လျှစ်လျူရှု မျက်စိ အသိစိတ်၊
၇၈- " နား "
၇၉- နှာခေါင်း "
၈၀- " လျှာ "
၈၁- ဆင်းရဲ ကိုယ် "
၈၂- လျှစ်လျူ လက်ခံစိတ်။
၈၃- " စုံစမ်းစိတ် (အဟိတ်အကုသလဝိပါက် ၇)
၈၄- လျှစ်လျူ ငါးဒွါရ ဆင်ခြင်စိတ်။
၈၅- လျှစ်လျူ စိတ်တံခါး၊
၈၆- ရယ်ရွှင်မှု ပြုမြင်စိတ်။ (အဟိတ်ကြိယာစိတ် ၃)
(ပေါင်းအဟိတ်စိတ်၁၈)

လောကုတ္တရာစိတ်ကား ဈာန်ခုမရ ၂မျိုးဖြစ်နိုင်သောကြောင့်
၈၇- ပထမဈာန် သောတာပတ္တိမဂ် စိတ်- ၁၊
၈၈- ဒုတိယ " " -၁။
၈၉- တတိယ " " -၁။
၉၀- စတုတ္ထ " " ၁။

၉၁-အရူပဈာန် သောတာပတ္တိမဂ်စိတ် ၄၊
၁၀၂-ထို့အတူ သကဒါဂါမိမဂ်စိတ်။ ၈
၁၁၀-အနာဂါမိမဂ်စိတ် ၈။
၁၁၈-အရဟတ္တမဂ်စိတ် ၈။ (မဂ်ဈာန်စိတ် ၃၂)
၁၅၀-ထို့အတူ ဖိုလ်ဈာန်စိတ်..................(၃၂)
(ပေါင်းလောကုတ္တရာဈာန် ၆၄)

အကျဉ်း ၈၉, အကျယ် ၁၅၀ ဖြစ်သတည်း။

ဤသည်တွင် ကိုယ်အရ ငါးပါးအနက် ရုပ်အရသည် စွဲယူရာ အရိုက်ဖြစ်၏၊ ဝေဒနာ အရသည် ခံစား ထတ်သော တရားဖြစ်၏၊ သညာအရကား မှတ်တတ်သော တရား, သင်္ခါရအရကား စေ့ဆော်သောတရား, ဝိညာဉ် အရကား အားလုံးကို သိသော တရားဖြစ်၏။ ခံစားခြင်းသည် တွေ့ထိ မှုကြောင့် ဖြစ်၏၊ ၎င်းသည် ရုပ်နှင့် နာမ်ကို မှီ၍ ဖြစ်၏, ၎င်းသည် ဝိညာဉ်ကို မှီ၍ ဖြစ်၏, ဝိညာဉ်သည် အာယု ထွက်သက် ဝင်သက်ကိုမှီ၏။—၎င်းသည် ဥတ္တာအပူဓာတ်ကို မှီ၏၊ ၎င်းသည် ကမ် စိတ်ဥတု ၃-မျိုးကို မှီ၏။ ၎င်း၌ စိတ် ဥတု တို့သည် ကမ်ဖြင့်မှီရာ ရှိကုန်၏၊ ကမ်သည် အဝိဇ္ဇာ= မသိခြင်းကို မှီ၏၊ ၎င်းသည် အလိုနှင့် အယူ အစွဲကြောင့် ဖြစ်၏၊ ၎င်းသည် သညာ အမှတ် ကြောင့် ဖြစ်၏၊ သညာ မှာလည်း တာသ်မက်ခြင်းကြောင့်ဖြစ်၏၊ တာသ်မက်ခြင်းကား ပုဂ္ဂလ ဓမ္မ ဘုံအားဖြင့် ၃-မျိုးရှိ၏။ လူ နတ် အဖြစ် မိမိ သူဘပါး ကိုယ်-ခန္ဓာများ၌ တဏှာမက် ခြင်းသည် ပုဂ္ဂိုလ်၌ တာသ်မက် ခြင်း မည်၏၊ ဒါန သီလ စသည်၌ ခံစား ဖွယ် အဖြစ် စွဲလမ်းခြင်းသည် ဓမ္မ၌ တာသ်မက် ခြင်း မည်၏၊

လူ့ဘုံ နတ်ဘုံ စသည်၌ တပ်မက် ခြင်း သည် ဘုံ၌ တပ်မက်ခြင်း မည်၏၊ ဤသို့လျှင် တဏှာ အရင်းခံ ရှိသေသည့်၊ တဏှာဖြစ်စဲလျှင် ကိုယ်အစ ငါးပါး ဖြစ်စဲ၏။

## ၃၁။ အာယတန နှင့် ဓါတ်။

၁။ စက္ခု= မျက်စိ၊
၂။ သောတ=နား။
၃။ ဃာန=နှာခေါင်း။
၄။ ဇိဝှာ=လျှာ။
၅။ ကာယ=ကိုယ်။
၆။ မန=စိတ်၊ (အဇ္ဈ အာယတန ၆ )
၇။ ရူပ=အဆင်း၊
၈။ သဒ္ဒ=အသံ။
၉။ ဂန္ဓ=အနံ့.
၁၀။ ရသ= အရသာ၊
၁၁။ ဖောဋ္ဌဗ္ဗ= အတွေ့။
၁၂။ ဓမ္မ =တရား။ ( အာရုံ အာယတန ၆ )
၁၃။ စက္ခုဝိညာဏ= မျက်စိ အသိ။
၁၄။ သောတ ။ နား ။
၁၅။ ဃာန ။ နှာခေါင်း ။
၁၆။ ဇိဝှါ ။ လျှာ ။
၁၇။ ကာယ ။ ကိုယ် ။
၁၈။ မနော ။ စိတ် ။(ဝိညာဏအသိ—၆)

ပထမ ၁၂ အာယတန, ရင်းနှင့် ကြွင်းစု ဓာတ် ၁၈, ရင်းတို့တွင် မန ဓမ္မနှင့် ဝိညာဏ တို့ကား နှစ်, ကြွင်းစု ရုပ်တရားတို့တည်း။

၎င်းတို့တွင်- စက္ခုပသာဒရုပ်သည် စက္ခာယတန မည်၏။
သောတပသာဒရုပ်သည် သောတာယတန မည်၏။
ဃာနပသာဒရုပ်သည် ဃာနာယတန,
ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန,
ကာယပသာဒရုပ်သည် ကာယာယတန,
စိတ်အားလုံးသည် မနာယတန,
အဆင်းသည် ရူပါယတန,
အသံသည် သဒ္ဒါယတန,
အနံ့သည် ဂန္ဓာယတန,
အရသာသည် ရသာယတန,
အထိအတွေ့ (ပထဝီ တေဇော ဝါယော ဓာတ် ၃ ခု) သည် ဖောဋ္ဌဗ္ဗာယတန,
ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နှင့်သုခုမရုပ်၁၆ခု သည် ဓမ္မာယတန [ဓါတ်သည်လည်း၎င်းပင်, သို့ရာတွင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ၂-ပေါင်း၃-ခု သည် မနောဓာတ် ( ဟု မနာယတန အစား မှတ် )
စက္ခုဝိညာဉ်သည် စက္ခုဝိညာဏဓာတ်,
သောတဝိညာဉ်သည် သောတဝိညာဏဓာတ်,
ဃာနဝိညာဉ်သည် ဃာနဝိညာဏဓာတ်,
ဇိဝှါဝိညာဉ်သည် ဇိဝှါဝိညာဏဓာတ်,
ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်,
ဆဝိညာဉ် ဓာတ်ကြွင်း ၁၃၇- သည် မနောဝိညာဏဓာတ်, မည်၏။

ဤကား အာယတနနှင့် ဓာတ်သရုပ် )

ထိုသည့် အာယတနနှင့် ဓာတ်များကို မှတ်သားရ၍ အဘယ် အကျိုး ရှိသနည်း? ဤကိုယ်အရ၌ အဘယ် တရားကြောင့် အဘယ်တရားဖြစ်သည်, အဘယ်တရား ပျက်၍ အဘယ်တရား မပျက်ပဲ ရှိသည်ဟု အကြောင်း အကျိုး စိစစ် သိရှိနိုင်ခြင်း အကျိုးရှိ၏၊ ထို့ကြောင့် ဤသို့ တရားတို့ ဖြစ်ပွားပုံကို သိမှတ်ရာ၏။

မျက်စိနှင့် အဆင်း စပ်ဖက်၍ မျက်စိအသိစိတ် ဖြစ်၏။
နားနှင့် အသံ စပ်ဖက်၍ နားအသိစိတ် ဖြစ်၏။
နှာခေါင်းနှင့် အနံ့ စပ်ဖက်၍ နှာခေါင်း အသိစိတ်ဖြစ်၏။
ကိုယ်နှင့် အတွေ့ စပ်ဖက်၍ ကိုယ်အသိစိတ် ဖြစ်၏။
စိတ်နှင့်တရား စပ်ဖက်၍ မနောဝိညာဉ်စိတ် အသိဖြစ်၏။

ယင်းသည့် ဓာတ် ၃ - မျိုး စပ်ဖက်သည်ကို ဖဿ-အတွေ့- ဟု ဆို၏၊ ထိုသည့် ဖဿ ဟူသော အတွေ့ကြောင့် ဝေဒနာ ခံစားမှုဖြစ်၏။ ၎င်းကြောင့် တသ်မက်ခြင်း တဏှာ, ယင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်, ယင်းကြောင့် ကံများဖြစ်၏။ ယင်းကြောင့် ဘဝသစ်၌ ဖြစ်ပွါး၏၊ ဘဝသစ် ဖြစ်ပွါးမှုကြောင့် အိုမင်း ရင့်ယော်ခြင်း, သေလွန်ခြင်း, ပိုးရိမ်းခြင်း, ငိုကြွေးခြင်း စသည့် ဆင်းရဲ အတွေ့တွေ့ ဖြစ်ပွါးကုန်၏။

# ၃၂ အရိယာတို့ အမှန်တရား။

ဆင်းရဲ အမှန် ဟူသော ဒုက္ခ သစ္စာ, ဆင်းရဲ ဖြစ်ပေါ်ကြောင်း အမှန် ဟူသော သမုဒယ သစ္စာ, ဆင်းရဲ ချုပ်ရာ အမှန်ဟူသော ဒုက္ခ နိရောဓသစ္စာ, ထို ဆင်းရဲ ချုပ်ရာသို့ ရောက်ကြောင်း ကျင့်ထုံးမှန် ဟူသော မဂ္ဂ သစ္စာ ဟု သစ္စာလေးမျိုး ရှိ၏။

၎င်းတို့တွင် တသိမ်မက်ခြင်း တဏှာမှထပါးသော လောကီ ရုပ် နာမ် တရား အရသည် ဒုက္ခသစ္စာ= ဆင်းရဲ အမှန် တရား ဖြစ်၏၊ တသိမ်မက်ခြင်း တဏှာ (လောဘ) သည် ထို ဆင်းရဲဖြစ်ကြောင်း သမုဒယ သစ္စာတည်း။ ထို တသ်မက်ခြင်း (လောဘ) တဏှာချုပ်ရာသည် နိရောဓသစ္စာ= နိဗ္ဗာန် အမှန်တရား ဖြစ်၏။ ၎င်းကို ရရောက်ကြောင်း သမ္မာဒိဋ္ဌိ=မှန်ကန်စွာ သိမြင်ခြင်း, သမ္မာသင်္ကပ္ပ = မှန်ကန်စွာကြံစည်ခြင်း, သမ္မာဝါစာ = မှန်ကန်စွာ ပြောဆိုခြင်း, သမ္မာကမ္မန္တ= မှန်ကန်စွာ ပြုလုပ်ခြင်း, သမ္မာအာဇီဝ= မှန်ကန်စွာအသက်မွေးခြင်း, သမ္မာဝါယာမ=မှန်ကန်စွာအားထုတ်ခြင်း, သမ္မာသတိ = မှန်ကန်စွာ အောက်မေ့ခြင်း, သမ္မာသမာဓိ= မှန်ကန်စွာ တည်တန့်ခြင်း, ဤကျင့်ဝတ် ရှစ်မျိုးသည် မဂ္ဂသစ္စာမည်၏။

'သမ္မာဒိဋ္ဌိ- မှန်ကန်စွာ မြင်ခြင်း'ဟူသည်ကား ဘုံ ၃ပါး၌ ဖြစ်ဖြစ်သမျှ လူ နတ် ဗြဟ္မာ သတ္တဝါ အရာဝတ္ထု သက်ရှိ သက်မဲ့ အားလုံးသည် ဆင်းရဲတည်း, အကြောင်းကား-

ဖြစ်ပွါးခြင်း ရှိသောကြောင့်, မိမိ အလိုအတိုင်း မဖြစ်နိုင်သောကြောင့်တည်း၊ ထိုသို့အားဖြင့် ဘုံ ၃-ပါးကိုထည်မက်ခြင်းသည် ဆင်းရဲဖြစ်ကြောင်းတည်း၊ ထိုသည့်တည် မက်ခြင်းကင်း၍ ဆင်းရဲ ငြိမ်းရာ သည်သာ ငြေသော နိဗ္ဗာန်တည်း၊ ၎င်းသို့ ရောက်ရေး ကျင့်ဝတ်သည် ငြေရေးနည်းလမ်းတည်း ဟု ရှုမြင်ခြင်းတည်း။

'သမ္မာသင်္ကပ္ပ=မှန်ကန်စွာ ကြံစည်ခြင်း' ဟူသည်ကား အလိုရမ္မက်, သူ့ဖျက် စီးရေး, ညှဉ်းပန်းရေး မကြံစည်ခြင်းတည်း။

'သမ္မာဝါစာ= မှန်ကန်စွာ ဆိုခြင်း' ဟူသည် မုသားဆိုခြင်း, ကုန်းတိုက်ခြင်း, စကား ကြမ်းကြုတ် ဆိုခြင်း, အပြိန် အဖျင်း ပြောခြင်းတို့မှ ကြဉ်ရှောင် ခြင်းတည်း။

'သမ္မာကမ္မန္တ= မှန်ကန်စွာ လုပ်ခြင်း' ဟူသည် သတ်ပုတ်မှု, ခိုးယူမှု, မေထုန် မှားယွင်းမှု တို့မှ ကြဉ်ရှောင် ခြင်းတည်း။

'သမ္မာအာဇီဝ= မှန်ကန်စွာ အသက်မွေးခြင်း' ဟူသည် မှားယွင်းသော ကိုယ်နှုတ် အသက်မွေးမှုမှ ကြဉ်ရှောင်ခြင်း, အသက် ရှင်ရေး အတွက်ပင် ကိုယ် နှုတ် လွန်ကျူး မရှိခြင်းတည်း။

'သမ္မာဝါယာမ= မှန်ကန်စွာအားထုတ်ခြင်း' ဟူသည် ၁- မဖြစ်သေးသော မကောင်းမှု မဖြစ်ရန်, ၂- ဖြစ်ပြီး မကောင်းမှု စွန့်ပစ်ရန်, ၃- မဖြစ်သေးသော ကောင်းမှု ဖြစ်ရန်, ၄- ဖြစ်ပြီး ကောင်းမှု ပွါးစီးရန် လုံ့လ ထုတ်ခြင်း တည်း။

‘သမ္မာသတိ=မှန်ကန်စွာအောက်မေ့ခြင်း’ဟူသည်ကိုယ် ခန္ဓာ ဝေဒနာ စိတ်နှင့် ထိုထို တရား အာရုံတို့၌ အကုသိုလ် မဖြစ်ရန် အမြဲ အသွင်း ကောင်းရန် ကြည့်ရှု ဆင်ခြင် အောက်မေ့ ခြင်းတည်း။

‘သမ္မာသမာဓိ=မှန်ကန်စွာ တည်တန့်ခြင်း’ ဟူသည် အကုသိုလ် တရား ကာမ အလိုဆန္ဒ တရားတို့မှ ကင်းလွတ်၍ ကုသိုလ်အာရုံ၌ စိတ်ထား တည် တန့်ခြင်းတည်း။

ဤ အတိုင်းလိုက်နာ ကျင့်ကြံခဲ့သော် တသိမက် ခြင်း တဏှာ သမုဒယ ပြတ်၍ ဆင်းရဲ အားလုံး ငြိမ်းစဲ၏၊ ဤ ကား နိဗ္ဗာန်=လောကဆင်းရဲ ဇေးမြဲပြေပင် တည်း။

မဂ္ဂါ ယတန ဇာတ် သစ္စာ ပြီး၏၊

၁၃၀၂-ခု ဝါခေါင်လဆုတ် ၁၃ ရက်။

---

အရှင်အာဒိစ္စဝံသ

ပါဠိ-အနက်-အဓိပ္ပါယ်

အကျယ်ဖွင့်ဆို ရေးသားအပ်သော

ဓမ္မစကြာ ပဝတ္တန သုတ်

အဘိုးတအုပ်-၈-ပဲ

# တရားမှန်တော်ကြီး

## သတ္တမခဏ်း

## ပဋိစ္စသမုပ္ပါဒ် ဝေဖန်ချက်

# ပဋိစ္စသမုပ္ပါဒ် ဝေဖန်ချက်


၃၃။ ပဋိစ္စသမုပ္ပါဒ်အကျဉ်း ...... ၁၁၃-၁၁၅

၃၄။ ပဋိစ္စသမုပ္ပါဒ်အကျယ် ...... ၁၁၆-၁၂၅

၃၅။ သံသရာစက်ပြတ်ရေး ...... ၁၂၆-၁၂၈

# ပဋိစ္စ သမုပ္ပါဒ် ဝေဖန်ချက်

## ၃၃။ ပဋိစ္စ သမုပ္ပါဒ် အကျဉ်း။

ယခု အထိ ဆိုခဲ့ပြီး ခန္ဓာ အာယတန ဓါတ် နှင့် သစ္စာ တရားတို့ကို ဝေဖန် သိရှိ ကြပြီး သူတို့ သည် ပုဂ္ဂိုလ် သတ္တဝါ သူ ငါ တို့၏ သံသရာ စက်ရဟတ် ၌ ပတ်ပတ် လှည့်လည် လူဖြစ်ချည် နတ်ဖြစ်ခါ ဗြဟ္မာ အဖြစ် အပါယ်နှစ် အဖန်ဖန် ဆန်ချေ စုန်ချေ အခြေ မကျ ဆင်းရဲရ ချမ်းသာရ ဆုံလည်နွား တမျှ ဖြစ် ပျက် ကြ သော ပဋိစ္စသမုပ္ပါဒ် စက် ရဟတ် ယန္တယားကို အသွား ရစ် တန့်စေခွင့် သင့်တော်သော ကာလသို့ ဆိုက်ရောက်ကြ ကုန်သည့်အလိုက် အားစိုက် စိတ်တင်း ဉာဏ်ရှိန် သွင်း၍ အလင်း ထိန်လက် ပြောင်ပြောင် ထွက်မှ အကွက် သင့် တော် အခွင့် ပေါ်ကြလေကုန်ပြီ။ ထို့ကြောင့် ထိုသည့် သတ္တဝါတို့ သံသရာ စက်၌ လှည့်လည် နေပုံကို ပဋိစ္စ သမုပ္ပါဒ် ပါဠိတော် နှင့် တကွ ကျန သေချာစွာ ညွှန်ပြအပ် သတည်း။

# (က) ပါဠိ နှင့် မြန်မာ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ = ရိက်မဲ့၍ ကုသိုလ်အကုသိုလ်ပြု၏။
သင်္ခါရပစ္စယာ ဝိညာဏံ = ထို့ကြောင့် စိတ် ဝိညာဉ်ဖြစ်၏။
ဝိညာဏပစ္စယာ နာမရူပံ = ၎င်းကြောင့် နာမ် ရုပ်ဖြစ်၏၊
နာမရူပပစ္စယာ သဠာယတနံ = နာမ်ရုပ်ကြောင့် အာယတန ဖြစ်၏၊
သဠာယတနပစ္စယာ ဖဿော = အာယတနကြောင့် တွေ့ထိခြင်း ဖြစ်၏၊
ဖဿပစ္စယာ ဝေဒနာ = တွေ့ထိ၍ ခံစားခြင်း ဖြစ်၏၊
ဝေဒနာပစ္စယာ တဏှာ = ထို့ကြောင့် တပ်မက်ခြင်း ဖြစ်၏၊
တဏှာပစ္စယာ ဥပါဒါနံ = တဏှာကြောင့် ပြင်းစွာစွဲလမ်း၏။
ဥပါဒါနပစ္စယာ ဘဝေါ = စွဲလမ်း၍ ပြုလုပ်ခြင်း ကံဖြစ်၏။
ဘဝပစ္စယာ ဇာတိ = ကံကြောင့် ဘဝသစ်၌ ဖြစ်ပွါး၏။
ဇာတိပစ္စယာ ဇရာမရဏံ = ထို့ကြောင့် အို၊ သေရ၏။
သောက- ပရိဒေဝ- ဒုက္ခ = စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ် ဆင်းရဲခြင်း
ဒေါမနဿုပါယာသာ = စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းရခြင်း
သမ္ဘဝန္တိ ဧဝမေတဿ = တို့ဖြစ်ကုန်၏ ဤသို့အားဖြင့်
ကေဝလဿ ဒုက္ခက္ခန္ဓဿ = ဤသည့် ဆင်းရဲတုံး အားလုံး
သမုဒယော ဟောတိ = ဖြစ်ပွါးရ လေသတည်း။

# (ခ) သံသရာစက်။

ဤ၌ ကာလ ၃ပါး, အင်္ဂါ ၁၂ပါး, အခြင်းအရာ ၂၀, အစပ် ၃ဖြာ, အလွှာ ၄လွှာ, ဝဋ် ၃ပါး, အမြစ် မူလ ၂ပါးတို့ကား ပဋိစ္စသမုပ္ပါဒ်အကျိုး ခွဲခြားအပ်ကုန်၏။

အဝိဇ္ဇာနှင့် သင်္ခါရ ၂ပါးတို့သည် ခန္ဓာကိုယ်၏ ရှေးအဖို့၌ ဖြစ်၍ အတိတ်မည်၏၊ ဇာတိ ဇရာ မရဏ တို့ကား ဤခန္ဓာမှ နောက်ဖြစ်လတ္တံ့ဖြစ်၍ အနာဂတ်မည်၏၊ ဝိညာဏ နာမ ရူပ သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝတို့ကား ဤပစ္စုပ္ပန်ခန္ဓာ၌ ဖြစ်သည်း ဖြစ်၍ ပစ္စုပ္ပန် ကာလ ဖြစ်ကုန်၏၊ (ပွါး ကာလ ၃ ပါး)။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ နာမ ရူပ သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ဟူ၍ အင်္ဂါ ၁၂ပါးတို့တည်း။ (သောက ပရိဒေဝ စသည်တို့ကား ဇာတိ၏ အကျိုးဆက်မျှဖြစ်၏) ကာလ၃ပါးတို့တွင် အဝိဇ္ဇာ သင်္ခါရ ၂ပါးဖြင့် ၎င်းတို့ အကြောင်းဆက် ဖြစ်သော တဏှာ ဥပါဒါန် ဘဝတို့ကိုလည်း ယူအပ်ကုန်၏၊ တဏှာ ဥပါဒါန် ဘဝတို့ဖြင့်လည်း ၎င်းတို့နှင့် ဆက်စပ်သော အဝိဇ္ဇာသင်္ခါရ တို့ကို ယူအပ်ကုန်၏၊ ဇာတိ ဇရာ မရဏဖြင့် ဝိညာဏ် နာမ-ရူပ သဠာယတန ဖဿ ဝေဒနာ ငါးမျိုး တို့ကိုသာ ယူအပ်ကုန်၏, သဘော ခွဲပြားသောကြောင့်တည်း။

ဤသို့လျှင် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဟု အတိတ်အကြောင်းတရားငါးပါး, ဝိညာဏ် နာမ ရူပ သဠာယတန ဖဿ ဝေဒနာဟု ဤပစ္စုပ္ပန်ဘဝအကျိုးတရားငါးပါး,

တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရဟု ဤပဉ္စက်သည် ဘဝ အကြောင်း တရား ငါးပါး, ၎င်းအကြောင်းကြောင့် ဖြစ်လတ် အံ့သော ဝိညာဏ နာမ-ရူပ သဠာယတန ဖဿ ဝေဒနာ ဟု အနာဂတ် အကျိုးတရား ငါးပါး, ဤသို့ အခြင်း အရာ ၂၀, အစပ် ၃ပါး အလွှာ လေးတပ် ဖြစ်၏။

ဤအဝိဇ္ဇာ တဏှာ ဥပါဒါန် ၃ပါးသည် ပုဗ္ဗန်ကြောင်း တရားဖြစ်၍ ကိလေသဝဋ် မည်၏၊ ဘဝနှင့် သင်္ခါရသည် ပြုလုပ် အပ်သော အမှုဖြစ်၍ ကမ္မဝဋ်မည်၏။ ဝိညာဏ နာမ-ရူပ သဠာယတန ဖဿ ဝေဒနာတို့သည် အကျိုး တရား ဖြစ်၍ ဝိပါက ဝဋ် မည်၏။ (ဤကား ဝဋ် ၃ပါး။)

အဝိဇ္ဇာသည် အတိတ်အကြောင်းရင်း ဖြင်၏။ တဏှာ သည် ပစ္စုပ္ပန် အကြောင်းရင်း ဖြစ်၏။(ဤကား မူလ ၂ ပါး တည်း။)

ဤကား သံသရာစက် လည်ပုံ အကျဉ်းတည်း။

# ၃၄။ ပဋိစ္စ သမုပ္ပါဒ် အကျယ်။

## ၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

"မသိ-မိုက်မဲ၍ လူနတ် ဗြဟ္မာ ဖြစ်ရေး ဒါန သီလ ဘာဝနာမှု ပြုလုပ်သည်" အဝိဇ္ဇာ ဟူသည် သစ္စာ ၄-ပါးကို မသိခြင်း, သံသရာဝဋ်၏ ရှေ့နောက် အစွန်းကို မသိခြင်း, ပဋိစ္စသမုပ္ပါဒ် စက်ကို မသိခြင်း-မောဟ ပင်တည်း။

အဝိဇ္ဇာပါယ်ကား-လူ့နတ် ဘဝ တို့ထို့၌ ဆင်းရဲ ရပုံကို၊ ထိုသို့သောဆင်းရဲအတွက် ငိုမြိုလုပ်လျက်နေကြောင်းကို

ငံ့,မသိခြင်း ဟုလို၏၊ ထိုသို့သိမလိမ္မာသောကြောင့် ထိုထိုဘဝ၌ ဖြစ်ပွါးရကြောင်း ကုသိုလ် အကုသိုလ်တို့ကို ပြုလုပ်လေသည်။ လူ နတ် ဖြစ်ရေးနှင့် အပါယ်လားရေး အထွေထွေကို ပြုလုပ်လေသည်။ အကယ်၍ ထိုသို့သော ကမ်ကုသိုလ် အကုသိုလ် တို့ကြောင့်ပင် ထိုထိုဘဝ၌ ဆင်းရဲအမျိုးမျိုး ဖြစ်ရကြောင်းကို သိပါမူကား ၎င်းများကို ပြုလုပ်မည်မဟုတ်ချေ။ ဥပမာ မူး၍ ရူးမည်ကို မသိ မိုက်မဲ၍ အသရေပျက် အရှက်ကွဲ ကိုယ်ကျိုးနဲမည့် အရက် သေစာကို သောက်စားသူကဲ့သို့တည်း။

သင်္ခါရ ဟူသည် ဘဝ အထူးထူးသို့ လားရောက်ရရေး ကမ်ပင်တည်း၊ ၎င်းသည်(အပုညာဘိသင်္ခါရ)အပါယ်လေးမျိုး ဆင်းရဲအိုးနှင့် တကွ အနန္တ အညစ်အပြစ် အထွေထွေတို့ကို ဖြစ်ပွါး စေကြောင်း အကုသိုလ်ကမ် ၁၂, (ကာမပုညာဘိသင်္ခါရ)ကာမ ၁၁ဘုံ၌ လူအစားစား နတ်အစားစား ဖြစ်ပွါးရေး ကာမကုသိုလ် ၈, (ရူပ-ပုညာဘိ သင်္ခါရ). ရူပ ၁၆ ဘုံ၌ ဗြဟ္မာအစားစား ဖြစ်ပွါးရရေး ရူပ ကုသိုလ်ကမ် ၄, (အရူပ ပုညာဘိသင်္ခါရ) အရူပ ၄ဘုံ၌ ဖြစ်ပွါးရရေး အရူပ ကုသိုလ်ကမ် ၄, ပေါင်း အကုသိုလ် ကုသိုလ်ကမ် ၂၈-ခုတို့တည်း။ တရားကိုယ် အားဖြင့် အကုသိုလ် စေတနာ ၁၂, ကာမရူပါ' ရူပ-ကုသိုလ် စေတနာ ၁၆ပင်တည်း။ ထိုသို့ ပြုသော စေတနာကမ်တို့အတွက် ထိုထို ဘုံဘဝ၌ ဖြစ်ပွါး ဆင်းရဲရကြောင်း မသိ မိုက်မဲခြင်းကြောင့်သာ ထိုကမ် ထိုအလုပ်တို့ကို လုပ်သည် ဟူလို။ သို့ကြောင့် 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ' ဟု ဘုရားဟော တော်မူ၏။

## ၂။ သင်္ခါရပစ္စယာ ဝိညာဏံ။

ယင်းသည့် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဉ် ဟူသည် ပဋိသန္ဓေ ပဝတ္တိ ၂မျိုး ရှိတည်း၊ အချုပ် အား ဖြင့် အပါယ် ၄ဘုံ အတွက် အကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ-စိတ်၊ ပဋိသန္ဓေ ကာန်း စသော လူနှင့်ဘုမ္မဇိုဝ်း ဝိနိပါတိက် အသူရာ တို့အတွက် ကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏ-စိတ်၊ ကာမသုဂတိ ၇ဘုံ အတွက် မဟာဝိပါက်စိတ် ၈ခု၊ ရူပ ၁၆ဘုံ အတွက် ရူပဝိပါက် ၅ခု၊ အရူပ ၄ဘုံ အတွက် အရူပဝိပါက်လေးခု ပေါင်း ပဋိသန္ဓေဝိညာဉ် ၁၉ခုနှင့် ပဝတ္တိအတွက် လောကီ ဝိပါက် ဝိညာဉ် ၃၂ တို့ တည်း။

ဤ ပဋိ သန္ဓေ ပဝတ္တိ ဝိညာဉ် တို့အား ကုသိုလ် အကုသိုလ်ကံ သင်္ခါရ ၁၂ ပါး တို့ကြောင့်သာ ဖြစ်ကုန်၏။ ၎င်းတို့နှင့် ကင်း၍ ပဋိသန္ဓေ တည်နေရခြင်း၊ ပဝတ္တိတွင်။ အစဉ် ဆက်လက် ဖြစ်ပွါးရခြင်း မဖြစ်ပေရာ။ ထို့ကြောင့် 'သင်္ခါရပစ္စယာ ဝိညာဏံ' ဟု ဘုရား ဟောတော်မူလေသည်

## ၃- ဝိညာဏပစ္စယာ နာမရူပံ၊

ယင်းသည့် ဝိညာဉ်ကြောင့် နာမ် ရုပ် ဖြစ်၏။ ထိုစကား၌ နာမ် ဟူသည် အချုပ်အားဖြင့် ဝေဒနာ သညာ သင်္ခါရ ဟူသော စေတသိက် ခန္ဓာ ၃ပါးတည်း၊ ရုပ်ဟူသည် ပဋိ သန္ဓေအခါ အာယတန ၆ပါး ကြဉ်သော ရုပ် ၂၃ ပဝတ္တိ အခါ ရုပ် ၂၈တည်း။

ထိုတွင် ဘော ၂မျိုး ကင်းသော ဂဗ္ဘသေယျက နှင့် အဏ္ဍဇ သတ္တဝါတို့၏ ပဋိသန္ဓေ ခဏ၌ ဝတ္ထု ဒသက

ကာယဒသက ကလာပ်၂စည်း ရုပ်ရေအားဖြင့်၁၄ခုဖြစ်၏။ ဘာဝရှိ ပုဂ္ဂိုလ်တို့အား ၎င်းကလာပ် ၂စည်း၌ ဘာဝဒသက ထည့်၍ ကလာပ် ၃စည်း ရုပ်ရေ ၁၅ခုတည်း။ ဥပပတ် ဖြစ်သွားတို့အား စက္ခု သောတ ဝတ္ထု ဒသက ဇီဝိတ- နဝက ကလာပ် ၄စည်း ရုပ်ရေ ၁၅တည်း။ ကာမ ဥပပတ် သံသေဒဇ ပုဂ္ဂိုလ် တို့အား ဝတ္ထု ဘာဝ ကာယ စက္ခု သောတ ဃာန ဇိဝှါ ကလာပ် ၇စည်းရုပ်ရေ ၁၉တည်း။ အရူပ ပဋိသန္ဓေ အခါကား ဝေဒနာ သညာ သင်္ခါရ နာမ် ခန္ဓာ ၃ ပါးသာတည်း၊ အသညသတ် ဖြစ်သွာတို့ ပဋိသန္ဓေ အခါ၌မူ ဇီဝိတ နဝက ကလာပ် တစည်း ရုပ်ရေ ၉ ခု သာတည်း၊ ပဝတ္တိ အခါကား ရုပ်အားလုံး ယထာရဟ ဖြစ်၏။

အရေးမှတ်ရန်သည်ကား-ဝိညာဏပစ္စယာ နာမရူပံ ဟူရာ၌ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်သည်ဟု တထစ်ချ မမှတ်ရ၊ အရူပ ဘုံအတွက်ကား ဝိညာဏပစ္စယာ နာမံ၊ အသညသတ် ဘုံအတွက် ဝိညာဏပစ္စယာ ရူပံ၊ ပဉ္စဝေါကာရ ဘုံ အတွက်သာ ဝိညာဏပစ္စယာ နာမရူပံ ဟုခွဲခြမ်း စိတ်ဖြာသော ဉာဏ်ဖြင့် သိမှတ်ရာ၏။

ထိုတွင်လည်း အသညသတ် ဖြစ်သွာများအတွက်ဝိညာဉ်နှင့် ရုပ်မှာ သဟဇာတ ပစ္စည်း မရကောင်း၊ အနန္တရ သမနန္တရ ပစ္စည်းသာ ရကောင်းရ၏။

အဓိပ္ပါယ်ကား။ စိတ် သညာနှင့် တပ်မက်ခြင်း ကင်းသော ဘာဝနာဖြင့် ရဘိကျရော၊ ထိုအခြားမဲ့၌ အသညသတ် ပဋိသန္ဓေမှာ ရုပ်ဇီဝိတသာ ဖြစ်လေသည်ဟု ဆိုလို၏။

စတုဝေါကာရနှင့် ပဥ္စဝေါကာရ တို့၌ကား သဟဇာတ ရကောင်းလေသည်၊ ထို့ကြောင့် ဤလောကကြီး၌ ရုပ် ချည်းသာ တည်နေသော သတ္တဝါ, နာမ်ချည်းသာ တည် နေသော သတ္တဝါ, ရုပ် နာမ် ၂မျိုးစုံ စပ်ဖက် တည်နေ သော သတ္တဝါဟု ၃မျိုး ၃စား ရှိကြောင်း ခြားနား သိမှတ် ရာ၏ သတည်း၊ ဤအရာကို ရည်၍ပင် 'ဝိညာဏပစ္စယာ နာမရူပံ 'ဟု ဘုရား ဟောတော်မူလေသည်။

## ၄။ နာမရူပပစ္စယာ သဠာယတနံ။

ယင်းသည့် နာမ်ရုပ်ကြောင့် အာယတန ၆မျိုးဖြစ်၏။ သဠာယတန ဟူသည် စက္ခာယတန သောတ...... ဃာန...... ဇိဝှါ....... ကာယ...... မနာယတန ဤ၆-ပါးတည်း၊ ထိုတွင် စက္ခုပ္ပသာဒ ရုပ်သည် စက္ခာယတန မည်၏၊ ထို့အတူ သောတပ္ပသာဒရုပ်စသည်တို့သည်သောတာယတနစသည် မည်ကုန်၏၊ စိတ် အားလုံးသည်ပင် မနာယတနမည်၏။

အဓိပ္ပါယ်ကား။ နာမ်နှင့်ရုပ် ရှိခြင်းကြောင့်ပင် စက္ခု သောတ စသော အာရုံတည်ရာ အာယတနများ ဖြစ်လာ သည်ဟု ဆိုလို၏၊ အထူးကား နာမ်ရုပ်ကြောင့် သဠာ ယ တန ဖြစ်သည် ဟူရာတွင် စတုဝေါကာရ ဘဝ၌ ကား သဠာယတန(မနာယတန) သာဖြစ်ကြောင်း, ဧကဝေါကာရ ၌မူ နာမရူပပစ္စယာ(ပဥ္စာယတန)သာဖြစ်ကြောင်း, ၎င်းမှာ လည်း အာရုံတည်ရာ မျှသာဖြစ်၍ ထိုအာရုံကို ယူတတ် သော နာမ်ကား ပြောစရာ တင်စရာ မရှိကြောင်း မှတ်ရာ၏၊ ထိုကိုရည်၍ပင်, နာမရူပပစ္စယာ သဠာယတနံ 'ဟု ဘုရား ဟောတော်မူသည်။

## ၅။ သဠာယတနပစ္စယာ ဖဿော။

ယင်းသည့် အာယတန ၆-ပါးကြောင့် ပဿာဒ အာရုံ ဝိညာဉ် ၃မျိုးရဲ့ တွေ့ထိခြင်း ဖဿဖြစ်သည်၊ ဖဿဟူသည် မျက်စိနှင့် အဆင်း, နားနှင့်အသံ, နှာခေါင်းနှင့်အနံ့, ကိုယ်နှင့်အတွေ့, စိတ်နှင့်ထရား ဤအသီးသီးတို့ စပ်ဖက် ရာတွင် ဝိညာဉ်ဖြစ်ပေါ်သဖြင့် ထို၃မျိုး တွေ့ထိသည်ကိုပင် ဆိုလေသည်၊ ထို့ကြောင့် စက္ခုသမ္ဖဿ သောတ...... ဃာန........ ဇိဝှါ..... ကာယ..... မနောသမ္ဖဿ ဟု ဖဿ ၆-မျိုးဖြစ်လေသည်၊

အကျယ်အားဖြင့်– နိဗ္ဗာန်ဝိညာဉ်နှင့် ကြွင်း လောကိယ ၃၁ပါက် ဝိညာဉ်ရ အားလုံးတည်း၊ ဤ၌လည်း အရူပဘုံ အတွက် သဠာယတနကြောင့် မနောသမ္ဖဿသာဖြစ်ကြောင်း အာသညသတ်၌ ဘယ်အာယတနမျှ ဖြစ်သည်ဟု စင်စစ်မဆိုရကြောင်း မှတ်ရမည်၊ ဤကိုရည်၍ပင် 'သဠာယတနပစ္စယာ ဖဿော' ဟု ဘုရား ဟောတော်မူသည်။

## ၆။ ဖဿပစ္စယာ ဝေဒနာ။

ယင်းသည့် ဖဿကြောင့် ဝေဒနာ=ခံစားခြင်း ဖြစ်၏၊ ဝေဒနာသည် သုခဝေဒနာ=ချမ်းသာ ခံစားခြင်း, ဒုက္ခဝေဒနာ=ဆင်းရဲ ခံစားခြင်း, သောမနဿဝေဒနာ= ရွှင်ပျစ်းသာခံစားခြင်း, ဒေါမနဿဝေဒနာ=မရွှင်မပျခံစားခြင်း, ဥပေက္ခာဝေဒနာ=လျစ်လျူ ခံစားခြင်း ဟု ၅ါးမျိုး ကွဲပြား၏၊ သို့ရာတွင် ဖဿကြောင့် ဖြစ်ရကား စက္ခုသမ္ဖဿဇာ

ဝေဒနာ= မျက်စိ အာရုံ ဝိညာဉ် ၃မျိုး တွေ့ဆုံရေး ဖဿ လျှင် ဖြစ်ကြောင်း ရှိသော ခံစားခြင်း စသည်ဖြင့် ၆-မျိုး ကွဲပြား၍ ဖြစ်၏၊ ၎င်းသည် ဝိဘတ်အားလုံးနှင့် ယှဉ်ရကား ဝေဒနာ ၁၅၀ ရှိသည်ဟု ဆိုသင့်၏ တချက်ကိုယ် အား ဖြင့် ဝေဒနာ စေတသိက်ပင်တည်း၊ ထိုသို့သော ဝေဒနာ မှာ ဖဿကြောင့် ဖြစ်ပေ၏၊ ထို့ကြောင့် 'ဖဿပစ္စယာ ဝေဒနာ'ဟု ဘုရားဟောတော်မူသည်။

## ၇၊ ဝေဒနာ ပစ္စယာ တဏှာ။

ယင်းသည့် ဝေဒနာကြောင့် တဏှာဖြစ်၏၊ ၎င်းသည် အဆင်း အသံ အနံ့ အရသာ အတွေ့ 'တရား'ဟူသော အာရုံ ၆-ပါး တို့၌ တပ်မက်ခြင်း ပင်တည်း၊ ခံစားခြင်း ဝေဒနာ အတွက် တပ်မက်ခြင်း ဖြစ်သည်ဟု ဆိုလို၏၊ ဤ၌ ဆင်းရဲကို တပ်မက် ပြီးမည်လော?၊ ဆင်းရဲရ၍ ချမ်းသာကို တပ်မက်၏၊ ၎င်းသည် ကာမဘုံ၌တပ်မက်ခြင်း, ရူပဘုံ၌ တပ်မက်ခြင်း, အရူပဘုံ၌ တပ်မက်ခြင်း ဟု ၃မျိုး ရှိ၏၊ ထို့ကြောင့် ဘုံ ၃ပါးရှိ အာရုံနှင့် ပွါးသော် တဏှာ ၁၈-ပါးဖြစ်၏၊ အတွင်း အပြင် ၂-မျိုး ဖြစ်ရကား ၃၆-ဖြစ်၏၊ ၎င်းမှာ ကာလ၃ပါး၌ ဖြစ်ရကား ၃ သတိုး နည်းအားဖြင့် တဏှာ ၁၀၈-ဖြစ်လေသည်၊ ထို့ကြောင့် 'ဝေဒနာပစ္စယာ တဏှာ' ဟု ဘုရား ဟောတော်မူသည်။

## ၈။ တဏှာ ပစ္စယာ ဥပါဒါန်။

ယင်းသည့် တဏှာကြောင့် စွဲလမ်းခြင်း ဥပါဒါန်ဖြစ်၏။ ဥပါဒါန်သည် သရုပ် အားဖြင့် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟု ၄-မျိုးရှိ၏၊ ကာမုပါဒါန် ဟူသည် တဏှာ အစွမ်းဖြင့် စွဲလမ်းခြင်း တည်း။

ဒိဋ္ဌုပါဒါန် ဟူသည် နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ စသော ပါဠိတော် အရ ပေးလှူမှု ကောင်းမှုတို့ အကျိုးမရှိဟု စွဲယူခြင်း၊ ဤလောက တမလွန်လောက ဟူ၍ ဘဝတပါး မရှိဟု စွဲယူခြင်း၊ အားပါး ဗိုက်ထုတ် ကျင့်ဆောင်စေကာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရရောက်သူမရှိ၊ ရရောက်ဖွယ် တရားလည်းမရှိ ဟု စွဲယူခြင်းတည်း။

သီလဗ္ဗတုပါဒါန် ဟူသည် ဤဒါန သီလ ဘာဝနာ ဖြင့် ဤသို့သော ဓနသျှင် သေဋ္ဌေး ပြည့်သျှင်မင်း ကောရာဇ် စက္ကဝတ် သိကြား ပြဟ္မာ ဖြစ်ပေအံ့ဟု စွဲယူသော ဒိဋ္ဌိ တမျိုး ပင်တည်း။

အတ္တဝါဒုပါဒါန်ဟူသည် ရူပံ အတ္တတော သမနုပဿတိ အစရှိသော ပါဠိတော်အတိုင်း ကိုယ်အာရုံပါး၌ ငါ့ဖိုး ငါ့ပိုင် ခိုင်ခံ့မြဲစွဲသည့် တဘဝသို့ကူးသွားပြောင်းလဲသည် ဟု စွဲယူခြင်း သက္ကာယ ဒိဋ္ဌိပင်တည်း။

ဤဥပါဒါန် ၄-မျိုးတို့တွင် ကာမုပါဒါန်ကား ငါ ငါ့ဟာ သူ သူ့ဟာစသည် တပ်မက်ခြင်း တဏှာ၏အစွမ်းအားဖြင့် စွဲယူခြင်းတည်း၊ ဒိဋ္ဌုပါဒါန်ကား ဘဝ၌ လူ နတ် အဖြစ် စသည်ကို မယုံကြည် ရှေးအကြောင်း ကိုမယုံ၊ နောက်

အကြောင်းကို မယုံ၊ ပစ္စက္ခလုံ့လကို မယုံ၊ လုံ့လအကျိုးကို မယုံသော ဥစ္ဆေဒ အယူ တမျိုးတည်း၊ သိလင္ဂတု ပါဒါနိကား မိမိ၏ အကျင့်သီလကို တဏှာ မာန ဒိဋ္ဌိ ၃ မျိုးယောနော စွဲလမ်းချက်ဖြစ်၏။ အတ္တဝါဒုပါဒါနိကား မိမိ ကိုယ်သူတပါးကိုယ်တို့၌ မြဲစွာတည်၏ ဟူသော သဿတ အယူတည်း။ ထိုသူတို့ ယူဟန်ကား-လူသေသည် ဆိုသော်လည်း ဝိညာဉ်နာမ် အသက် လိပ်ပြာ ပြောင်းလဲ ခြင်းမျှ ဖြစ်သည် ဟု စွဲလမ်း၏၊ ဤသို့သော အစွဲမျိုးမှာ တဏှာကြောင့်သာ ဖြစ်၏၊ ထို့ကြောင့် 'တဏှာပစ္စယာ ဥပါဒါနံ' ဟု ဘုရားဟောတော်မူသည်။

## ၉။ ဥပါဒါန ပစ္စယာ ဘဝေါ။

ယင်းသည့် အစွဲ အာလမ်းကြောင့် ဘဝဖြစ်၏၊ ဘဝဟူသည် ဖြစ်ပွါးကြောင်း ကံတည်း၊ † ၎င်းသည် ကမ္မဘဝ မည်၏၊ ကမ္မဘဝဟူသည် အဝိဇ္ဇာပစ္စယာ သင်္ခါရ၌ဆိုအပ်သော ကုသိုလ် အကုသိုလ်ကံ ၂၀ ပါးပင်တည်း၊ သို့ဖြစ်သော် သင်္ခါရနှင့် ဘဝ မည်သို့ ခြားနားသနည်း?၊ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကြောင်း အားဖြင့် ခြားနားသည်ဟု ဆရာတို့ ဖြေဆိုကုန်၏၊ ကျွန်ုပ်တို့ကား အဝိဇ္ဇာကြောင့် ဖြစ်သောကံ တဏှုပါဒါန်ကြောင့် ဖြစ်သောကံ ဟု ၂-မျိုး ခြားနားသိမှတ် အပ်ရာ, အဝိဇ္ဇာကြောင့် ဖြစ်သော သင်္ခါရသည် ပဝတ္တိ-ဝိညာဉ် ပဓာနဖြစ်၏၊ တဏှုပါဒါန်ကြောင့်ဖြစ်

† ဘဝအရ ဥပပတ္တိဘဝကို အတ္ထုဒ္ဓါရ ပြုမှုကို စွဲ၍ အဘိဓမ္မာဆရာနှင့် ညငါရ်ဆရာတို့ နားဝေ တိမ်တောင် ဖြစ်နေကြကုန်၏။ ကျမ်းဘတ်သမားတို့ ဝိပတ္တိ၌ာနတည်း။

သော ကမ်ကား ပတိသန္ဓေ မဓာနဖြစ်၍၊ သင်္ခါရကား အဝိဇ္ဇာ အရင်းခံသောကြောင့် ပတိသန္ဓေ ဓာကျိုးပေး မှုချ မဖြစ်နိုင်,ကမ္မဘဝကား တဏှာ၊ပါဒါနအရင်းခံ သောကြောင့် ပတိသန္ဓေကျိုး မှုချ ဖြစ်သည်ဟု ဆိုလိုကုန်၏၊ ထို့ကြောင့် 'ဥပါဒါနပစ္စယာ ဘဝေါ' ဟု ဘုရားဟောတော်မူသည်။

၁၀။ ဘဝပစ္စယာဇာတိ။

ယင်းသည့် ကမ္မဘဝကြောင့် † ဘဝသစ်ဖြစ်ရ၏၊ဇာတိ ဘဝတပါး၌ ဖြစ်ပွါးခြင်း ဟူသည် ထိုထို လူနတ် စသော ဘုံဘဝတို့၌ လူ နတ် ထင်ရှားဖြစ်ခြင်းတည်း၊ ၎င်းသည် ကမ်ကြောင့်သာ ဖြစ်၏၊ ထို့ကြောင့် 'ဘဝပစ္စယာဇာတိ' ဟု ဘုရားဟောတော်မူသည်။

၁၁။ ဇာတိပစ္စယာ ဇရာ မရဏံ။

ယင်းသည့် ဇာတိကြောင့် ဇရာနှင့် မရဏ ဖြစ်၏၊ အဓိပ္ပါယ်ကား အိုခြင်း၊ ရင့်ယော်ခြင်းနှင့် သေပျောက်ခြင်း ဖြစ်သည်၊ ထိုထိုဘဝ၌ မဖြစ်ရမူကား ထိုသို့သော အိုခြင်း သေခြင်း မဖြစ်ပေရာ၊ ထို့ပြင် စိုးရိမ်ပူဆွေးခြင်း, ငိုကြွေး မြည်တမ်းရခြင်း, ကိုယ် စိတ် ၂ဖြာ ဆင်းရဲရခြင်း, အပြင်း အထန် ပင်ပန်း ရခြင်း ဤသို့သော ဆင်းရဲ အရပ် အပေါင်းတို့သည်း ဤ ဇာတိကြောင့်ပင် ဖြစ်ကုန်၏၊(အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်သည် စသည် ဆိုချက်ဖြင့် အဝိဇ္ဇာ ကင်း ပြတ်လျှင် သင်္ခါရ ကင်းပြတ်သည် စသည် ကိုလည်း သိအပ် လေသည်။)

---

† ဘဝသစ် ဇာတိဟူသည် ဥပပတ္တိဘဝပင်တည်း၊ထို့ကြောင့် ကမ္မ ဘဝ၌ ဥပပတ္တိကို ထုတ်ပြယူစွဲခြင်းကို မျက်ခြည်မပြတ်မှုဟု မှတ်ယူရမည်။

# ၃၅။ သံသရာစက်ပြတ်ရေး။

အဝိဇ္ဇာ တဏှာ ဖြစ်ရင်း လျှင်,
ချုပ်ငြိမ်းက ဘဝ ငြိမ်းသည် ပင်၊
အို- နာ သေ တွေ့ပေကြခြင်း လျှင်,
ပြတ် မစဲ ညှဉ်းဆဲ ဖိ ၍ ပင်။
အာသဝ မြစ် ဖြစ်ပေါ်ကာ လျှင်,
အဝိဇ္ဇာ ဖြစ်လာ တဖန် ပင်,
ဤသို့ စပ်ဆက် လှည့်သည်လျက် လျှင်,
ဘုံသုံးဝ လက်စ မတုံးပင်၊
ပဋိစ္စမှတ် သမုပါဒ်လျှင်,
တို့မြင်ဖျား ဟောထား မိန့်ချက်ပင်။

ဤစကားများတွင် 'အဝိဇ္ဇာ တဏှာ ဖြစ်ရင်း လျှင်, ချုပ်ငြိမ်းက ဘဝ ငြိမ်းသည်ပင်' ဟူသည့် အခရအဝိဇ္ဇာနှင့်တဏှာ ချုပ်ငြိမ်းရေး လုပ်ငန်းကို ပြ၏၊ အဝိဇ္ဇာ ချုပ်ရေး အတွက် အာသဝ အမြစ်ကို ဖြတ်ရမည်၊ အမှန်မှာ သစ္စာလေးပါးကို အထပ်ထပ် ရှုကြည့် ပွါးစီးရမည်၊ တဏှာ ချုပ်ငြိမ်းရေး အတွက် ဘုံ ၃ပါး ဆင်းရဲကို ရှာဖွေ ကြည့်ရှု၍ မဂ္ဂင်ရှစ်ပါး လမ်းအတိုင်း လိုက်နာ ရမည်၊ အချုပ်မှာ ဘုံ-ဘဝ သွားရောက်ရေး ဒါန-သီလ- ဘာဝနာ လုပ်ငန်းကို လုံးလုံး စွန့်ပယ် ရမည်၊ ဤစကား ဗုဒ္ဓ- သာသနာ ဝင်တို့ လုပ်ငန်း သံသရာ ဆင်းရဲ ငြိမ်းစေလိုသူတို့ လုပ်ငန်းတည်း။

ဤနေရာ၌ သံသရာစက် ပြတ်နည်းကို အနည်းငယ် ချဲ၍ဆိုဦးအံ့၊ အဝိဇ္ဇာ ထဏှာ ဟူသော အမြစ် ၂ ပါးတွင် အဝိဇ္ဇာ အမြစ်ပြတ်ရန် သမ္မာဒိဋ္ဌိ-ဉာဏ်ဖြင့် သစ္စာ လေးပါးကို ရှုမြင်ရမည်၊ ဘဝတဏှာပြတ်ရန် သမ္မာဝါယာမ မဂ္ဂင်ပြဋ္ဌာန်းသော သီလ- သမာဓိ- ပညာ ဆိုင်ရာ မဂ္ဂင်တို့ကို ပွါးများရမည်၊ ဤသို့ လုပ်ဆောင်ရချိ ထိုသည့် သံသရာ အမြစ်ကြီး ၂ ပါး ပြတ်စဲနိုင်၏။

၎င်းအဓိပ္ပါယ်ကို ထင်ရှားစေဦးအံ့၊ ပထမဆုံး သမ္မာဝါယာမ မဂ္ဂင် ပြဋ္ဌာန်း သော သီလကို ပွါးစီး ရမည်၊ အဓိပ္ပါယ်ကား- သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ မဂ္ဂင် ၃ ပါးကို ဖြည့်ကျင့်ရမည်၊ ၎င်းကို ၁- ပြည့်စုံခြင်း, ၂- တော်လှန်ခြင်း, ၃- အစွဲအင်းခြင်း, အင်္ဂါ ၃ ပါးနှင့် ပြည့်စုံစေ၊ ထိုသို့ ဖြစ်ခြင်းသည် ပင် သမ္မာဝါယာမ၏ တတိယ လုပ်ငန်းကို ပြည့်စုံစေ၏၊ ယင်းသို့အားဖြင့် သီလ ပြည့်စုံပြီး သော ဒုတိယမြောက် သမ္မာသတိ သမ္မာသမာဓိမဂ္ဂင် ၂ ပါးကို သမ္မာဝါယာမ မဂ္ဂင်၏ စတုတ္ထ လုပ်ငန်းအတိုင်း လုပ်ဆောင် ပြည့်စုံစေရမည်။

အဓိပ္ပါယ်ကား-ပထမသီလ၏ ဘဝတဏှာမှ ပြတ်စဲ၍ စင်ကြယ်သည်ကို သတိထားလျက် သမာဓိ၌ တည်တံ့စေရမည်။ စတုတ္ထသမာဓိ၌ တည်နေသော ယောဂီ ပုဂ္ဂိုလ်သည် သမ္မာဝါယာမ မဂ္ဂင်၏စတုတ္ထ လုပ်ငန်းအတိုင်း လိုက်နာ၍, သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင် ၂ ပါးကို ပွါးများလျှင် ဒုက္ခကို ပိုင်းခြားခြင်း သမုဒယကို ပယ်ခြင်း နိရောဓကို မျက်မှောက်ပြုခြင်းမဂ္ဂသစ္စာကို ပွါးစီးခြင်းကိစ္စလေးပါးကို

ထပြိုင်နှက် ပြီးစေလျက် မင်္ဂလာပါး ဗိုလ်လေးပါးသို့ ဆိုက် ရောက်လိမ့်သတည်း။

မှတ်ချက်။ အသွန်ရှင်းလင်း ပေါ်လွင် အောင် ရေးသားချက် ဖြစ်စေကာ, လူပြိန်းသိ, အရပ်သိ ကောင်းစွာ မဖြစ်သေးချေ၊ အရပ်သိ, လူပြိန်းသိ ဖြစ်ရန် ဤ စာစောင်၏ ၃-၄ ဆ လောက် ရေးရ လိမ့်မည်။ သို့သော် ရင်းအတိုင်းပင် အတော် အတန် ပညာ ရှိသူများမှာန် ဆည်းကပ်၍ နာယူ ဖတ်ရှု လျှင် လူပြိန်း များသည်း သိနိုင်ပါလိမ့်သတည်း။

ကေန် သိလို, တတ်လိုသူ၏ ကေန် လုပ်ငန်းကား စာကို အထပ်ထပ် ဖတ်ခြင်း, မရှင်းလင်းရာ၌ မေးမြန်းခြင်း တည်း ဟု စာကြည့်သူတို့ မှတ်သြပါကုန်။

ပဋိစ္စ သမုပ္ပါဒ် ပြီး၏။

၁၃၀၂-ခု ဝါခေါင်လဆန်း ၁၄ရက်နေ့။

# တရားမှန်တော်ကြီး

## အဋ္ဌမခေါက်

ဘုံပုဂ္ဂိုလ် နှင့် ချမ်းသာ ဆင်းရဲ

# ဘုံ ပုဂ္ဂိုလ် နှင့် ချမ်းသာ ဆင်းရဲ


၃၆- ဘုံ နှင့် ပုဂ္ဂိုလ် ........ ၁၃၁-၁၃၃

၃၇- ပုဂ္ဂိုလ် နှင့် စိတ် ........ ၁၃၄-၁၃၅

၃၈- ပတိသန္ဓေ နှင့် ကမ် ........ ၁၃၅-၁၃၈

၃၉- ဘုံ ပုဂ္ဂိုလ် နှင့် အသက် ........ ၁၃၈-၁၃၉

၄၀- ချမ်းသာ နှင့် ဆင်းရဲ ........ ၁၄၀-၁၄၄

# ဘုံ ပုဂ္ဂိုလ် နှင့် ချမ်းသာ ဆင်းရဲ

## ၃၆။ ဘုံ နှင့် ပုဂ္ဂိုလ်

ဤလောကကြီးသည် ဩကာသ,သတ္တ ဟု ၂ မျိုးရှိ၏။ ဩကာသ ဟူသည် သတ္တဝါတို့ တည်နေရာတည်း၊ ၎င်းသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဟု အပါယ် ၄ ဘုံ,လူ့ဘုံ, စာတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီ ဟု ကာမသုဂတိ ၇ ဘုံ ပေါင်း ကာမ ၁၁ ဘုံ၊ ဗြဟ္မပါရိသဇ္ဇ, ဗြဟ္မပုရောဟိတ မဟာဗြဟ္မ ဟု ပထမဈာန် ၃ ဘုံ,ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရ ဟု ဒုတိယဈာန် ၃ ဘုံ, ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘကိဏှ ဟု တတိယဈာန် ၃ ဘုံ, ဝေဟပ္ဖိုလ အသညသတ္တ ၂ ဘုံနှင့် အဝိဟာ အတပ္ပ သုဒဿာ သုဒဿီ အကနိဋ္ဌ ဟု သုဒ္ဓါဝါသ ၅ ဘုံပေါင်း စတုတ္ထဈာန် ၇ ဘုံ၊ အားဖြင့် ရူပ ၁၆ ဘုံ၊ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန ဟု အရူပလေးဘုံ အားဖြင့် ဗြဟ္မာဘုံ ၂၀ ဤသို့ ကာမ ၁၁, ဗြဟ္မာ ၂၀ အားဖြင့် ၃၁ ဘုံ ကွဲပြား၏။

ထိုဘုံ ၃၁ မျိုး၌ တည်နေ ဖြစ်ပွားသော သတ္တဝါတို့မှာ မရေမတွက်နိုင်, များပြားစေကာ ပုဂ္ဂိုလ် အရေအတွက်

အားဖြင့် ဒုဂ္ဂတိ အဟိတ်, သုဂတိ အဟိတ်, ဒွိဟိတ်, တိဟိတ် ဟူ၍ ပုထုဇ္ဇန် ၄ ယောက်, သောတာပတ္တိ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် သကဒါဂါမိ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် အနာဂါမိ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် အရဟတ္တ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ဟူ၍ အရိယာ ၈ ယောက် အားဖြင့် ၁၂ ယောက်ဖြစ်၏။

၎င်းအနက် သောတာပတ္တိ ဖလဋ္ဌာန် သည် ဧကဗီဇိ= တမျိုး တဘဝသာ ဖြစ်ထိုက်သူ, ကောလံကောလ=ဘုံဘဝ ၂-၃-၄-၅-၆ အထိ ပြောင်းရွှေ့ ဖြစ်ပွါးရသူ, သတ္တက္ခတ္တုပရမ= ၇ ဘဝအထိ အလွန် ဖြစ်ခွင့်ရှိသူ ဟု ၃ ယောက် ကွဲပြား၏။

သကဒါဂါမိ ဖလဋ္ဌာန်သည် ဤ၌ ရ၍ ဤ၌ ဘဝဆုံးသူ ထို၌ ရ၍ ထို၌ ဘဝဆုံးသူ, ဤ၌ ရ၍ ထို၌ ဘဝဆုံးသူ, ထို၌ ရ၍ ဤ၌ ဘဝဆုံးသူ, ဤ၌ ရ၍ ထိုမှာ ဖြစ်ပြီးနောက် ဤ၌ ဘဝဆုံးသူ ဟု ငါးယောက်ဖြစ်၏။

အနာဂါမိ ဖလဋ္ဌာန်သည်လည်း အကြား၌ ဘဝဆုံးသူ, အခန်းကာလ၌ ဘဝဆုံးသူ, ပြုမပြု ဘဝဆုံးသူ, ပြုပြင်၍ ဘဝဆုံးသူ, ဘုံအဆုံးတိုင် သွားရောက် ဘဝဆုံးသူ ဟု ငါးယောက်ဖြစ်၏။

ဤသို့လျှင် အရိယာ ဖလဋ္ဌာန်သည် ရဟန္တာနှင့် တကွ ၁၄ ယောက် ဖြစ်လေသည်။ မဂ္ဂဋ္ဌာန် ၄ ပုထုဇ္ဇန် ၄ နှင့် ပေါင်းသော် ပုဂ္ဂိုလ် ၂၂ ဖြစ်၏။

ဘုံ ၃၁ တွင် အပါယ် ၄ ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်သာ ရှိ၏။ လူ နှင့် စာတုမဟာရာဇ် ၂ ဘုံ၌ ဒုဂ္ဂတိအဟိတ်မှ တပါး ပုဂ္ဂိုလ် ၁၁ ယောက်ရှိ၏၊ တာဝတိံ

ဘာ စသော နတ်ပြည် ငါးဘုံ၌ ဒုဂ္ဂတိ, သုဂတိ အဟိတ်မှ တပါး ပုဂ္ဂိုလ် ၁၀ ယောက် ရ၏၊ ဝေဟပ္ဖိုလ်အသညီ ရူပ ၁၀ ဘုံ၌ တိဟိတ် ပုထုဇ္ဇန်နှင့် အရိယာ ပေါင်း ၉ ယောက်ရ၏၊ အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇ္ဇန် တယောက်ရ၏။ သုဒ္ဓါဝါသ ငါးဘုံ၌ အထက် အရိယာ ၃, ယောက် ရ၏၊ အရူပ ၄ ဘုံ၌ တိဟိတ် ပုထုဇ္ဇန်နှင့် သောတာပတ္တိမဂ္ဂဋ္ဌာန် မှတပါး အရိယာ ၇ ယောက် ပေါင်း ရှစ်ယောက်ရ၏၊ သရုပ်ဆရာတို့ကား ဘုံ အသီးသီး၌ ရကောင်းသော ပုဂ္ဂိုလ် ၂၁၄ ယောက်ကို ရည်၍ "ပုဂ္ဂိုလ်အပြား ဝါကရေး" ဟု ဆိုကြကုန်၏။

ထိုတွင် ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန်သည် အပါယ် ၄ ဘုံ၌ ဖြစ်၏၊ သုဂတိ အဟိတ်သည် လူ စာတုမဟာရာဇ် အသညသတ်ဖြစ်သော ဤ ၃ ဘုံတို့၌ ဖြစ်၏၊ ဒွိဟိတ် ပုထုဇ္ဇန်သည် ကာမသုဂတိ ၇ ဘုံတို့၌ ဖြစ်၏၊ တိဟိတ် ပုထုဇ္ဇန်သည် ကာမသုဂတိ ၇ ဘုံ ဝေဟပ္ဖိုလ်အသညီ ရူပဖြစ်သော ၁၀ ဘုံ အရူပ ၄ ဘုံ ဤ ၂၁ ဘုံတို့၌ ဖြစ်၏၊ သောတာပတ္တိ မဂ္ဂဋ္ဌာန်သည် အပါယ် သုဒ္ဓါဝါသကြဉ်, ပဉ္စဝေါကာရ ၁၇ ဘုံတို့၌သာဖြစ်၏၊ သောတာပတ္တိ ဖလဋ္ဌာန်စသော အရိယာ ၄ ယောက်တို့သည် တိဟိတ် ပုထုဇ္ဇန် ဖြစ်ရာ ၂၁ ဘုံ တို့၌ ဖြစ်ကုန်၏၊ အထက်အရိယာ ၃ ယောက်တို့ကား အပါယ် ကြဉ်, ပဉ္စဝေါကာရ ၂၂ ဘုံ, အရူပ ၄ ဘုံ ဤ ၂၆ ဘုံ တို့၌ ဖြစ်ကုန်၏။

# ၃၇။ ပုဂ္ဂိုလ် နှင့် စိတ်

ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန်သည် ဟသိတုပ္ပါဒ် ကြဉ်သော အဝေဿဘာဇောစိတ် ၂၈, မဟာကုသိုလ် ၈ ပေါင်း ၃၇ ရ၏။ သုဂတိ အဟိတ် ဒွိဟိတ် ပုထုဇ္ဇန်တို့သည် ယင်း ၃၇ ၌ ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄ ထည့်, စိတ် ၄၁ ရ၏၊ တိဟိတ် ပုထုဇ္ဇန်သည် ယခင်စိတ် ၄၁ ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄ ထည့်, စိတ် ၄၅ ရ၏။ မဂ်ပုဂ္ဂိုလ် ၄ ယောက် တို့ကား မိမိတို့မဂ် အသီးသီး ရကုန်၏၊ အောက် ဖလဋ္ဌာန် ၂ ယောက်တို့သည် တိဟိတ်စိတ် ၄၅ တွင်ဒိဋ္ဌိဂတ သမ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁ ပေါင်း စိတ် ၅ နုတ်, မိမိတို့ ဖိုလ်စိတ် အသီးသီးထည့်, ၄၁ စီ ရကုန်၏၊ အနာဂါမိ ဖလဋ္ဌာန်သည် ယင်း၌ ဒေါသမူ ၂ နုတ်, မိမိဖိုလ်ပွက်, စိတ် ၃၉ ရ၏၊ ရဟန္တာသည် ကာမဝိပါက် ၂၃, ကာမကြိယာ ၁၁, အရဟတ္တဖိုလ် ၁ ပေါင်း စိတ် ၃၅ ရ၏။(ဈာန်ကား ချန် မရသော သုက္ခဝိပဿက အတွက်တည်း။ )

ကာမဈာန်ရ အောက်ဖလဋ္ဌာန် ၇ ယောက် တို့သည် မဟဂ္ဂုတ် ကုသိုလ် ၈ ခုကိုလည်း ရကုန်၏၊ ရဟန္တာသည်လည်း မဟဂ္ဂုတ် ကြိယာ ၈ ခုရ၏၊ ရူပတိဟိတ်သည် ဒေါသမူ ၂ ကြဉ်, အကုသိုလ် ၁၀, ဟသိတုပ္ပါဒ်,ဃာနာဒိ ဝိညာဏ် ၆ ကြဉ်, အဟိတ်စိတ် ၁၁, မဟာကုသိုလ် ၈ မဟဂ္ဂုတ်ကုသိုလ် ၈, ရူပဝိပါက် ၄, ပေါင်း ၄၁ ရ၏၊ ရူပ အောက်ဖလဋ္ဌာန် ၃ ယောက် တို့ကား ရူပတိဟိတ်စိတ်

၄၁ တွင် ဒိဋ္ဌိဂတ သမ္ပယုတ် ၄, ဝိစိကိစ္ဆာသဟဂုတ် ၁ ပေါင်း ၅ ကြည့်, မိမိတို့ ဖိုလ်အသီးသီးထည့်, ပေါင်း ၃၇ စိ ရကျန်၏။ ရူပရဟန္တာကား ဃာနာဒိဝိညာဏ် ၆ ကြည့်, အဟိတ်စိတ် ၁၂ မဟာကြိယာစိတ် ၈, ရူပဝိပါက် ၄, မဟဂ္ဂုတ်ကြိယာ ၈, အရဟတ္တဖိုလ် ၁ ပေါင်း ၃၃ ရ၏။ အရူပတိဟိတ်ပုထုဇ္ဇန်သည် ဒေါသမူကြည့်, အကုသိုလ် ၁၀, မနောဒွါရာဝဇ္ဇန်း ၁ မဟာကုသိုလ် ၁ အရူပကုသိုလ် ဝိပါက် ၈, ပေါင်း ၂၇ ရ၏၊ ယင်းသို့ အောက်ဖလဌာန် ၃ ယောက်တို့သည် ယင်း တိဟိတ်စိတ်၌ ဒိဋ္ဌိဂတ သမ္ပယုတ် ၄, ဝိစိကိစ္ဆာသဟဂုတ် ၁ ပေါင်း ၅ ကြည့်, မိမိတို့ ဖိုလ်အသီးသီးထည့်, စိတ် ၂၃ စိရ၏၊ အရူပ ရဟန္တာကား မနောဒွါရာဝဇ္ဇန်း ၁, မဟာကြိယာ ၈, အရူပဝိပါက်ကြိယာ ၈, အရဟတ္တဖိုလ် ၁ ပေါင်း ၁၈ ရ၏။

## ၃၈။ ပဋိသန္ဓေ နှင့် ကမ္မ

ပဋိသန္ဓေမှာ အပါယ် ကာမသုဂတိ ရူပ အရူပ ဟု ၄ မျိုးရှိ၏၊ ၎င်းတို့အနက် အပါယ် ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန်တို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်နှင့် ပဋိသန္ဓေနေကုန်၏။ ကာမသုဂတိ ၇ ဘုံ၌ ဝမ်းတွင်းကန်း စသော ဘုမ္မစိုးနတ် ဝိနိပါတိက် အသုရကာယ် သုဂတိ ဟိတ် ပုထုဇ္ဇန်တို့သည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်နှင့် ပဋိသန္ဓေနေကုန်၏။ ကာမသုဂတိ ဒွိဟိတ်တို့ကား

မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄ ခု နှင့် ပဋိသန္ဓေ နေကုန်၏။ ကာမသုဂတိ တိဟိတ် ပုထုဇ္ဇာန်တို့မှာ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ခုတို့နှင့် ပဋိသန္ဓေ နေကုန်၏။ ပထမဈာန် စသော ရူပဗြဟ္မာတို့သည် အစဉ်အတိုင်း ပထမဈာန်ဝိပါက် စသည်နှင့် နေကုန်၏။ အသညသတ် ဗြဟ္မာတို့ကား ဇီဝိတ နဝက ကလာပ်ရုပ်ဖြင့်သာ ပဋိသန္ဓေ နေကုန်၏။ ပထမ အရူပ စသော ဗြဟ္မာတို့သည် ၎င်းတို့ ဆိုင်ရာ အရူပ ဝိပါက် အသီးသီး ဖြင့်သာ ပဋိသန္ဓေ နေကုန်၏။ ဘဝင် စုတိ အခါတို့၌လည်း ထိုစိတ်တို့ပင် ဖြစ်ကုန်၏၊ အသညသတ် ဗြဟ္မာ တို့ကား ဇီဝိတ နဝက ကလာပ်ဖြင့်ပင် တဘဝလုံး တည်နေရတော့ကုန်၏။

ဤသည့်-ပဋိသန္ဓေကို ဖြစ်စေတတ်သော ကမ်တို့ကား-- အကုသိုလ် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် ဟူ ၄ မျိုး ရှိကုန်၏။ ၎င်းတို့တွင် ဥဒ္ဓစ္စ စေတနာမှတပါး အကုသိုလ် စေတနာ ၁၁ သည် အပါယ်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏။ ပဝတ္တိ၌ကား ကာမရူပ ဘုံတို့၌ အကုသိုလ် စေတနာ ၁၂ ပါးလုံးပင် အကုသလ ဝိပါက် ၇ မျိုးကို ဖြစ်စေ၏။ မဟာကုသိုလ် စေတနာ ၈ ခုသည် ကာမသုဂတိ ၇ ဘုံ၌ ပဋိ သန္ဓေကို ဖြစ်စေ၏။ ပဝတ္တိ၌ကား မဟာဝိပါက် ၈, ကုသလ ဝိပါက် ၈ ပေါင်း ၁၆ ပါးသော အကျိုးတို့ကိုပင် ကာမ ရူပဘုံ၌ ဖြစ်စေ၏။

ယင်းသို့ အကျိုးကို ဖြစ်စေရာ၌လည်း၊ လုံ့လ စေတနာ အကောင်း၊ အဆိုးအလိုက် အကျိုး အကောင်း အဆိုးကို ဖြစ်စေလေသည်။ ထိုတွင် အကုသိုလ်ကမ် ဟူသည် ဆိုခဲ့ပြီး ဒုစ္စရိုတ် ပုညကြိယာ ပျက်ကွက်မှု စေတနာသာ ဖြစ်လေသည်၊ ကုသိုလ်ကမ် ဟူသည်လည်း ဆိုခဲ့ပြီး သီလ သုစရိုတ် ပုညကြိယာ စေတနာတို့ပင်တည်း။

ရူပ ကုသိုလ်ကမ်များတွင် ပထမဈာန် ကုသိုလ် စေတနာကို အနည်းငယ် ပွါးများ၍ ဗြဟ္မပါရိသဇ္ဇ ဘုံ၌ ဖြစ်၏၊ အလတ်စား ပွါးများသော် ဗြဟ္မပုရောဟိတဘုံ၌ဖြစ်၏၊ အမြတ်စား ပွါးများမှု မဟာဗြဟ္မာဘုံ၌ ဖြစ်၏၊ ဤအတူပင် ဒုတိယ တတိယ စတုတ္ထ ဈာန်တို့ကိုလည်း အယုတ် အလတ် အမြတ် ၃မျိုး ပွါးများ၍ ဒုတိယဈာန် ၃ဘုံ စသည်၌ အစဉ်အတိုင်း ဖြစ်ကုန်၏။ အသညသတ် ဗြဟ္မာတို့ကား- စိတ် အမှတ်သညာ၌ အတသ်ကင်း ပွါးများ၍ ထိုဘုံ၌ ဖြစ်ကုန်၏။ အနာဂါမ် တို့ကား သုဒ္ဓါဝါသ ဘုံ၌ ဖြစ်ကုန်၏။ အရူပ ဗြဟ္မာတို့သည်လည်း ဆိုင်ရာ ဈာန် ကုသိုလ် စေတနာ အသီးသီးကို ပွါးများ၍သာ ဖြစ်ကုန်၏။

၎င်းတို့တွင် အဆုံးမရှိသော ကောင်းကင် အာရုံကို ပွါးများ၍ အာကာသာနဉ္စာ ယတန ဘုံ၌ ဖြစ်၏၊ ထိုကောင်းကင် အာရုံစိတ်ကို အဆုံးမဲ့ ပွါးများ၍ ဝိညာဏဉ္စာယတန ဘုံ၌ ဖြစ်၏။ ထိုဝိညာဉ်၏ ထစုံတခု မရှိခြင်းကို ပွါးများ၍ အာကိဉ္စညာ ယတနဘုံ၌ ဖြစ်၏။ ၎င်းကိုပင် နူးညံ့သိမ်မွေ့စွာ ပွါးများ၍ နေဝသညာ နာသညာ ယတန ဘုံ၌ ဖြစ်၏၊

သောတာပန်ကား-သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ သံယောဇဉ် ၃ ပါးကို အကြွင်းမဲ့ ပယ်၍ ဖြစ်၏။ သကဒါဂါမ်ကား ၎င်းကို ထပ်မံ ခေါင်းပါးစေ၍ ဖြစ်၏။ အနာဂါမ်ကား ကာမ ရာဂ ဗျာပါဒ သံယောဇဉ် ၂ ပါးကို အကြွင်းမဲ့ ပယ်၍ ဖြစ်၏ ရဟန္တာကား-မာန အဝိဇ္ဇာ သံယောဇဉ် တို့ကို အကြွင်းမဲ့ ပယ်၍ ဖြစ်၏။

# ၃၉။ ဘုံပုဂ္ဂိုလ် နှင့် အသက်။

ဤသည့် ၃၁ဘုံ၌ ဖြစ်ပွါးကြသော ပုဂ္ဂိုလ်များ အနက် လူနှင့် အပါယ် ပုဂ္ဂိုလ်ကား အမြဲ အစွဲ အားဖြင့် အသက် အပိုင်းအခြား မရှိကုန်၊ ကမ်အားလျော်စွာ အရှည် အတို ဖြစ်ကုန်၏၊ တရားအားကောင်းသလောက် အသက် စည်း စိမ် အဆင်းစသည် အားကောင်း၏၊ မတရား အား ကောင်း သလောက်လည်း ၎င်းများ ယုတ်လျော့ ပျက်ပြား၏။

စာတုမဟာရာဇ် စသော နတ်တို့လည်း ကမ် အားလျော် စွာသာ ဖြစ်ခွင့်ရှိကုန်၏။ သို့ရာတွင် များရာ မှတ်သော နည်း အားဖြင့် လူတို့ အရေအတွက် အနှစ် ၅၀ သည် စာတုမ ဟာရာဇ်၌ တနေ့တညသာ ဖြစ်၏။ ထို့အတူ လူတို့ အနှစ် ၁၀၀ သည် တာဝတိံသာနတ်ပြည်၌ တနေ့တည်၌, လူတို့ အနှစ် ၂၀၀ သည် ယာမာ၌ တနေ့တည၌, လူနှစ် ၄၀၀ သည် တုသိတာ၌ တနေ့ တည၌, လူနှစ် ၈၀၀ သည် နိမ္မာ နရတိ၌ တနေ့တည၌, လူနှစ် ၁၆၀၀ သည် ပရနိမ္မိတဝသ ဝတ္တိ၌ တနေ့ တည၌,သာ ဖြစ်၏၊ ထိုနေ့ည ၃၀-တလ,

၁၂-လ တနှစ် ဖြစ်၏။ စာတု မဟာရာဇ်၌ ထိုသို့သော နှစ်ပေါင်း ၅၀၀, တာဝတိံသာ၌ ၁၀၀၀, ယာမာ၌ ၂၀၀၀, တုသိတာ၌ ၄၀၀၀, နိမ္မာနရတိ၌ ၈၀၀၀, ပရနိမ္မိတ ဝသဝတ္တိ၌ ၁၆၀၀၀ အသက်ရှည်လေသည်။

ပထမဈာန် အောက်ဘုံ၌ ကပ်တခု၏ ၃ပုံ ၁ပုံ အသက်ရှည်၏။ ၎င်း အလယ်ဘုံ၌ ကပ်ဝက်, ၎င်း အထက်ဆုံးဘုံ၌ တကပ်, ပရိတ္တာဘာဘုံ၌ ၂ ကပ်, အပ္ပမာဏာဘာဘုံ၌ ၄ ကပ်, အာဘဿရဘုံ၌ ၈ ကပ်, ပရိတ္တသုဘာ ဘုံ၌ ၁၆ ကပ်, အပ္ပမာဏာဘာ ဘုံ၌ ၃၂ ကပ်, သုဘကိဏှာ ဘုံ၌ ၆၄ ကပ်, ဝေဟပ္ဖိုလ်နှင့် အသညသတ် တို့၌ ကပ် ၅၀၀, အဝိဟာ ဘုံ၌ ကပ် ၁၀၀၀, အတပ္ပ ဘုံ၌ ကပ် ၂၀၀၀, သုဒဿာဘုံ၌ ကပ် ၄၀၀၀, သုဒဿီ ဘုံ၌ ကပ် ၈၀၀၀, အကနိဋ္ဌ ဘုံ၌ ကပ် ၁၆၀၀၀, အာကာသာနဉ္စာယတန ဘုံ၌ကပ် ၂၀၀၀၀, ဝိညာဏဉ္စာယတနဘုံ၌ကပ် ၄၀၀၀၀, အာကိဉ္စညာယတနဘုံ၌ ကပ် ၆၀၀၀၀, နေဝသညာနာသညာယတနဘုံ၌ ကပ် ၈၄၀၀၀, အသက်ရှည်ကုန်၏။

ဤ၌ ဘုံဆိုရာတွင် ဘုံနေ-ပုဂ္ဂိုလ်တို့ကို ဆိုလို၏၊ အထူး မှတ်သားဖွယ်ကား ကမ်သက်ထက် †ဈာန်, သက်က ပိုမို ရှည်သည်၊ ဈာန်-သက်တွင် ရုပ် သက်ထက် နာမ်- သက်က ပိုမိုရှည်သည်၊ ထို ကမ် ဈာန် တရားတို့၌ စိတ် စေတနာ လုံ့လချင်း ခြားနား၍ အသက် အဆင်း စည်းစိမ် စသည် ပိုမို ရှည်ကြာများပြား ကြီးကျယ်သည် ဟု မှတ်ရာ၏။

---

† ဈာန် သက်ထက် ဉာဏ်သက် ပိုမို ရှည်မည်ကို သိရမည်။ သို့ဖြစ်လျှင် ဋ္ဌ၀ိပါဒ် တရား ဉာဏ်သက်ကို ယုံကြည်နိုင်ရာ၏။

# ၄၀။ ချမ်းသာ နှင့် ဆင်းရဲ။

ယခုအခါ ဤသည့် ဘုံ ၃၁ တို့၌ ဤသို့သော အသက် အပိုင်းအခြားမျိုးဖြင့် နေထိုင်ကြသည့် သတ္တဝါ အမျိုးမျိုးတို့၏ ချမ်းသာ-ဆင်းရဲကို အနည်းငယ် ခွဲခြား စိစစ်အပ်၏

ငရဲဘုံများ၌ ချမ်းသာဟု အလျှင်းမရှိ၊ လက်နက် အမျိုးမျိုးဖြင့် ရိုက်နှက် ထိုးခုတ်ခြင်း၊ သံပူမြေပြင်၌ ပြေးသွားခြင်း၊ သံရည်၌ ငုပ်ရခြင်း၊ မီးလောင်မြိုက် ကျွမ်းရခြင်း စသော ဆင်းရဲကာ ရှုံ့ကြီးတင် အော်အင် ငိုယိုကာ သက်သာကွက် မရှိ ခံနေကြရကုန်၏၊ ထိုဆင်းရဲမှ လွတ်ခွင့် မရကြကုန်။

တိရစ္ဆာန်တို့ကား ယခု လူတို့ မျက်မြင် ဖြစ်ကြသည့် အတိုင်း ဆင်းရဲတုံးသာ ဖြစ်ကုန်၏၊ သို့ရာတွင် သက်သာ ပျော်ရွှင်ကွက် ချမ်းသာကွက်များ ရှိသေး၏။

ပြိတ္တာတို့ကား ငရဲသူတို့ကဲ့သို့ပင် ဆင်းရဲ တစ်ပ်တည်းသာ ဖြစ်ကြကုန်၏။ သို့ရာတွင် ဝေမာနိကပေါ် ပြိတ္တာ အချို့ကား နေ့တွင် ချမ်းသာ ညမှာဆင်းရဲ ခံကြရကုန်၍ ချမ်းသာ ဆင်းရဲ ၂ မျိုး ရောနှော ခံစား ကြရကုန်၏၊ အသုရကာယ် တို့တွင်လည်း ရှေး နတ်ဟောင်း အသုရာပေါ် အသုရကာယ်တို့ကား လူများနှင့် အလွန် မကွာခြားလှသော ဆင်းရဲချမ်းသာမျှ ဖြစ်ကုန်၏၊ ပြိတ္တာမျိုးဝင် အသုရကာယ် တို့ကား ဝေမာနိက ပြိတ္တာတို့ကဲ့သို့ပင် ချမ်းသာ ဆင်းရဲ ဖြစ်ကြကုန်၏။

လူတို့ကား အများသိ ချမ်းသာ ဆင်းရဲ အတိုင်းခံစား ကြရကုန်၏၊ အချို့မှာ ပြိတ္တာများကဲ့သို့ အချို့မှာ စာတုမဟာရာဇ်စသော နတ်များကဲ့သို့ ဆင်းရဲချမ်းသာ ဖြစ်ကုန်၏။

စာတုမဟာရာဇ် စသော နတ်တို့ကား ဆင်းရဲမရှိ၊ ချမ်းသာအတိ ဟုသာ ဆိုရကုန်၏၊ သို့ရာတွင် စာတုမဟာရာဇ် ဂိုဏ်းဝင် အချို့ နတ်တို့ကား ပြိတ္တာတို့ကဲ့သို့ပင် ချမ်းသာဆင်းရဲ ဖြစ်ကုန်၏။

တာဝတိံသာမှအထက်နတ်တို့ကား ချမ်းသာအတိသာ ဖြစ်ကုန်သတတ်၊ သို့ရာတွင် ထိုသို့သော ချမ်းသာမှု အထူးအထယ် ကြီးမားသည့် အတွက်ပင် သူတပါး၏ စည်းစိမ်၌ ငြူစူခြင်း၊ သူတပါး ပျက်စီးရန် ကြံစည်ခြင်း အကုသိုလ်ကံများကို အမြဲမြဲ လိုလို ပြုကျင့် နေကြသော နတ်တို့သာ များကုန်၏၊ ထို့ပြင် ထိုအဖြစ်မျိုး ကင်းသည့် အချို့နတ်တို့မှာလည်း အပျော် အပါး အားကြီးကြသောကြောင့် လူတို့တွင် အရက် သေစာ သောက်စား မူးယစ် ပျော်ကြူးသူ ကာမ ပျော်ကြူးသူ တို့ကဲ့သို့ပင် ဆင်းရဲကြကုန်၏၊ နတ်တို့မှာကား အရက် အစွမ်းဖြင့် အသဲကျွမ်း၍ သေရသူကဲ့သို့ အပျော်အစွဲ ထောင်ကျွမ်း သေကြရ ကုန်သတတ်၊ ၎င်းတို့၏ စင်စစ် သိအပ်သော ဆင်းရဲကား စည်းစိမ် ယစ်မူးကုန်ကာ အကုသိုလ်အမှုသာ ဖြစ်ပွါးကုန်၍ ကုသိုလ် ဟူသရွေ့၌ အားလုံး လိုလို မေ့ပျောက်ပစ်ခြင်း ဖြစ်ပေ၏၊ ထိုသို့သော အကုသိုလ် တန်ခိုးများ ကင်းကြကုန်မှု ဗြဟ္မာတို့ကဲ့သို့ ကပ်၏ ၃ ပုံတပုံ နေနိုင်စွမ်းကုန်ရာ၏။

ဗြဟ္မာတို့ကား ဈာန် တန်ခိုးဖြင့် ပြီးစီးကုန်ရကား ထိုသို့သော ဆင်းရဲများ ကင်းရှားမရှိကုန်၊ ထိုသို့သော ဗြဟ္မာတို့ အကြောင်းကို သိမြင်ရန် အတန်း လေးမျိုး လေးစား ခွဲခြား သိအပ်၏၊ ပထမဆုံး အသညသတ်ခေါ် ဗြဟ္မာတို့ကား

စိတ် သညာ အမှတ်ကြောင့် ခံစားခြင်း ဝေဒနာ ဖြစ်ရသည်ဟု စိတ်အဖြစ် မြင်သဖြင့် ရူပ-စတုတ္ထဈာန်ရ ယောဂီပုဂ္ဂိုလ်က စိတ်သညာကင်း ကမ္မဋ္ဌာန်းကို ပွါးများ၍ ထိုအသညသတ် ဗြဟ္မာဘုံ၌ ကပ်ငါးရာလုံးလုံး ရုပ်ကိုယ်အတိ မလှုပ်မရှား ရွှေဆင်းတုကြီး အလား တည်နေရလေသည်၊ ထိုအခါကုန်လျှင် ဤကာမဘုံသို့ ပြန်၍ လာရောက် ဖြစ်ပွါးရ၏။

ဒုတိယ အတန်းအစား ပုထုဇ္ဇန် ရူပဗြဟ္မာမျိုးတို့ကား ပဌမ အစရှိသော ဈာန် တန်ခိုးကြောင့် ဖြစ်ကုန်၏ ၎င်းတို့သည် ဤလောကနှင့် ဘဝတဏှာ အစွဲ အသန်ဆုံးသော ဖြစ်ကုန်၏၊ အကြောင်းကား မိမိတို့ ဈာန်အစွမ်း တန်ခိုး ကြီးမားလှသဖြင့် မိမိကိုယ်ကို အထင်အမြင် ကြီးမားလှလေသတည်း၊ ၎င်းတို့တွင် အထက်တန်း အောက်တန်း ဟု ၂ မျိုး ရှိကုန်၏၊ မဟာဗြဟ္မာ အာဘဿရာ သုဘကိဏှာ ဤ ၃ ဘုံရှိ ဗြဟ္မာကြီးတို့ကား အစိုးရသည့် အထက်တန်းအစားတို့တည်း၊ အခြား ဘုံ ၂ ဘုံ စီ၌ ဖြစ်ရသော ဗြဟ္မာတို့ကား အောက်တန်းစားတို့ ဖြစ်ကုန်၍ ယင်း ဗြဟ္မာမင်းကြီးတို့၏ ကျေးကျွန် ဆိုင်းသားပြည်သူ့ကျွန်သာ ဖြစ်ကုန်၏။

အထက်တန်းစား ဗြဟ္မာ တို့က အုပ်ချုပ် နည်းကား ငါသည် ဗြဟ္မာတို့အဖ သတ္တဝါတို့အဖကြီးဖြစ်၏၊ သင်တို့နှင့်တကွ သတ္တဝါအားလုံးကို ငါဖန်ဆင်း၏၊ ငါကား မအို မသေ အမြဲတည်နေ၏ စသည် ဆိုလေသည်၊ ထိုသို့ ဆိုတိုင်းလည်း ဈာန် အဘိညာဉ် တန်ခိုး စသည် အရာရာ၌ သူကချည်း သာ လွန် လေ ရကား ထိုပြင် ထိုဗြဟ္မာတို့

မမြင်ရန် မိမိကိုယ်ကို ကွယ်ဖုံးနိုင်သော တန်ခိုးလည်း သူ့မှာ ရှိရကား အားလုံး လက်အောက်ခံ ပြိတ္တာတို့က ယုံကြည် ရိုကျိုး ကြရကုန်၏၊ အကြောင်းကား ထိုသည့် ပြိတ္တာကြီးဘို့၏ လုံ့လ ကောင်းနှင့် အားထုတ်ခဲ့သော ဈာန်တန်ခိုးမှာ ကြီးမား၍ ထိုသည့် လက်အောက်ခံ ပြိတ္တာတို့၏ လုံ့လ ညံ့ဖျင်းသော ဈာန်တန်ခိုးက သေးငယ်ကြသောကြောင့် တစုံတရာ ထိုထွင်း ကြံသိ ရပ်မိ ဖြတ်မိ မရှိနိုင် ဖြစ်ကြကုန်သတည်း။

တတိယတန်းစား တို့ကား ပုထုဇ္ဇန် အရှုပြိတ္တာ, သို့ မဟုတ် နာမ်ကိုယ် ပြိတ္တာတို့တည်း၊ ၎င်းတို့ကား ကောင်းကင်အာရုံ စသည်ဖြင့်သော နေ့ဘိုင်ကြ၍ တစုံတရာသော ရုပ်ကိုယ် မရှိရကား တစုံတယောက်မျှ ထိုပြိတ္တာတို့၏ တသန့်တွန် လုံး မကြား မသိ မန် မတွေ့နိုင် ဖြစ်ကုန်၏၊ ထို့ကြောင့် ၎င်းတို့မှာ သူတော်တရား ကြားနာခွင့် မရှိ ခြင်းသည် အကြီးဆုံးသော ဆင်းရဲကြီးတည်း။

စတုတ္ထတန်းစားကား ဒုရိယာ ပြိတ္တာတို့တည်း၊ ၎င်းတို့သည် အသည်းအတိမ်မှ တပ်သော ပြိတ္တာ ၁၆ ဘုံ တို့၌ ပင် ဖြစ်ကုန်၍, ထိုထို ဖြစ်ပေ ဘုံဘို့နှင့်၎င်း, အထက် အထက် ဘုံတို့တွင် ဖြစ်၍၎င်း ရေိနိမ့်တော် စံနိုင်ခွင့် ရှိကြကုန်၏၊

(ဤစကားစု အားလုံးဖြင့် ဘုံဘဝ လားရောက်ရေး ဒါန သီလ ဘာဝနာ အလုပ်မှာ ဗုဒ္ဓဘာသာဝင်တို့၏, လုပ်ငန်း အလျင်း မဟုတ် ကြောင်း ပေါ်ပြုပြီး ဖြစ်သတည်း။)

ဥက္ကံဋ္ဌာပုည- တေဇေန,
ကာမရူပ-ဂတိံ ဂတ္ဝါ
ဘဝဂ္ဂဿံပိ အမဋ္ဌာ,
ပုန ရာယန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန=ကာမရူပ အရူပ ကုသိုလ်တို့ တန်ခိုးကြ၊ ဥက္ကံဋ္ဌာ= မြင့်တင်းစွာပင်ကုန်သည့် သတ္တဝါ အထူးထူးတို့သည်၊ ကာမရူပဂတိံ=ကာမ ၇ ဘုံ ရူပ ၁၀ ဘုံတိုင် အောင် သော လားရောက်ရာ ဘုံဘဝသို့လည်း၊ ဂတွာ= ဆိုက်ရောက်ကြကုန်၍၊ ဘဝဂ္ဂဿံပိ = နေဝသညာ နာသ ညာ ယတနဘုံအထိ အ. ရူပဘုံသို့လည်း၊ သမ္ပတ္တာ=ရရောက် ကြကုန်၍၊ (သို့ဖြစ်စေကာ တမူသည်း) ပုန=တဖန်၊ ဒုဂ္ဂတိံ မကောင်းသူတို့ ဖြစ်ပွါးရာ အောက် အောက် အာမဘာဝ အပါယ်လေးပါး တိုင်အောင်သောဆိုးဝါးသည့် ဘုံဘဝသို့၊ အာယန္တိ=လားရောက်ကြရကုန်သည်း။

ယင်းသို့အားဖြင့် အရိယာမှ တပါးသော ကာမသုဂတိ ၇ ဘုံ ဖြဟ္မာဘုံတို့၌ ဖြစ်ကြသော ပုထုဇ္ဇန် ဂိုဏ်းသား မှန်သမျှ အောက် အောက် ဘုံသို့ လားရောက်ကြရမည် ကား မလွဲသည်း၊ ထို့မှ တဖန် အပါယ်သားရေး ဒုစ္စရိုက် မှုများကို ပြုမှားသဖြင့် အပါယ်လေးပါးသို့ လားရောက် ကြကုန်မည်လည်း မုချပင်ဖြစ်ကုန်၍၊ သို့ဖြစ်၍ ပြဆိုခဲ့သည့် ဘုံ ၃၁ ပါးတွင် ဘယ်ဘုံများမှာ ဘာဝပျော်စရာ ရှိလေ သနည်း? ဟု ကိုယ်ရိုင်ဉာဏဖြင့် တွေးတော သိမြင်နိုင်ကြ ကုန်စေသတည်း။

ဘုံပုဂ္ဂိုလ် နှင့် ချမ်းသာ ဆင်းရဲပြီး၏။

၁၃၀၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်။

# နိဂုံး ကမ္ဗတ်။

ဤမျှကား ပိုင်းခြား ကန့်လျက် သာ,
ကျမ်းဦးစီး အချီး စာပျိုး သာ၊
ကံတော့ပူဇော် ဂုဏ်တော်နှင့် သာ,
သီလပိုက် နုဗ္ဗရိုတ် ကမ်သာ။
၂။ ကုသိုလ် ဆယ်ပြာ ခန္ဓာ စသည်,
ပဋိစ္စတုံ ဘုံ ပုဂ္ဂိုလ် မည်၊
သတိပဋ္ဌာန် ပွါးရန် ညွှန်သည်,
သမ္မပ္ပဓာန် ပွါးရန် တည်။
၃။ ဣဒ္ဓိပါဒ် သတ်မှတ် ပွါးဖုံမည်,
ဣန္ဒြေကို ဗိုလ်နှင့် ပွါးနည်းမည်၊
ဗောဇ္ဈင်နှင့် မဂ် ပွါးကွက် ၂ မည်,
ဈာန်လုင်ထုံး ဘုံဆုံးနိဗ္ဗာန် မည်။
၄။ ဆဲ့ ခုနက် ကျမ်းဖြစ် စာသား တည်,
နိုးဂုံထဲ့ တဆဲ့ ၇စ်ခဏ်း သည်၊
ကပ္ပါသား ကောင်းစားရေး မှုတည်,
တရားမှန်တော်ကြီး ပြီးဆုံးသည်၊
၅။ အာဒိစ္စဝံသ ငါထေရ်တို့,
မြန့်တိုင်းသွား မျိုးကား မြန်မာတို့၊
နေ့နှယ်ဖွား သားကြီးတယောက်တို့,
မြန့်ထေရ်းထေရ် ကြကံသရဆောင်တုံး။
၆။ ရန်ကုန်မြို့ မြန်တို့ တိုင်းချက်တုံ,
အာဒိစ္စ ဝံသ ကျောင်းတိုက်တုံ၊
ဓိုရာယား ရှေ့ပျား ဦးဆောင်တုံ,
ကျမ်းစာချ နေ့ညမစဲးတုံ။

၇။ ဘာသာခြားငြိမ်း ကျွမ်းအဖုံဖုံ,
သံပို့ချ နေ့ည အမြဲတုံ၊
စဒ္ဒသင်တည့် တပည့် အဖုံဖုံ,
ကောင်းကျိုးဆောင် ကောင်းအောင် နေ့ ညတုံ။
၈။ ဘာသာမြောက်မြား တတ်အား ရုံစွာ,
အယူစားစား ဉာဏ်သွား ကြည်သာ၊
နေသခြင်းခြား လှည့်ငြား ရုံစွာ,
ကြားမြင်တင် မှတ်မှတ် ဆေးသား သာ။
၉။ သာသနာ့ရန် တွန်းလှန်တတ်စွာ,
ကျမ်းနည်းညွှန် ပွန့်ပွန် ဖြတ်ဖြတ်သာ၊
နိဿာဘက်ရောက်ငြိမ်း နည်းလမ်းညွှန်စွာ,
မဂ်ဖိုလ်ဆိုက် စည်းကိုက် မျဉ်းကိုက် သာ။
၁၀။ ဤသူကား တို့ဖျား ကိုယ်စားလှည့်,
ကပ္ပါသား များများ ကောင်းစိမ့်ရည်၊
ဤကျွမ်းပြု ငါ့နောက် ကိုယ်စားလှည့်,
တရားမှန် ကြည့်နေ့ ဖိုလ်ပုံရည်။
၁၁။ တရားမှန်များ စဉ်းစားခဲ့စွာ,
မှား အမှန် ဝေဖန် သိခဲ့စွာ၊
မှား အမှန် ဝေဖန် ပြောခဲ့စွာ,
အမှားလွန် အမှန် ကျင့်ခဲ့စွာ။
၁၂။ ယင်းသို့ ခြေမြစ် မှားမှန်စစ်ကာ,
နိုင်လူများ တရားကျင့်စရာ၊
တရားမှန်ကြီး ထောင်ပြီးတည်ကာ,
မှားမှန်ဖြစ် ဝိစစ် ကြည့်စရာ။

၁၃။ တရားမှန်ပီ ရှိနဲ့စေကာ၊
မှားမှန်ညှိ သိမှ တဘ်မှ သော၊
မှားမှန်ထောက်ညှိ သိပြန်စေကာ၊
အမှားလှန် အမှန်ကျင့်မှသာ။
၁၄။ ကိုယ်ကျိုးသူ့ကျိုး ကောင်းကျိုး ၂ ဖြာ၊
လောကကျိုး ဓမ္မ ကျိုး ၂ ဖြာ၊
မျက်မှောက်ညွှန် တမလွန် ၂ ဖြာ၊
ကျင့်သူအား ကျိုးများ အဖြာဖြာ။
၁၅။ သူ့အကျိုးထက် ကိုယ်ကျိုးမွန်စွာ၊
ကိုယ်ကောင်းကျိုး အားကြိုးကျင့်တော်စွာ၊
ကိုယ်ပွားပြီး သူ့ကျိုးဆောင်နိုင်စွာ၊
ကျိုးအားလုံး ပြီးဆုံးစေနိုင်စွာ။
၁၆။ အမှားကောင်သုန် အမှန်တည်ကာ၊
ကိုယ်သူ့ကျိုး ပွားပြီးစေလျက်သာ၊
လောကဓမ္မ ကျိုးရတည်ကာ၊
မျက်မှောက်မွန် တမလွန်ကျိုးသာ။
၁၇။ ကျိုးအားလုံး ပြီးဆုံးတိုင်စေကာ၊
မြန်မာ့အား စီးပွါးဆောင်လျက်သာ၊
ကမ္ဘာ့သား များကောင်းစေကာ၊
ကျိုးမြောက်မြား အားကြီးဆောင်ရွက်သော။
၁၈။ မဂ်ဆိုင် ဖိုလ်သင့် ကျင့်ဆောင်ကြကာ၊
အကျင့်လွယ် သိလွယ်နည်းနှင့်သာ၊
စိတ်လွတ်လပ် လွတ်လပ်ညာဏ်မြင်ကာ၊
ဖိုလ်အားလုံး ဘုံဆုံး တိုင်စေသာ။

ဤမျှဆိုပြီး စကားရကား ပိုင်းခြားကန့်သတ်၍ ပြဆိုခဲ့သော(၁) ကျမ်းဦးအခ အချီစကားပျိုး ရင်းနှောက် ကျမ်းသားအားဖြင့် (၂) ပထမခန်း- ကံတော့ ပူဇော်နည်း၊ (၂) ဒုတိယခန်း- ဂုဏ်တော်နှင့် သရဏဂုံ ပဌသိ၊ (၄) တတိယခန်း- ရှစ်-ကိုး- ဆယ်ပါး သီလနှင့် ဥပုသ်စောင့်သုံးနည်း၊ (၅) စတုတ္ထခန်း-ဒုစရိုက်-သုစရိုက် နှင့် ကမ်၊ (၆) ပဥ္စမခန်း- ပညာကြီးယာ-ဒါန-သီလ-ဘာဝနာ ဆိုင်ရာ၊ (၇) ဆဋ္ဌမခန်း ခန္ဓာ-အာယတန ဓါတ်သစ္စာ- ဝေဖန်ချက်၊ (၈) သတ္တမခန်း- ပဋိစ္စသမုပ္ပါဒ်ဝေဖန်ချက်၊ (၉) အဋ္ဌမခန်း-ဘုံ ပုဂ္ဂိုလ် စိတ်နှင့် ချမ်းသာဆင်းရဲ ဝေဖန်ချက် (၁၀) နဝမခန်း-သတိပဋ္ဌာန် ပွါးများရေး၊ (၁၁) ဒသမခန်း-သမ္မပ္ပဓာန်ပွါးများရေး၊ (၁၂) ဧကာဒသမခန်း ဣဒ္ဓိပါဒ်ပွါးများရေး၊ (၁၃) ဒွါဒသမခန်း- ဣန္ဒြေနှင့်ဗိုလ် ပွါးများရေး၊ (၁၄) တေရသမခန်း- ဗောဇ္ဈင် ပွါးများရေး (၁၅) စုဒ္ဒသမခန်း- မဂ္ဂင်ပွါးများရေး၊ (၁၆) ပန္နရသမခန်း-ဈာန်သမာပတ်နှင့် အဘိညာဉ်၊ (၁၊) သောဠသမခန်း- လောကသုံး နိဗ္ဗာန် (၁၈) နိဂုံးကမ္ပတ်-ဤသို့ အားဖြင့် ကျမ်းစချီး ကျမ်းစပျိုးအခန်း ၁, ကျမ်းသား ၁၆ ခန်း ပေါင်း ၁၇, နိဂုံးကမ္ပတ်နှင့်တကွ- ၁၈ ခန်းတို့ကို ပိုင်းခြား သတ်မှတ်၍ ကပ္ပါသူ ကပ္ပါသား အားလုံးတို့ ကောင်းစားစေလိုရေးကို မှဘည့် ထားလျက် ရေးသားခဲ့ သော ဤအရာမှန်တော်ကြီးမည်သော ကျမ်းသည် အပြီး အဆုံးတိုင်ရောက်ခဲ့လေသည်။

၍သည့်ကျမ်းကို မည်သူရေးသနည်း? ကျမ်းရေးသူ မည်သူနည်း? မည်သို့သော သူနည်း? ရာဇာဓိရာဇာဂုရု ဘွဲ့မည်ခံလော? သို့မဟုတ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့မည် ရလော? သို့မဟုတ် အသင်းဓမ္မာစရိယဘွဲ့မည်ရလော? သို့မဟုတ် ပထမကျော် ဘွဲ့မည်ရလော? မည်သို့ဂုဏ်ထိက်ရှိသူနည်း? မေးရန်ရှိ၍ ငါးနှင်းပါတ်အဖွဲ့စသည်ကိုဆိုအံ့။

အာဒိစ္စဝံသ မည်သော ငါသည် အဝါသ်လေးဆယ်ရှိ မထေရ်တည်းအမျိုးအားဖြင့်မြန်မာပြည်တွင်မြန်မာမျိုးတည်း ဇာတ်အားဖြင့် နေမျိုးနွယ်ဖြစ်သော ဘုရားရှင်၏ သားတော်ကြီး ဝ.ဦးထယောက်တည်း၊ ၎င်းသည် မြန်မာပြည်က ရှေးရှေးကျမ်းတတ်ဂန်ထတ်မထေရ်ကြီးများ ယခုလက်ထက် ကျမ်းတတ်-ဂန်ထတ် မထေရ်ကြီးများ 'နောင်ဖြစ်သတ္တဲ့ ကျမ်းတတ်ဂန်တတ် မထေရ်များ၏ ကြွက်သရေဆောင် တဦးတည်း၊(၎င်းစကားများတွင် 'အာဒိစ္စဝံသ ငါထေရ်သုံ' ဆိုသည့်ကား ငါသည် အဂ္ဂမဟာပဏ္ဍိတ, ရာဇာဓိရာဇဂုရု, ဓမ္မာစရိယ,ပထမကျော်ဟသည် ဘွဲ့တံဆိပ်ဂုဏ် တစုံတရာမျှ မရှိ,စင်စစ်ကား သရောကမူလပကတိ မှည့်ထားရင်း အရှင် အာဒိစ္စဝံသထေရ် အမည်ရှိသူပင် ဖြစ်သည်ဟုဆိုသတည်း၊

အရှင်အာဒိစ္စဝံသကို မော်လမြိုင်သား အောက်တလိုင်းဟု ဆိုကြ၏၊ အချို့က အညာ ယင်းတော်ကလား ဟုလည်း ဆိုကြ၏၊ အချို့က ပင်ကလားအစစ် အပျိုကြီး မအမာက ထောက်ပံ့၍ အင်္ဂလန်မှာ သယ်နှစ်တောင် နေခဲ့သည် ဆိုကြ၏၊ ၎င်းအတိုင်း ဟုတ်ပါသလော? ဘယ်အမျိုးပါနည်းဟု မေးရန်ရှိ၍ 'မြန်တိုင်းဖွားမျိုးကားမြန်မာတုံ'ဟု ဆိုလေသည်။

'မြန့်ထေရ်ထေရ် ကြက်သရေဆောင်တုံ့' ဆိုသည်နှင့် အဘယ်သို့ကြက်သရေဆောင်ဖြစ်နိုင်သနည်း? ဘွဲ့တံဆိပ်ထရုံ တရားမရပဲ ကြက်ရေဆောင်မည်သို့ဖြစ်နိုင်ပါသနည်း? အလဲး တော်တော်ထိတဲ့အမေးပဲ။ ဖြေဆိုရအံ့၊ အရှင်အာဒိစ္စဝံသသည် ဘွဲ့တံဆိပ်မရမှန်၏ သို့ဖြစ်စေကာ လျှောက်လွှာတင်မှုရသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဖြစ်၍ အလိုမရှိဖြစ်ခဲ့ပါသည်။ လိုပေ တဲ့ ရအုံးခကိုး ဟု လောထပြန်၏၊ အရှင်အာဒိစ္စဝံသ ၁၄ ဝါသ်ရအခါ ပိလိန္ဒပြည္ဍာပ်နိုင်တော်ကို နိုလျှေရသားခြင်း အားဖြင့် ထိုစဉ်အခါ ထင်ရှားခဲ့၊ အဓိုရဂ္ဂမဟာပဏ္ဍိတ ထောက်ပံ့တည်ရာ ဌာန အခုလည်းဖြစ်ခဲ့ ဂ ပါဠိဆရာ ဖြေကြီးက, အရှင်ဘုရား, အရှင်ဘုရား၏ ပိလိန္ဒပြည္ဍာပ်နိုင် ဘော် နိုသျုဂုဏ်ဖြင့် တပည့်တော်က လေးမြတ်ပါသည်၊ ထို့ကြောင့် အရှင်ဘုရားနှင့် ထိုက်တန်သော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ် အတွက် တင်သွင်းရမှာ ဟု အခွင့်ဆို လှာလျှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်က ကျုပ်ကဲ့ လုံ့လကို ဖျက်ဆီးလိမ့်မည်, လုံ့လပျက်လျှင် ပညာပျက်၏၊ ပညာပျက်လျှင် လူပျက်၏၊ လူမပျက်ရန်- ပညာကိုစောင့် ရှောက်ရန် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ပယ်လှန်သင့် ကြောင်းပြန်ကြားရာ, ဖျားစွာအားရနှစ်သက်ပြီ၊ ဤကား အရှင်အာဒိစ္စဝံသ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်မရကြောင်း ပထမဆုံး မှတ်မှု အကြောင်းတည်း၊

ဒုတိယ အကြောင်းကား ၁၂၉၄ ခုနှစ် မြန်မာပြည်နှင့် ဆရာစံ သူပုန်ဂလုံထစဉ်အခါ ငြိမ်းချမ်းရေး ဆောင်ရွက်

ခဲ့သောရကဏ်ထူးကြောင့်၎င်း, အရှင်အာဒိစ္စဝံသ ရေးသားသည့် အသောက ကျောက်စာတော် မြန်မာပြန် ကျမ်းအတွက် ဝေလသ် အိမ်ရှေ့ မင်းသား၏ စာရေးကောင်း ဆုတော်ငွေ တထောင်ကိုအဒုံး၍ အရေး ခံသော ယူနီဗာ့ရ်ဆေတ္တိဆိနေတ် အသွဲ့ဘ လှူဒါန်းခဲ့သောကြောင့်၎င်း, နောက်အခါ အဆုံးရသ ၁၉၁၉ ဝတ်သာပြုပြင်သည့် အတိုင်း အရှင် အာဒိစ္စဝံသ အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထံဆိပ် ပြီးမြောက်ချန် ဒုတိယပုသိပ် မင်းကြီး ဦးဘရီနှင့် အရေးပိုင် ဦးဘကြား တို့ ပို့ ရုံစမ်း ခိုင်း လေသည်၊ ထိုဘကာ ၂ ဦးကား အရှင်အာဒိစ္စဝံသ၏ ညီ အစ်ကို အချင်းချင်းကဲ့သို့ လေးစားသော ပစ္စယဒါယကာတို့ ဖြစ်ကုန်၏၊ အသယ်တာရသပြုတော်ကြီးကလည်း ၎င်းတို့ ရုံစမ်းချက်အရ အာဟုတ်အဟ ထိုက်တန်ကြောင်းထောက်ခံ သောဟူ၏၊ သို့ရာတွင် အသယ်တာရ ပြုတော်ထံမှ ကြားရသဖြင့် ကြားရသော အရှင်အာဒိစ္စဝံသက အဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်ကို မယူလိုပါ † ဟု အရေးပိုင် ဦးဘကြားထံ အကြောင်း ကြားလိုက်လေပြီ၊၍ ဘွားအရှင်အာဒိစ္စဝံသ-အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်ခံရကြောင်းဒုတိယမှ ကိန့်ယ်ဘည်း။

(ထိုသို့သော အကြောင်းများကြောင့် အဂ္ဂမဟာပဏ္ဍိတ မရ၍ မြန်မာ့ထေရ်ဘေရ်တို့ ကြိုက်သာရေကို မဆောင်နိုင်ဟု မမှတ်သင့်ကြောင်း ဆိုလို၏။)

---

† အဘယ့်ကြောင့် မယူလိုသနည်း ? ကျေးဇူးရှင်ချေဆပ်လို၍ ပေးသော ဘွဲ့တံဆိပ် ဖြစ်ခြင်း, အစိုးရဖက်သားဖြစ်သွားခြင်း, သဒ္ဓမ္မကဲ့ ပညာရှိအဖြစ်မှ ပညာရှိမဲ့ မိဿက ဖြစ်သွားခြင်း—ဤ ဂါ ၃ ပါးသို့ ရောက်သဖြင့် ယူရန်မလုံလောက်၍ မယူလို ဟုမှတ်။

ယင်းသည့် အရှင်အာဒိစ္စဝံသသည်ကား မြန်မာတိုင်းပြည်၏ အချက်အခြာ ဖြစ်သော ရန်ကုန်မြို့တော် အရှင်အာဒိစ္စဝံသ ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်၍ ရှင်းကျောင်းတိုက်၏ပထမတည်ထောင်သူ ဦးဆောင် သံဃာပရိဏာယကဖြစ်၍ နိကာယ်ငါးဝ ပိဋကတော်ကို နှေညာမစဲး ချပို့သော ဂဏာဝါစက တဦးဖြစ်လေသည်၊ ရှင်းသည် မိမိ၏ ပိဋကတော်မှတပါး ဟိန္ဒီ အင်္ဂလိပ် သက္ကတ ပြာကရိတ်စသော ဘာသာခြား ကျမ်းများကိုလည်း နှေညာမစဲး အမြဲးပင်ပို့ချလေသည်၊ ထို့ပြင် ရှင်းသည် ယင်းသို့အားဖြင့် စာသင်တပည့်အပေါင်းတို့၏ ကောင်းမွန်အောင် ထောင်းကျိုးဆောင်ရွက်သူ တဦးဖြစ်လေသည်၊

အရှင်အာဒိစ္စဝံသသည် မိမိ မြန်မာဘာသာ ပါဠိ ပိဋကဘာသာများမှတပါး ဟိန္ဒီ၊ အင်္ဂလိပ်၊ ဦရဒူ၊ မဟာရဋ္ဌီ ဗင်္ဂါလီ၊ သက္ကတ၊ ပြာကရိတ်၊ စသော ဘာသာခြားများစွာကို တတ်ကြွမ်းလေသည်၊ ထို့ပြင်ဟိန္ဒူ အယူ၊ သိမ်မဟုတ်ပြာဟ္မဏ အယူ၊ ဇေနိယ (ဂျိုင်း) အယူ၊ ဂျူးအယူ၊ သိမ်မဟုတ် ဟိဗရူး အယူ၊ ခရစ်ယာန်အယူ၊ မြောက်ပိုင်း ဗုဒ္ဓဘာသာအယူ၊ မဟာမေဒ္ဒင်အယူဝါဒများ၌လည်း ကောင်းစွာကျွမ်းကျင်လေသည်၊ ထိုထိုရှင်ဒိယ ဒေသတို့၌ ဥရောပဒေသတို့၌ ရောက်ပေါက်နေထိုင်ခဲ့ဖူး၍ ဒေသစကားတွင်လည်း ကျွမ်းကျင်လေသည်၊ ထိုထိုဒေသ၌ရှိ ဗဟုသုတများကို မှတ်မှတ် သားသား ပြုတတ်သူတဦး ဖြစ်လေသည်၊

အရှင်အာဒိစ္စဝံသ ထေရ်သည် ဗုဒ္ဓသာသနာတော်၏ ဘေးရန်ကိုလည်း တွန်းလှန်ဖြိုဖျက်သူ တဦး ဖြစ်လေသည်၊

ရှင်းသည် ပိဋကကျမ်းဂန်ချုပ်ရေးနည်းကိုလည်း ကောင်း မွန်ဖြွန်ဖြတ်စွာ ညွှန်ကြားသူ တဦးဖြစ်လေသည်၊ မှန်လှ၏, ရှင်းသည် နံကာယ် ငါးရပ်လုံး ပါဠိတော်များကို ၆ လမျှ ကာလအတွင်း ပြီးဆုံးအောင် စာချဂထာဝါစက တယောက် လည်း ဖြစ်မြောက်အောင် ပို့ချခဲ့လေသည်၊ထို့ပြင်နိဗ္ဗာန် ရရောက်ရေးလမ်းစခန်း မဂ်ဆိုက် ဖိုလ်ရောက်ခန်းကိုလည်း စည်းကမ်းတကျ ညွှန်ပြနိုင်လေသည်၊ ယင်းသို့လျှင် ဆိုခဲ့ပြီး ရတနာ့ဂါထ္တဖြင့် စုံလင်ပွဲတည်ရှိသော အရှင်အာဒိစ္စဝံသ မထေရ်သည် ဘုရားမြတ်ကြီး၏ ကိုယ်စားလည် အဖြစ်ဖြင့် ကမ္ဘာ့သား အများကောင်းစားကြစေရန် ရည်သန်၍ ဤ သည့် တရားမှန်တော်ကြီးမည်သော ကျမ်းကို ဗိုလ်လူ အစ များတို့၏ မိမိတို့ကိုယ်ကျင့်တရားကို တိုက်ဆိုင်ကြည့်ရှုကြ စေရန်အလို့ငှါ မိမိကိုယ်စားလှယ်ပြုထုပ်၍ တရားမှန်ကို ဟောကြားစေရန်ရေး ညွှန်ထားလေသတည်း၊ မှန်လှ၏, ဤ လောက၌ တရားတော်နှင့် မိမိတိုယ်ကျင့်ကိုက်-မကိုက် မှန်-မမှန်- အမှား- အမှန် ပြန်လှန်စစ်ဆေးရန် သတိရသူပင် ရှား ပါးလှ၏။

အကယ်၍ အမှားအမှန်ကိုပင် ပေဖန် စိစစ်စေဦး ဤကားအမှား ဤကားအမှန်ဟု ခွဲခြားသိမြင် နိုင်သူကား ဝင်စစ်ရှားပါးလှသေသည်၊ အကယ်၍ အမှားနှင့် အမှန်ကို ဉာဏ်မြင်ဒိဋ္ဌသိနိုင်သောကာမူလည်း အမှားကိုအမှား, အမှန် ကို အမှန်ဟု ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်သူ, ပြောဆိုမည့် သူ, ပြောဆိုစံ့သူကား လွန်စွာခဲယဉ်းလှ၏၊ ယင်းသို့ပင် များလျှင် များတိုင်း မှန်လျှင် မှန်တိုင်း ဆစ်ပိုင်း လှန်ထော

ပြောနိုင်စေ, ပြောဝံ့စေကာမူလည်း အမှားကို ပယ်ဖျက်၍ ပစ်၍ အမှန်အတိုင်း ကျင့်နိုင်သူကား ရှားစွာ ဖြစ်ပေါ်ခဲ့လေသည်၊ မှန်ကန်ဖော်၏ မိမိတို့၏ သာသာရေး လုပ်ရိုး လုပ်စဉ် အလေ့အကျင့်များ၌ မှန်သလား? မှားသလား? ဟု ပြန်လှန် စိစစ် စဉ်းစား သူကား ယနေ့ ထောင်လျှင် တယောက်ပေါ်ပေါက်ခဲ့၏၊ ထိုသို့သောသူ ပေါ်ပေါက်နိုင်စေဦး ဤကားအမှား, ဤကားအမှန်ဟု ဟုတ်တိုင်း သိနိုင်မြင်နိုင်သူကား သိန်းကုဋေတွင် တယောက် ပေါ်ပေါက်ခဲ့၏၊ ထိုသို့သောသူ ပေါ်ပေါက်နိုင်စေကာမူလည်း အမှားကို အမှား အမှန်ကို အမှန်ဟု ခွဲခြားသိမြင်သူကား ရှား၍ သည်သိန်းတွင် တယောက်မျှလောက် ပေါ်ပေါက်ပေရာ၏၊ ထိုသို့သူ ပေါ်ပေါက်နိုင်စေကာမူလည်း အမှားကို ပယ်ဖျက်၍ အမှန်အတိုင်း ကျင့်နိုင်သူကား ကုဋေသိန်းတွင် တယောက်ကလေး † ထွန်းပေါက်လေ၏။

ယင်းသို့လျှင် တရားဆိုင်ရာ၌ အမှား အမှန် ဝေဖန်ရန် ခဲယဉ်းလှပြောင်း ကို ကျမ်းဆရာကိုယ်တိုင် မြင်မြင်ဖြစ် မှားမှန်စိစစ်၍ ဗိုလ်သူအပေါင်း သူတော်ကောင်းမျိုးမှန်တို့ ဤသည်ကား အမှားဟု, ဤကား အမှန် ဟု မှားမှန်စိစစ်ကြည့်ရှုကြစေလိုသောငှါ၎င်း, အမှားပယ်ဖျက်၍ အမှန် အတိုင်း ကျင့်ဆောင်ကြစေရန် ငှါ၎င်း ဤသည့် တရားမှန်တော်ကြီးကို ရေးသား စီရင်ထုတ်ဝေပါ သတည်း။ အကြောင်းကား ယင်းသို့တရားမှားမှန် စင်ဆေး၍ အမှန် အတိုင်း ညွှန်ပြထားသည့်ရှိနေစေကာ အမှား-အမှန်ကို သိတတ်

† ဤသို့သောသူသာ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ကောင်း လေသည်။

မှသာ, အကယ်၍ အမှားကိုအမှားဟု အမှန်ကို အမှန်ဟု ချိန်ဆထောက်ညှိသိနိုင်ပြန်စေကာ အမှားကို ပယ်လှန်၍ အမှန်အတိုင်း ကျင့်ဆောင်လိုက်နာမှသာ ကိုယ်ကျိုး သူ့ကျိုး ကောင်းကျိုး ၂ ပြားကိုင်း, လောကကျိုး ဓမ္မကျိုး ၂ မျိုးကိုင်း, မျက်မှောက်ကျိုး တမလွန်ကျိုး ၂ တန်ကိုင်း, ယင်းသို့သော ကောင်းကျိုးများကို ရနိုင်ပေရာသတည်း၊ ၎င်းများတွင်လည်း သူတပါးအကျိုးထက် ကိုယ်ကျိုးသည်သာ စင်စစ်မွန်မြတ်၏၊ သို့ကြောင့် ပဌမဆုံး ကိုယ်ကျိုးကို ပြီးစေ, ကိုယ်ကျိုးပွားများက သူတပါး၏ ကောင်းကျိုးသည် အားလုံး ကောင်းကျိုးကို ပြီးစီးစေနိုင်၏၊

ယင်းသို့သောအားဖြင့် ညွှန်ပြခဲ့တိုင်း အမှားကို စွန့်လှန် အမှန်ကို ကျင့်ဆောင်ကြ၍ ကိုယ်ကျိုးသူ့ကျိုး ၂ ပါးကို ပွားများ သန့်ရှင်းစေလျက် လောကကျိုး ဓမ္မကျိုး ၂ မျိုးစုံ၍ တည်ကာ, မျက်မှောက် တမလွန်ကျိုး ၂ တန်ကိုပြီးစီးစေလျက်သာ, ယင်းသို့သော အကျိုးများကို တိုးပွားစွာ ရရှိစေပြီးမှ † မြန်မာလူမျိုးတို့အား အကျိုးကို ပဌမဆုံး ဆောင်ရွက်ကြပါစေကုန်, ၎င်းနောက် မြန်မာတို့ ကောင်းကျိုးကို ပြီးပြည့်စုံ၍ ကမ္ဘာသူ ကမ္ဘာသားတို့ ကောင်းကျိုးကို ပြီးစီးစေပါကုန်၊ ယင်းသို့လျှင် ကမ္ဘာ၌ ကောင်းကျိုးကြောက်များစွာကို သည် ပိုးဆောင်ရွက်ကုန်လျက်သာ မင်္ဂလာနှင့်ပြည့်စုံ၍ အတန်သင့်သော အကျင့်ကို ကျင့်ဆောင်လိုက်နာကြကာ, အကျင့်ပျော်ကို အသိလွယ်ကူစေသော နည်းမျိုးဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိပေါက်ရောက်ကုန်လျက် မိတ်၏လွတ်လပ်ခြင်း အသိ

---

† မည်သူမဆို မိမိကိုယ်ကျိုး ပဌမ, ကိုယ့်အမျိုး၏ အကျိုးကို ဒုတိယ, ကမ္ဘာတခုလုံး အကျိုးကို တတိယ ဆောင်ရွက်ရန် ဆိုလို၏။

ဉာဏ်၏ လွတ်လပ်ခြင်း ၂ မျိုးရှိ အရဟတ္တဖိုလ် ဉာဏ်ကို ရရှိကုန်၍ ဤယောကကြီး ဤလူ့နတ်ဘဝကြီး ကုန်ဆုံးရာ နိဗ္ဗာန်ချမ်းသာကိုရောက်မျက်မှောက်ပြုနိုင်ကြစေသောဝ်။

ဤနေရာ၌ ကျွန်ုပ်သည် ဤသည့် တရားမှန်တော်ကြီး စာကို ညွှန်ပြထားသကဲ့သို့ ကျွန်ုပ်လိုလားသော ရည်သန်ချက် ဆုတောင်းကိုလည်း ပြုလုပ်ပါသည်။

## ကျမ်းဆရာ့ဆုတောင်း။

ယင်းသို့အားဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အပြီး အပွါးကို ဖြစ်စေနိုင်စွမ်းသော ဤသည့် တရားမှန်တော်ကြီးကျမ်းကို ရေးသားရသည့် ကုသိုလ်ကောင်းမှုကြောင့် ကျွန်ုပ်သည် ဘဝတကျော ကုန်ခန်းရကြောင်း ကောင်းမွန်ဖြင့်ဖြတ်သော အများဗိုလ်လူတို့ ကောင်းစားရေး ကောင်းကျိုးရကောင်းမှုကိုသာ ပြုလုပ်ရလို၏၊ ဘဝတကျော အကောင်းအပြတ်ဖြစ်အောင် မပြုလုပ်နိုင်သေး၍ လောကဘုံဘဝ၌ ဖြစ်ပွါးနေရသော် ဘဝတိုင်းဘဝတိုင်း ကမ်ကမ်၏ အကျိုးကို ယုံကြည်သည့် ကမ္မပါဒိတို့ထက် မွန်မြတ်၍ တုံ့ဘဝဆုံးရာ နိဗ္ဗာန် ရောက်ရေးကို ဖြည့်ကျင့်သည့် ဗုဒ္ဓဘာသာတရားတော်ကိုသာ ယုံကြည် သက်ဝင်ရလို၏, သို့မဟုတ်, ဗုဒ္ဓဘာသာ တရားတော်ညွှန်ပြတိုင်း ဘုံဘဝ ကုန်ဆုံးရာ ဒုက္ခငြိမ်းစဲရာ နိဗ္ဗာန်ရောက်ရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရလို၏၊ ပြုပြုသမျှ ဒါနမှ သီလမှ ဘာဝနာမှ

များကို သံသရာတွင် ကျင်လည် ဖြစ်ပွါး ရကြောင်း ဆုတောင်းရည်ပူး၍, သို့မဟုတ် လူ နတ် ဗြဟ္မာတို့စည်းစိမ် ကို ချမ်းသာကို တောင့်တရိုးကိုး၍, သို့မဟုတ် သေဗြွေး သူကြွယ် လူမင်း နတ်မင်း ဗြဟ္မာတို့ စည်းစိမ်ချမ်းသာကို ရည်ရူးမြော်မှန်း တမ်းတာ ရှိုးကိုး၍ မပြုလုပ်ရလို၊ အများတို့ ကောင်းစားရေး စီးပွါးရေး ကြီးပွါးရေးအတွက်သာလျှင် ကိုသာ ပြုလုပ်ရလို၏။

ကျွန်ုပ်သည် ဘုံဘဝ၌ဘယ်မကျရခြင်းမြင့်မောက်ရခြင်းမြဲစွဲ သောကိုယ်ဒိဋ္ဌိ သက္ကာယနှင့်ဟု စွဲဆိုရခြင်းသက္ကာယဒိဋ္ဌိ, ဘဝ ရေနံ့သုံးရေး မဂ်ဖိုလ်၌ယုံမှားရခြင်း ဝိစိကိစ္ဆာ, ကိုယ်ကျင့် သီလနှင့် ဝတ်နိဗ္ဗာန်၌ ရောက်ခြင်း မြဲးစွဲသည်ဟုညာဏ်မြင် ခြင်း မြင့်မောက် ဟက်ကြွခြင်း– အားဖြင့် အမှားစွဲယူခြင်း သီလဗ္ဗတပရာမာသ တေးတို့မှ ကင်းဝေးရလျက် အမျိုးမျိုး သော မိစ္ဆာအယူမျိုးတို့မှလည်း ကင်းလွတ်ရလို၏။

ယခု ပစ္စုဗ္ဗာဘဝတွင် ပ်ဋကတော်ဝါဒ၌ လေိမ်မာသေးဖို့, နတ်ကို ကိုးစား ထင်မှတ်ယုံကြည်ခဲ့မိခြင်း, ဝေဒကျမ်းအရ ဗေဒင်ဝါဒကိုယူစွဲ၍ ရင်းကညွှန်ပြချက်ကောင်းကျိုးဆိုးဖြစ် ကို ယုံကြည်ခဲ့မိခြင်း, ထိုနှင့်အလားတူ နတ်-လပ် စက်နေ, မိတ်-ရန်·ခါတ်ဖက်-မြေခံ–နဂါးလှဲ့-ပြဿနါး- ရက်ရာဇာ စသည် ညွှန်ပြချက်ကောင်းဆိုးကို ယုံကြည်ခဲ့မိခြင်း, ကောင်း ကင် နက္ခတ် ကြပ် နေကြင် ဂြိုဟ်အိုး ဒသာ အခါကောင်း ဆိုးကို ယုံကြည်ခဲ့မိခြင်း, သိုက်ဘဘောင် စံနည်း ဘဝေါ ရွှေပေလွှာ မဂ်သာ အမင်္ဂလာ တိဘ် နိမိတ် အိပ်မက် ကောင်းဆိုးကို ယုံကြည်ခဲ့မိခြင်း, အင်း အိုင် လက်ဖွဲ့ မန္တန်

မနြွား ခါ၊ပြီး တုတ်ပြီး ကာသသိမ္ဗ နေသိမ္ဗ ဇူတ္တိသျှူ နေသျှူးတို့ကို ယုံကြည်ခဲ့မိခြင်း, ဌာဟ်မြင်ဌက်နှား ပျားစွဲ တောင်ဝိုးပေါက် ကောင်းဆိုးကို ယုံကြည်ခဲ့မိခြင်း ဤသို့သော မိစ္ဆာအယူမျိုးတို့သို့ မှားယွင်းသက်ရောက်ခဲ့ရသကဲ့သို့, ဤနည်းအတူ မှားယွင်းဖျင်းသည် ယုတ်ညံ့သော မိစ္ဆာအယူမျိုးကို အဘယ်အခါမျှ မသက်ရောက်မယုံကြည်ရလို။

ထိုသို့သော မိစ္ဆာအယူရှိ လူဖျင်း လူညံ့တို့နှင့် အခွင့်အာခါ အလိုက် ကြုံမကြုံက်ဆက်ဆံရစေကာ ၎င်းတို့၏ ထိုသို့ညံ့ဖျင်းသေးသိမ်သော အယူအစွဲများတို့ကို မယုံကြည် မသက်ဝင်ရလို၊ ထိုသို့သော အယူညံ့ အယူပျက်တို့ကို အာရင်း အမြစ်နှင့်တကွ နှုတ်ပယ်ချိုးဖဲ့ နိုင်ရ လို၏၊ ထို့ပြင် လူ့ဘဝ လူ့အဖြစ်ကို သုဉ်ဖျင်းနိမ့်ကျစေတတ်သော မဖြစ်နိုင် မစွမ်းနိုင် မတတ်နိုင် မလုပ်နိုင် မကိုင်နိုင်စသောစကားမျိုး, ကြောက်အသည် ရှုံသည် ထိတ်သည် ထန့်သည်စသော စကားမျိုး, ပျင်းသည် ရိသည် ငြီးငွေ့သည်, မပျော်ပိုက်စသော စကားမျိုး ဤသို့သော စကား ၃ ခွန်းကို ပါးစပ်တွင်းသို့ တခါတခါမျှ မထည့်သွင်းရလို၊ အလွန်ချို့တဲ့ဆင်းရဲမွဲးတေရစေကာ သူတပါးအောက်သို့ တရားပျက်ကွက်၍ မနှိပ်ချရလို, စကြာစည်းစိမ်အတွက်ပင်လည်း မတရားသဖြင့် သူ့အောက်သို့ မနှိပ်ချရလို၊ထိုမှတပါးလူမိုက်စည်းဝဲ သူတို့ အလိုသို့ မလိုက်ရလို, မိန်းမတို့အလိုသို့လည်း မလိုက်ရလို၊ မိမိကိုယ်ကို ယုတ်ညံ့စေတတ်သော အပျင်း အဖျင်း အကြောက် အမှား-၌တရားလေးမျိုးကို အမြစ်စင်စင် ဖြုတ်ပယ်ရလို၏။

ကျွန်ုပ်သည် များစွာသော လူယုတ် လူညံ့တို့၌ ဖြစ်ပွါးတတ်သော သူ့စည်းစိမ်၌ ငြူစူရခြင်း၊ မိမိစည်းစိမ်၌ ဝန်တိုရခြင်း၊ မာနကြီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ကျေးဇူး ဂုဏ်ကို ချေဖျက်ခြင်း၊ သူနှင့်ပြိုင်ယှဉ်တတ်ခြင်း၊ စဉ်းလဲကောက်ကျစ်ခြင်း၊ လှည့်စားခြင်း၊ မာန်တက်မြင့်မောက်ခြင်း၊ တောင့်ခိုင်ခြင်း၊ ချုပ်ချယ်ခြင်း၊ မိမိကိုယ်ကို မြှင့်မြှောက်ခြင်း၊ သူတပါးကို ရှုတ်ချခြင်း၊ အယူအစွဲကို စွန့်လွှတ်နိုင်ခဲခြင်း စသော အတွင်းစိတ်ယုတ်မာတို့ကိုရုံခါမှုမထားသိရလို့၊ မိမိအကျိုးစီးပွါးကို ကျင့်ဆောင်သူ အပေါ်၌ကဲ့သို့ မိမိအကျိုးစီးပွါးမဲ့ကို ပြုလုပ်သူတို့အပေါ်၌ အစီးအပွါးကို ဆောင်ရွက်ရလို၏၊ မိမိပြုလုပ်သင့်သော ဝတ်တရားကို အပြည့်အစုံပြုလုပ်လို၏၊ မိမိပြုသင့်မှု၌ ပြုလုပ်ရာတွင် အဖျက်အဆီးမျိုးအသိန်းအသန်းတွေ့ရစေကာ၊ မတွန့်မဆုတ်ရဲဝံ့စွာ ပြုလုပ်လို၏၊ ရိုသေနှိမ်ချထိုက်သူတို့အား အမြဲ ရိုသေ နှိမ့်ချလို၏၊ ကျေးဇူးရှိပြီးသူကို မမေ့မှားရလို၊ မိတ်ဆွေခင်ပွန်းကို မဖြစ်မှားရလို၊ အောက်ယုတ် နိမ့်ကျသူတို့ကို အနှိပ်စက်ခြင်းမှ အမြဲ ကင်းလွတ်ရလို၏၊

ယင်းသို့လျှင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်လောက်မှစ၍ ဤသည့် တရားမှန်တော်ကြီးကို ထပေထပ အားလပ်ခွင့်ရတိုင်း အမှတ်ရတိုင်း တခန်းစီထခန်းစီ ရေးသားခဲ့ရာ ယခု ၁၃၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့တွင် ပြီးဆုံးတိုင်ရောက်၍ ဤသည့်နိဂုံးကမ္ဗတ်ကျမ်း နားသတ်ကို ငှင်းလဆန်း ၁၀ ရက်နေ့ ရေးသား ပြီးဆုံး စေခဲ့လေသည်၊ ယင်းသို့အားဖြင့်တရားမှန်တော်ကြီးမည်သော ဤကျမ်းကား

ဓမ္မိသူတပါး အယူ ၂ပါးနှင့်, ဒေသ ၂ပါးနှင့် ဘာသာအများနှင့်, ဝါဒအများနှင့် ကျွမ်းကျင်လိမ္မာ၍ ကာဗျာ့ပါရဂူမြောက် ဗျာကရိုဏ်းတဖက်ကမ်းရောက် တတ်မြောက်လျက် မြားမြောက်သောပညာသင်တပည့်အပေါင်းတို့၏နှစ်တောင်းလေးမြတ်စွာ မှီခိုကိုးစားရာဖြစ်သဖြင့် စင်စစ် သန့်ရှင်းသော မြန်မာ့ကြက်သရေဆောင် ဗုဒ္ဓသာသနာ့ကြက်သရေဆောင်သခင်, မထေရ်ရှင်တို့၏ အနွယ်ကို ထွန်းပြ သင့်မျှ လျောက်ပတ်သည်ကို သင့်၏ဟု လွတ်လွတ် ဆိုထိုက်သော ဂုဏ်ထူးဖြင့် ချီးကျူးအပ်၍ 'အာဒိစ္စဝံသ'ဟု ဆရာတို့မှည့်ခေါ်အပ်သော ငယ်မည်ရှိ, ကြီး၍ ယခုအဝါသ် ၄၀ အထိလည်း ထိုအမည်မှတပါး အခြားသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် စသည်ဖြင့် ပြောင်းလဲချောက်ခြားမဲ့သော မထေရ်၏ ရေးသားချက်ဖြင့် ၁၃၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ဆယ်ရက်နေ့ အပြီးအဆုံး နိဂုံးတိုင်လောက် ဆိုက်ရောက် သတည်း။

ထောင်နေ့ဝန်း လေးကျွန်းလှည့်ပြား သွားခဲ့ထင်စွာ
လောကသား အများကောင်းကျိုး သည်ပိုးထင်စွာ'
ဤလောက်မျှ ကပ္ပါကောင်းကျိုး တိုးလျက်ထင်စွာ,
ဤတရား ပြတ်သားမှုတ်မှန် ညွန်စေထင်စွာ။

သာသနာ-၂၄၈၅–၁၃၀၃-မြန်မာ။